ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ကဆုန်လဆန်း (၅) ရက် ၊ အင်္ဂါနေ့ ၊ (25-4-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၅၄)

**ပြည်သူ့သဘောထား**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဧပြီ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်ဖက်စလုံးမှ မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်မှု အခြေအနေများနှင့်ပတ်သက်၍ အပြန်အလှန်အမြင်ချင်းဖလှယ်၍ အပြုသဘောဆောင်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် The Elders အဖွဲ့

**စာမျက်နှာ ၁၈ ကော်လံ ၅ သို့**



ရတနာပုံ
၂၀၂၃ ခုနှစ် မေ ၂၅ ရက်
အယ်ဒီတာ့အာဘော်

# ရင်ဆိုင်ကျော်လွှားရမည့် သဘာဝဘေးအန္တရာယ်

လူတို့၏ လှုပ်ရှားမှုများကြောင့်မဟုတ်ဘဲ သဘာဝအလျောက်ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များတွင် ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးခေါင်ခြင်း၊ ငလျင်လှုပ်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းများဖြတ်သန်းခြင်း၊ ကမ်းပါးပြိုခြင်း၊ ဆူနာမီလှိုင်းများဖြစ်ပေါ်ခြင်း စသည်တို့ပါဝင်သည်။ ထိုသို့သော ဘေးအန္တရာယ်များကို သဘာဝဘေးအန္တရာယ်များအဖြစ်သတ်မှတ်ပြီး ဖြစ်ပေါ်လာသည်နှင့် အချိန်မဆိုင်းဘဲ ဝိုင်းဝန်းကူညီဖြေရှင်းကြရမြဲဖြစ်သည်။

သဘာဝဘေးအန္တရာယ်များပေါ်ပေါက်လာလျှင် လူ၏အသက်ထက် အရေးကြီးတာ ဘာမှမရှိဟူသောစကားရပ်နှင့်အညီ ကူညီကယ်ဆယ်မှု၊ လိုအပ်သည်များပံ့ပိုးဖြည့်ဆည်းမှုတို့ကို အချင်းဖြစ်ပွားရာနေရာအရောက် သွားရောက်၍ ဆောင်ရွက်ပေးခဲ့သည်ကို အထင်အရှားမြင်တွေ့နိုင်သည်။

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း မေ ၂၁ ရက် ည ၆ နာရီ မိနစ် ၂၀ ခန့်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အောင်မြင်ကုန်းကျေးရွာရှိ လူနေအိမ် ၁၅၅ လုံး၊ စာသင်ကျောင်းတစ်ကျောင်း၊ ကျေးလက်ဆေးပေးခန်းတစ်လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် တံတားဦးကျေးရွာရှိ လူနေအိမ် ၇၇ လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတို့ ပျက်စီးဆုံးရှုံးခဲ့ပြီး ဒဏ်ရာရသူ ၁၁၃ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် သေဆုံးသူ ခြောက်ဦးရှိပြီဖြစ်ကြောင်း နေ့စဉ်ထုတ် သတင်းစာပါ ဖော်ပြချက်များအရ သိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးဆောင်ရွက်နေမှုများနှင့် လေဘေးသင့်ပြည်သူများကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည့် စာသင်ကျောင်းများကို လာမည့်ကျောင်းဖွင့်ချိန်အမီ ပြီးစီးအောင် ပြန်လည်တည်ဆောက်ပေးရန်၊ ဘုန်းတော်ကြီးကျောင်းကိုလည်း ကောင်းမွန်အောင် ပြန်လည်ဆောက်ရွက်ပေးရန်နှင့် လူနေအိမ်များကိုလည်း အိမ်ရာကွက်စနစ်တကျပြန်လည်ဖော်ဆောင်၍ နေအိမ်များ ပြန်လည်တည်ဆောက်နေထိုင်နိုင်စေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တို့မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးရန်၊ ကျေးရွာရှိ လေဘေးသင့်ပြည်သူများ လတ်တလောစားရေးအဆင်ပြေစေရေးအတွက်လည်း လိုအပ်သည်များကို ကူညီထောက်ပံ့ဆောင်ရွက်ပေးရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား အလေးထားမှာကြားသည်။

သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကျော်လွှားကြရာတွင် ကမ်းပါးပြိုကျမှုကာကွယ်ရန် ကမ်းထိန်းတာများတည်ဆောက်ခြင်း၊ ဒီရေရောက်တောများစိုက်ပျိုးခြင်း၊ ဆိုင်ကလုန်းရှယ်တာများ တည်ဆောက်ခြင်း၊ နေအိမ်များ ကြံ့ခိုင်မှုရှိရန် ပံ့ပိုးပေးခြင်းတို့အပါအဝင် သဘာဝဘေးကာကွယ်ရန် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်ခြင်းတို့ကိုလည်း ဖြစ်ပေါ်တတ်သော နေရာဒေသအလိုက် ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။

သဘာဝဘေးအန္တရာယ်များသည် မကြာခဏ ကျရောက်ဖြစ်ပေါ်တတ်ပြီး မိမိတို့နေထိုင်ရှင်သန်မှုတွင် အသက်ထက်အရေးကြီးတာ ဘာမှမရှိသောစကားရပ်ကို ကောင်းစွာနှလုံးသွင်းလျက် ရုတ်တရက်ဖြစ်စေ၊ မျှော်လင့်ထားသည့်အတိုင်းဖြစ်စေ သဘာဝဘေးအန္တရာယ်များကျရောက်လာပါက အဆိုပါ ဘေးအန္တရာယ်မှလွတ်ကင်းအောင် ကျင့်ကြံနေထိုင်ကာ ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း သရက်ခြံပြတ်ဝယ်ယူသူများနေ



မန္တလေး မေ ၂၄

ယခုနှစ်သရက်သီးရာသီချိန်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း သရက်စိုက်ပျိုးထုတ်လုပ်သည့် ခြံများကို ခြံပြတ်ဝယ်ယူသူ များနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ သရက်ခြံများသည် ယခုနှစ်အနေအထားအရ သရက်သီးအထွက်နှုန်း အသင့်အတင့်ကောင်းနိုင်ပြီး မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများလည်း ပြန်လည်ဖွင့်လှစ်လိုက်သည့်အတွက် အရည်အသွေးကောင်း သရက်သီးများ ဈေးကောင်းရရှိကြောင်း၊ ထို့ကြောင့် ယခုနှစ် သရက်သီးရာသီချိန်တွင် ခြံပြတ်ဝယ်ယူသူများနေကြောင်း သိရသည်။

"သရက်ခြံတွေအနေနဲ့ကတော့ အခုနှစ်မှာ ပန်းပွင့်သလောက် သရက်သီးက မတင်ပါဘူး။ ဒီနှစ်မှာတော့ သရက်ခြံပြတ်ဝယ်ယူတာများကြတယ်။ ခြံပြတ်ဝယ်ယူကြတာက အိတ်မစွပ်ခင် အဖူးဖူးချိန်၊ အပွင့်ပွင့်ချိန်ဝယ်တယ်။ အသီးသီးချိန် ဝယ်တာရှိတယ်။ အိတ်စွပ်ပြီးမှ ဝယ်တာရှိကြပါတယ်။ ခြံပေါ်ကြည့်ပြီးတော့ ဝယ်ယူကြတာပါ။ မနှစ်က နဲ့စာရင် ဒီနှစ်ခြံပြတ်ဝယ်ယူတာ များတယ်။ တင်ပို့ဖို့လမ်းကြောင်းတွေလဲ ပွင့်တာကြောင့် ဝယ်ယူကြတာပါ။ သရက်သီးဈေးကွက်အနေအထားအရ ဒီနှစ် ဈေးကောင်းရကြပါတယ်။ လက်ရှိအချိန်မှာ ၁၆ ကီလိုဂရမ် ချပ်ဖာ တစ်ဖာကို တရုတ်ငွေ ယွမ် ၁၁၀ ကနေ ၁၄၀ ထိရရှိနေပါတယ်။ ပေါ်စအချိန်မှာတောင် အရည်အသွေးကောင်း သရက်သီးတွေ ဈေးကောင်းရရှိနေကြပါတယ်။ ဆက်လက်ဈေးကောင်းလာဖို့ အလားအလာကောင်းတွေ ရှိနေပါတယ်" ဟု ဦးကျော်စိုးနိုင်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သရက်သီးများ ထွက်ရှိရာတွင် ဟံမြင့်မိုရ်၊ ကျောက်ဆည်၊ ပုသိမ်ကြီး၊ တံတားဦး၊ မတ္တရာ၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ထွက်ရှိသည့် သရက်သီး အလုံးချောများကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ရောင်းချရကြောင်း၊ ထိုသို့ရောင်းချရာတွင် ၁၆ ကီလိုဂရမ် ချပ်ဖာများဖြင့် ထုပ်ပိုးပြီး ခြံသမားများ စုပေါင်းကာ ၁၂ ဘီးယာဉ်များဖြင့် တင်ပို့ရောင်းချကြကြောင်း၊ သရက်သီးများသည် မြို့လကုန်နှင့် မေလအစပိုင်းမှစ၍ လှိုင်လှိုင်ထွက်ရှိလာတော့မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မတ်ပဲနှင့်နှမ်းနက်(စမုန်) အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာ

မန္တလေး မေ ၂၄

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မတ်ပဲနှင့်နှမ်းနက်(စမုန်)အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များထဲတွင် မန္တလေးဈေးကွက်အတွင်း သင်္ကြန်ပြီးကာလ မတ်ပဲနှင့်နှမ်းနက်(စမုန်)ကို ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်းအဝယ်လိုက်နေခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"မေ ၁၇ ရက်က မန္တလေးဈေးကွက်အတွင်းမှာ မတ်ပဲ သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၂၀၀၀၀၀ ပဲ ပေါက်ဈေးရှိခဲ့တယ်။ ဒီနေ့ပေါက်ဈေးအရ မတ်ပဲ သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၂၀၄၀၀၀ ထိ ပေါက်ဈေးရှိတယ်။ မန္တလေးဈေးကွက်အတွင်း မတ်ပဲ အရောင်းအဝယ် ပြန်ကောင်းမွန်လာတာကြောင့် ဈေးကောင်းပြန်ရလာတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း မေ ၁၇ ရက်က နှမ်းနက်(စမုန်)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယခုအခါ အရောင်းအဝယ် ကောင်းမွန်လာမှုကြောင့် ယနေ့ ပေါက်ဈေးအရ နှမ်းနက်(စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀ ထိ ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ(TW) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၇၀၀၀၊ ကုလားပဲ (929) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၄၀၀၀၊ ကုလားပဲ (V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

# ဇန်းမော်ဆိပ်ကမ်းမှ မန္တလေး မရမ်းခြံဆိပ်ကမ်းသို့ ကုန်စည်အမျိုးမျိုးတင်ပို့သည့်ကုန်တင်သင်္ဘောအစီးရေ များပြားလျက်ရှိ

မန္တလေး မေ ၂၄

ဇန်းမော်ဆိပ်ကမ်းမှ မန္တလေး မရမ်းခြံဆိပ်ကမ်းသို့ ကုန်စည်အမျိုးမျိုးတင်ပို့သည့် ကုန်တင်သင်္ဘော အစီးရေ များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

သင်္ကြန်ကာလက ဧရာဝတီမြစ် ရေလမ်းကြောင်းမှတစ်ဆင့် ဇန်းမော်ဆိပ်ကမ်းမှ မန္တလေး မရမ်းခြံဆိပ်ကမ်းသို့ စားသောက်ကုန်၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ တင်ပို့သည့် ကုန်တင်သင်္ဘောတချို့ ပြေးဆွဲမှုယာယီရပ်နားခဲ့ကြောင်း၊ ယခုလက်ရှိတွင် ဇန်းမော်ဘက်မှ မန္တလေး မရမ်းခြံဆိပ်ကမ်းသို့ ကုန်စည်အမျိုးမျိုးကို ကုန်တင်သင်္ဘောများဖြင့် ပုံမှန်အတိုင်း ပြန်လည်တင်ပို့လျက်ရှိကြောင်း သိရသည်။

"အခု သင်္ကြန်ပြီးကာလမှာတော့ ဇန်းမော်ဘက်ကနေ မန္တလေး မရမ်းခြံဆိပ်ကမ်းကို တင်ပို့တဲ့ကုန်စည်တွေ တဖြည်းဖြည်းမြန်ပြီးများလာတယ်။ ပြည်ပနိုင်ငံဘက်က တင်ပို့တဲ့ အဝတ်အထည်တွေ၊ ပရိဘောဂပစ္စည်းတွေ၊ လူသုံးကုန်နဲ့ အလှကုန်ပစ္စည်းတွေကို မှာယူမှု တော်တော်လေး များလာတယ်။ ဒါကြောင့် ဧရာဝတီမြစ်ရေလမ်းကြောင်းကနေတစ်ဆင့် ဇန်းမော်ဘက်ကနေ မရမ်းခြံဆိပ်ကမ်းကို တင်ပို့တဲ့ကုန်တင်သင်္ဘောတွေ အခုတော်တော်လေးများလာတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ဇန်းမော်ဘက်မှ မရမ်းခြံဆိပ်ကမ်းသို့ အဝတ်အထည်၊ လူသုံးကုန်၊ ပရိဘောဂနှင့်အခြားလူသုံးကုန်ပစ္စည်းတင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေမှာ သင်္ကြန်မတိုင်မီကာလက အစီးရေ ၆၀ ကျော်သာရှိခဲ့သော်လည်း ယခုလက်ရှိ သင်္ကြန်ပြီးကာလတွင် ကုန်တင်သင်္ဘောအစီးရေ ၁၂၀ ကျော်ထိရှိလာကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောင်းသည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လှိုင်းဘွဲ့မြို့နယ် ရေပူကြီး-နောင်ပလဲ့ကျေးရွာ ကုန်ထုတ်လမ်းဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**လှိုင်းဘွဲ့ ဧပြီ ၂၄**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နှင့်မြို့ပြကွာဟမှုကျဉ်းမြောင်းစေရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရေပူကြီး-နောင်ပလဲ့ကျေးရွာ ကုန်ထုတ်လမ်းဆောင်ရွက်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကျေးရွာအတွက် လိုအပ်နေသောကုန်ထုတ်လမ်း၏ လက်ရှိ လမ်းအရှည်၊ အကျယ်နှင့် မြေပြင်အခြေအနေ အရ တံတားနှင့် ရေပြွန်များဆောင်ရွက်ရန်လိုအပ်မှုအခြေအနေ၊ လမ်းအူကြောင်းအခြေအနေနှင့် မြေနေရာရရှိနိုင်မှုအခြေအနေများကို စနစ်တကျစစ်ဆေးပြီး လုပ်ငန်းမဆောင်ရွက်မီ ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းသည် ရေပူကြီးကျေးရွာ၊ နောင်ပလဲ့ကျေးရွာတို့ရှိ ဒေသခံတောင်သူများ၏ အဓိကအားထားရာလမ်းဖြစ်ပြီး လယ်ယာဧက ၃၉၀ မှ ထွက်ရှိသော စပါး၊ ပဲမျိုးစုံနှင့် အခြားစိုက်ပျိုးသီးနှံများကို ရာသီမရွေးဈေးကွက်သို့ အချိန်မီတင်ပို့နိုင်ရေးအတွက် ဒေသခံတောင်သူများက ကုန်ထုတ်လမ်းဆောင်ရွက်ပေးရန် တင်ပြတောင်းဆိုမှုကြောင့် အရှည် တစ်မိုင်၊ အကျယ် ၁၆ ပေ၊ အမြင့် နှစ်ပေကိုးလက်မ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းထံမှ သိရသည်။

**အထွေး**

# ညောင်ဦးမြို့နယ် မကျီးစောက်ကျေးရွာ၌ သောက်သုံးရေဂါလန် ၅၀၀၀ လှူဒါန်း

**ညောင်ဦး ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဇင်းကျေးရွာအုပ်စု မကျီးစောက်ကျေးရွာ၌ ကျေးရွာနေပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ဧပြီ ၂၃ ရက် နံနက်ပိုင်းက သောက်သုံးရေဂါလန် ၅၀၀၀ ကို ကျေးရွာအရောက် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေများဖြန့်ဝေပေးရာတွင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက တောင်ဇင်းကျေးရွာအုပ်စု မကျီးစောက်ကျေးရွာရှိ အိမ် ၂၁၀၊ လူဦးရေ ၁၂၀၀ အတွက် ဌာန၏ အပူပိုင်းဇုန်ကျေးလက်ရေရရှိရေး စီမံကိန်းရုံးမှ ရေသယ်ယာဉ်ဖြင့် ဧရာဝတီမြစ်ရေကို သောက်ရေသန့်စင်ကားအသုံးပြုပြီး သောက်သုံးရေဂါလန် ၅၀၀၀ ကို ကျေးရွာအရောက် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ယခုနှစ်နွေရာသီတွင် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ လျှပ်စစ်မီးရရှိမှုနည်း၍ စက်ရေတွင်းမှ ရေထုတ်ချိန်နည်းခြင်းကြောင့် ရေမလုံလောက်မှုများရှိနေသဖြင့် သောက်သုံးရေမလုံလောက်မှုဖြစ်ပေါ်နိုင်သည့် ကျေးရွာ ခုနစ်ရွာသို့ သောက်ရေသန့်စင်ကားဖြင့် သောက်သုံးရေဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အနေဖြင့် နွေရာသီသောက်သုံးရေရှားပါးပြတ်လပ်မှု အခက်အခဲများရှိပါက အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# AIR KBZ လေကြောင်းလိုင်းက ရန်ကုန်-ကလေး-ရန်ကုန်ခရီးစဉ်ကို ဧပြီ ၂၇ ရက်မှစ၍ တိုးချဲ့ပျံသန်းပြေးဆွဲပေးသွားမည်



**ရန်ကုန် ဧပြီ ၂၄**

AIR KBZ လေကြောင်းလိုင်းက ရန်ကုန်-ကလေး-ရန်ကုန်ခရီးစဉ်ကို ဧပြီ ၂၇ ရက်မှစ၍ တိုးချဲ့ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်း၏သတင်းများအရ သိရသည်။

လက်ရှိတွင် AIR KBZ လေကြောင်းလိုင်းအနေဖြင့် ရန်ကုန်-ကလေး-ရန်ကုန် လေကြောင်းခရီးစဉ်ကို အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် စနေနေ့များတွင် ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်း၊ ထိုသို့ ပြေးဆွဲရာတွင် ရန်ကုန်မြို့မှ နံနက် ၈ နာရီတွင် ထွက်ခွာကာ ကလေးမြို့သို့ နံနက် ၁၀ နာရီတွင် ဆိုက်ရောက်ပြီး ကလေးမြို့မှ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ပြန်လည်ထွက်ခွာကာ ရန်ကုန်မြို့သို့ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ပြန်လည်ဆိုက်ရောက်ကြောင်း သိရသည်။

AIR KBZ လေကြောင်းလိုင်းအနေဖြင့် အဆိုပါ ရန်ကုန်-ကလေး-ရန်ကုန်ခရီးစဉ်တွင် ခရီးသွားများ ပိုမိုအဆင်ပြေစွာ ခရီးသွားလာနိုင်စေရေးအတွက် ဧပြီ ၂၇ ရက်မှစ၍ အပတ်စဉ် ကြာသပတေးနေ့တိုင်း ထပ်မံတိုးချဲ့ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါတိုးချဲ့ပျံသန်းပြေးဆွဲပေးမည့်ခရီးစဉ်တွင် ရန်ကုန်မြို့မှ နံနက် ၁၀ နာရီ ၂၅ မိနစ်တွင်ထွက်ခွာကာ ကလေးမြို့သို့ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ ကလေးမြို့မှ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာကာ ရန်ကုန်မြို့သို့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပြန်လည်ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် AIR KBZ လေကြောင်းလိုင်းသည် ရန်ကုန်-ကလေး-ရန်ကုန်ခရီးစဉ်ကို အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် စနေနေ့တိုင်း တစ်ပတ်လျှင် သုံးရက်ပျံသန်းပြေးဆွဲပေးနေရာမှ ဧပြီ ၂၇ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် စနေနေ့တိုင်း တစ်ပတ်လျှင် လေးရက် ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်-ကလေး-ရန်ကုန်ခရီးစဉ်၏ လေယာဉ်လက်မှတ်ခနှုန်းထားမှာ ငွေကျပ် ၂၀၇၀၀၀ ဖြစ်ကြောင်း AIR KBZ လေကြောင်းလိုင်းမှ သိရသည်။ (၃၃၆)

# မိုင်းတုံမြို့၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကျေးရွာများရွေးချယ်

**မိုင်းတုံ ဧပြီ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျေးရွာများရွေးချယ်ပွဲကို ဧပြီ ၂၃ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ မိုင်းတုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်မိုးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က စီမံကိန်းကျေးရွာများ ရွေးချယ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကျေးရွာရွေးချယ်ရေး စံသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျေးရွာများရွေးချယ်ရေး စံသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဝင် ကျေးရွာ ၁၀ ရွာ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာတစ်ရွာ၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဝင် ကျေးရွာတစ်ရွာနှင့် ခေတ်မီစံပြကျေးရွာစီမံကိန်းဝင်ကျေးရွာ တစ်ရွာ စုစုပေါင်း ကျေးရွာ ၁၃ ရွာကို ရွေးချယ်ခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိနေ

**မော်လမြိုင်ကျွန်း ဧပြီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် အုန်းသီးများဝယ်လိုအားကောင်းပြီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးကျော်ထက်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြီးခဲ့သည့်မတ်လအတွင်းက အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၄၅၀၀၀ သာ ဈေးရရှိခဲ့ပြီး ဧပြီလအတွင်း အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါ အုန်းသီးများကို ရန်ကုန်ဈေးကွက်မှ တစ်ဆင့် ပြည်ပဈေးကွက်သို့တင်ပို့အားကောင်းလာခြင်းကြောင့် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

“မော်လမြိုင်ကျွန်းမြို့နယ်က အုန်းသီးတွေထွက်ရှိပါတယ်။ ဒေသစီးပွားရေးလုပ်ငန်းအနေနဲ့ စပါးစိုက်ပျိုးရေးလုပ်ငန်းအပြင် အုန်းသီးစိုက်ပျိုးတဲ့လုပ်ငန်းကိုလဲ ပူးတွဲလုပ်ကိုင်ကြပါတယ်။ လက်ရှိ အုန်းသီးအလုံးရေ ၁၀၀ ကို ငွေကျပ် ၇၅၀၀၀ ထိဈေးရနေပါတယ်။ အုန်းသီးဝယ်လိုအားကောင်းလာသလို ဈေးကောင်းလဲရရှိနေတာဖြစ်ပါတယ်။ ဒေသထွက်အုန်းသီးတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့တာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချပါတယ်” ဟု မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးကျော်ထက်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ထွက်ရှိသည့်အုန်းသီးများကို ရန်ကုန်မြို့သို့ ကုန်တင်ကား၊ ကုန်တင်ရေယာဉ်များဖြင့် တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါဒေသထွက်အုန်းသီးများ ဈေးကောင်းရရှိခြင်း၊ ဝယ်လိုအားကောင်းလာခြင်းကြောင့် အုန်းစိုက်ပျိုးရေးတောင်သူများ၊ ကုန်ထမ်းလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ကားအငှားလိုက်သူများအဆင်ပြေနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ကျွန်ုပ်တို့ခန္ဓာကိုယ်ထဲကရေ

ပါမောက္ခကိုကိုအောင်

ဤမြေကမ္ဘာပေါ်တွင် ရှင်သန်ရပ်တည်နေကြသော လူသားများ၊ အပင်နှင့် တိရစ္ဆာန်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲတို့၏ ခန္ဓာကိုယ်အတွင်း၌ ရေများပါဝင်ဖွဲ့စည်းထားသောအစိတ်အပိုင်းတို့ဖြင့် ပြည့်နှက်လျက်ရှိနေသည်။ ထိုသို့သော အပင်နှင့်သတ္တဝါတို့၏ ကိုယ်တွင်းရှိရေများကို ဇီဝရေဟု ခေါ်ဆိုပြီး တစ်ကမ္ဘာလုံးရှိ လူတို့အပါအဝင် ဇီဝမျိုးစုံမျိုးကွဲတို့၏ ကိုယ်တွင်းရှိ ရေပမာဏ စုစုပေါင်းသည် ကုဗမိုင်ပေါင်း ၂၆၉ သန်းထိပင် ရှိနေသည်။

ဇီဝရုပ်တို့၏ကိုယ်တွင်း၌ရှိနေသော ရေထုထည်ပမာဏသည် ကမ္ဘာ့ရေချိုထုကြီးတစ်ခုလုံး၏ သုညဒသမ ၀၀၃ ရာခိုင်နှုန်းထိရှိနေသလို ကမ္ဘာပေါ်ရှိ ရေချိုနှင့် ရေငန်များ စုစုပေါင်းပမာဏ၏ သုည ဒသမ ၀၀၀၁ ရာခိုင်နှုန်းအဖြစ်လည်း ပါဝင်လျက်ရှိနေသည်။ ထိုသို့ ပါဝင်မှုအချိုးအစားသည် တစ်ကမ္ဘာလုံးရှိ မြစ်ချောင်းများအတွင်းမှ ရေထုထည်ပမာဏ၏ ထက်ဝက်မျှဖြစ်သလို ကမ္ဘာ့ရွံ့ညွန်အိုင်များအတွင်းရှိ ရေပမာဏ စုစုပေါင်း၏ ဆယ်ပုံ ပုံလျှင် တစ်ပုံခန့်နှင့်ညီမျှသော ပမာဏလည်းဖြစ်သည်။

လူသားတို့သည် အမိဝမ်းတွင်း၌ သန္ဓေသားအဖြစ်နေခဲ့ရစဉ်က ခန္ဓာကိုယ်တစ်ခုလုံးတွင် ရေသည် ရာနှုန်းပြည့်နီးပါး ပါဝင်နေခဲ့သည်။ အမိဝမ်းမှကျွတ်၍ မွေးကင်းစကလေးငယ်အရွယ်ဖြစ်လာသည့်အခါ ရေဓာတ်လျော့နည်းသွားပြီး ခန္ဓာကိုယ်တစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်းမျှသာ ကျန်ရှိတော့သည်။ သိတတ်စအရွယ်သို့ရောက်လာသောအခါ ရေပါဝင်မှုမှာ ၇၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားပြီး အရွယ်ရောက်လာသည့်အခါ ခန္ဓာကိုယ်အတွင်းရှိ ရေပမာဏမှာ ၇၀ ရာခိုင်နှုန်းမျှသာ ကျန်ရှိတော့သည်။

တဖြည်းဖြည်းနှင့် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ဟော်မုန်းဓာတ်များပြောင်းလဲသွားခြင်း၊ ခန္ဓာကိုယ်တွင်းရှိ ဇီဝဖြစ်စဉ်များ ပြောင်းလဲသွားခြင်းနှင့် ကျောက်ကပ်၏ အလုပ်လုပ်ပုံပြောင်းလဲသွားခြင်းတို့ကြောင့် ရေသောက်လိုစိတ် နည်းပါးလာခြင်းနှင့်အတူ ရေပါဝင်မှုကလည်း ခန္ဓာကိုယ်အလေးချိန်၏ ၅၀ ရာခိုင်နှုန်းခန့်ထိ ကျဆင်းသွားသည်။

လူ့ခန္ဓာကိုယ်အတွင်းရှိ ရေပမာဏစုစုပေါင်း၏ ၆၅ ရာခိုင်နှုန်းသည် ဆဲလ်များအတွင်း၌ရှိနေပြီး ကျန် ၃၅ ရာခိုင်နှုန်းသည် ဆဲလ်များအကြား၌လည်းကောင်း၊ သွေးထဲ၌လည်းကောင်း ရှိနေကြသည်။ လူ့ခန္ဓာကိုယ်အတွင်းရှိ အစိတ်အပိုင်းများအနက် ရေပါဝင်ဖွဲ့စည်းမှုအများဆုံးဖြစ်သော အစိတ်အပိုင်းမှာ အဆုတ်ဖြစ်ပြီး ရေပါဝင်မှုအနည်းဆုံးသောအစိတ်အပိုင်းမှာ အရိုးများပင်ဖြစ်သည်။ အဆုတ်တွင် ရေပါဝင်မှုသည် ၉၀ ရာခိုင်နှုန်းထိရှိနေသလို ဦးနှောက်ထဲတွင် ရေပါဝင်မှုက ၈၅ ရာခိုင်နှုန်းနှင့် သွေးထဲ၌ ရေပါဝင်မှုမှာ ၈၂ ရာခိုင်နှုန်းထိ ရှိနေသည်။

အရိုးထဲ၌မူ ရေပါဝင်နှုန်းက ၁၅ ရာခိုင်နှုန်းမျှသာရှိနေသော်လည်း ထိုရေများသည် တစ်စုံတစ်ခုသော ထိခိုက်မှုဒဏ်ကြောင့် လွယ်လင့်တကူ အရိုးမကျိုးစေရန် တတ်နိုင်သမျှ ကာကွယ်ပေးထားလျက်ရှိနေသည်။ လူတို့စားသုံးလိုက်သော အစားအစာများထဲတွင် ပါဝင်နေသောရေများသည် အူလမ်းကြောင်းတစ်လျှောက် အစာများချောမွေ့စွာရွေ့လျားနိုင်အောင် ထောက်ကူပေးနေသလို ကိုယ်တွင်းဆဲလ်များက စွန့်ထုတ်လိုက်သောအညစ်အကြေးများကို ကျင်ကြီးကျင်ငယ်အဖြစ် ခန္ဓာကိုယ်ပြင်ပသို့ စွန့်ထုတ်နိုင်ရန်လည်း ကိုယ်တွင်းရှိ ရေများကပင် လုပ်ဆောင်ပေးနေခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ခန္ဓာကိုယ်ထဲ၌ ရေဓာတ်နည်းနေချိန်၌ ဆီးချုပ်ဝမ်းချုပ်ဖြစ်ခြင်းကို ခံစားကြရလေ့ရှိသည်။

မျက်လုံးနှင့်ဦးနှောက်တို့ကို ရေအဓိကပါဝင်နေသောအရည်များက ဝန်းရံကာကွယ်ပေးထားသလို အမြဲစွတ်စိုနေရန် လိုအပ်သောလူ့ခန္ဓာကိုယ်အစိတ်အပိုင်းများဖြစ်သည့် မျက်စိ၊ ပါးစပ်နှင့် နှာခေါင်းတို့ကိုလည်း ရေကပင် အစိုဓာတ်ရှိနေအောင် လုပ်ဆောင်ပေးနေခြင်းဖြစ်သည်။ ထို့ပြင် ပတ်ဝန်းကျင်၏ အပူ၊ အအေး ရုတ်ခြည်းပြောင်းလဲမှုဖြစ်သည့်အခါ လူ့ခန္ဓာကိုယ်က ချက်ချင်းဆိုသလို ပူလိုက်၊ အေးလိုက်မဖြစ်စေရန် ခန္ဓာကိုယ်တွင်းရှိ ရေများကပင် ထိန်းညှိပေးလျက်ရှိသည်။

ခန္ဓာကိုယ်အပူချိန်ထက် ပြင်ပအပူချိန်က ပိုပြီးမြင့်လွန်းနေပါက ကိုယ်တွင်းရှိရေများသည် ချွေးအဖြစ်ထွက်လာပြီး ထိုချွေးများအငွေ့ပြန်သည့်အခါ ခန္ဓာကိုယ်သည် အေးမြသွားကာ သက်သောင့်သက်သာဖြစ်၍ ကျန်နေခဲ့သည်။ ခြေ၊ လက်စသော လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများ လှုပ်ရှားလုပ်ဆောင်နိုင်ရန် ဦးနှောက်က စေ့ဆော်ပေးနေခြင်းဖြစ်ရာ ဦးနှောက်၏စေ့ဆော်မှုကြောင့် ထွက်ပေါ်လာသော လျှပ်စစ်လှိုင်းများကို အကောင်းဆုံးသော လျှပ်ကူးပစ္စည်း



ဖြစ်သည့် ကိုယ်တွင်းရေများက သယ်ဆောင်ပေးသွားခြင်းကြောင့် ဦးခေါင်း၊ မျက်စိ၊ ပါးစပ်၊ လည်ပင်း၊ လက်နှင့် လက်ချောင်းများ၊ ခြေထောက်နှင့် ခြေချောင်းများအားလုံးတို့က ဟန်ချက်ညီညီ လှုပ်ရှားနိုင်ကြခြင်းဖြစ်သည်။

လူတို့၏ခန္ဓာကိုယ်အတွင်းရှိရေများသည် ရှူထုတ်လိုက်သောလေများနှင့်အတူ အခိုးအငွေ့များအဖြစ်လည်းကောင်း၊ ခန္ဓာကိုယ်လှုပ်ရှားသည့်အခါနှင့် ပူအိုက်သည့်အခါများတွင် ချွေးများအဖြစ်လည်းကောင်း၊ ကျင်ကြီး၊ ကျင်ငယ်များအဖြစ်လည်းကောင်း ခန္ဓာကိုယ်ပြင်ပသို့ အချိန်နှင့်အမျှ ထွက်သွားကြရသည်။ ထိုသို့သောဇီဝဓာတုဖြစ်စဉ်များကြောင့်ပင် ခန္ဓာကိုယ်တွင်းရှိရေများသည် နေ့စဉ် တစ်လီတာခန့် ဆုံးရှုံးနေရသည်။

ထိုကဲ့သို့ ဆုံးရှုံးသွားသောရေများ၏နေရာတွင် လူတို့ နေ့စဉ်စားသုံးနေသော အစားအစာများ၊ သစ်သီးသစ်နှံများ၊ ဖျော်ရည်များ၊ အချိုရည်နှင့် သောက်ရေတို့၌ ပါရှိလာသောရေများဖြင့် အစားထိုးကာ ပြန်လည်ဖြည့်ဆည်းပေးနေရသည်။ အကယ်၍ ရေဓာတ်ဆုံးရှုံးမှုကို အလျဉ်မီအောင် ဖြည့်ဆည်းမပေးနိုင်ပါက ခန္ဓာကိုယ်တွင်း၌ရှိသင့်သော ရေပမာဏအောက်သို့ ကျဆင်းသွားလိမ့်မည်ဖြစ်သည်။ ရေဓာတ်လျော့နည်းလာသည့်အခါ အာခေါင်ခြောက်လာခြင်း၊ တံတွေးနည်းလာခြင်း၊ ဆီးနည်းလာခြင်း၊ ဆီး၏အရောင်ရင့်လာခြင်းနှင့် ဆီးနံ့ပြင်းလာခြင်း စသည့်လက္ခဏာများကို ပြသလာလိမ့်မည်ဖြစ်သည်။

ထိုသို့ဖြစ်လာခဲ့လျှင် ကျန်းမာရေးမထိခိုက်စေရန်အတွက် ရေများများသောက်သုံးကြရမည်ဖြစ်သည်။ ပုံမှန်အားဖြင့် ၂၄ နာရီ တစ်ရက်တာအတွက် ရေနှစ်လီတာခန့်ထိ သောက်သုံးကြရမည်ဖြစ်သည်။ ရေသောက်လျှင် တစ်ကြိမ်တည်းဖြင့် ပမာဏများများသောက်ခြင်းထက် မိမိခန္ဓာကိုယ်အတွက် သင့်တင့်မျှတသည့်ပမာဏကို အချိန်နာရီခြား၍ မကြာခဏသောက်သုံးပေးခြင်းမျိုးက ပို၍သင့်လျော်ပေသည်။

နွေရာသီကဲ့သို့ ပူပြင်းခြောက်သွေ့သည့်အချိန်ကာလမျိုးတွင် ခန္ဓာကိုယ်တွင်း၌ ရေဓာတ်ဆုံးရှုံးမှုများပြားလာတတ်သည်အားလျော်စွာ သွေးထဲ၌လည်း ရေပါဝင်မှုနှုန်း ကျဆင်းသွားလေ့ရှိသည်။ ရေဓာတ်နည်းလာသောသွေးသည် ပို၍ပျစ်လာသည့်အတွက် ပျစ်သည့်သွေးကို တွန်းပို့နေရသောနှလုံးသည် ပုံမှန်ထက် အဆတိုး၍ အလုပ်လုပ်ပေးရသည်။ ထိုအခါ လွယ်လင့်တကူပင် ပင်ပန်းနွမ်းနယ်မှုကို ခံစားကြရသည်။

အကယ်၍ ခန္ဓာကိုယ်အတွင်းမှ ရေတစ်လီတာခန့်ဆုံးရှုံးသွားသည်ကို ပြန်လည်မဖြည့်တင်းနိုင်ပါက နိုးကြားတက်ကြွမှုမရှိတော့ခြင်း၊ အာရုံစူးစိုက်နိုင်မှုကျဆင်းလာခြင်း၊ အမြင်အာရုံလျော့နည်းလာခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းများကို ခံစားကြရလိမ့်မည်ဖြစ်သည်။ ရေလေးလီတာခန့်ဆုံးရှုံးသွားပြီဆိုလျှင် မူးမော်ခြင်းနှင့် ခေါင်းကိုက်ခြင်းများကို ခံစားကြရမည်ဖြစ်ပြီး ခန္ဓာကိုယ်တွင်းမှ ရေဆုံးရှုံးမှုပမာဏသည် ၁၂ လီတာထိရောက်ရှိသွားခဲ့လျှင်မူ အသက်ဆုံးရှုံးသွားနိုင်သည်။

တစ်စုံတစ်ခုသောအကြောင်းကြောင့် ထိခိုက်ဒဏ်ရာရသည့်အခါမျိုး၌လည်း သွေးအလွန်အကျွံထွက်နေပါက ထွက်သွားသောသွေးများနှင့်အတူ ရေဓာတ်အများအပြား ဆုံးရှုံးသွားလိမ့်မည်ဖြစ်သည်။ ရေဓာတ်ဆုံးရှုံးမှုများပြားလွန်းပါက အသက်အန္တရာယ်ရှိနိုင်သည်ဖြစ်ရာ ထိခိုက်ဒဏ်ရာရသည့်အခါမျိုး၌ သွေးထွက်မလွန်စေရန် ဂရုပြုကြရမည်ဖြစ်သည်။

ပူပြင်းသောရာသီကာလများ၌လည်း ပြင်းထန်သောလေ့ကျင့်ခန်းများကို မလုပ်သင့်သလို ချွေးထွက်လွန်ကဲမှုမဖြစ်အောင်လည်း ဂရုပြုဆင်ခြင်ကြရမည်ဖြစ်သည်။ တတ်နိုင်သမျှ အရိပ်ထဲ၌နေထိုင်သင့်ပြီး မကြာခဏဆိုသလို ရေသောက်ခြင်း၊ အချိုရည်၊ သံပရာရည်နှင့် ဖျော်ရည်များကို သောက်သုံးခြင်း၊ ဓာတ်ဆားရည် သောက်သုံးခြင်းများကို ပြုလုပ်သင့်ကြသည်။ ဂလူးကို့စ်နှင့် ဓာတ်ဆားများအရန်သင့်ပါဝင်နေသော အုန်းရည်ကိုသောက်ခြင်းသည်လည်း ပူပြင်းသော ရာသီကာလမျိုးအတွက် အလွန်သင့်လျော်သည့်အလေ့အထတစ်ရပ်ပင်ဖြစ်သည်။

ခန္ဓာကိုယ်အတွင်း၌ ရှိသင့်သောပမာဏထက် ရေအလွန်အကျွံပိုလျှံလာသည့်အခါ ကိုယ်တွင်းရှိဓာတ်ဆားများ၏ အချိုးအစားများစွာလျော့နည်းသွားပြီး ထိုသို့လျော့နည်းသွားခြင်းက ဇီဝဓာတုဖြစ်စဉ်များကို ကမောက်ကမဖြစ်သွားစေသည်။ ပိုနေသောရေများကို ကျောက်ကပ်ကလည်း စွန့်ထုတ်မပေးနိုင်တော့ပေ။ သွေးထဲ၌ ရေပမာဏလွန်ကဲလာသည့်အခါ သွေးကျဲလာပြီး ရုတ်တရက်သွေးပေါင်ထိုးကျသွားခြင်းကို ဖြစ်စေနိုင်သလို အသက်အန္တရာယ်လည်း ရှိလာနိုင်သည်။

ပိုလျှံလာသောရေများကြောင့် ကိုယ်တွင်းဆဲလ်များက ပွလာနိုင်သော်လည်း ဦးနှောက်ဆဲလ်များကမူ အလိုက်သင့်ပွမလာနိုင်သည့်အတွက် ခေါင်းအလွန်ကိုက်ခြင်း၊ သတိလစ်ခြင်း၊ မေ့မြောသွားခြင်းများမှသည် အသက်ဆုံးရှုံးမှုထိပင် ဖြစ်ပွားနိုင်သည်။ ကမ္ဘာပေါ်၌ အရပ်ဒေသအသီးသီးတွင် ရေကိုအတိုင်းအဆမဲ့စွာ အလွန်အကျွံသောက်သုံးမှုကြောင့် အပြင်းအထန်ခေါင်းကိုက်သည့်ဝေဒနာကို ခံစားရသူများ၊ သတိလစ်မေ့မြောသွားသူများ အများအပြားရှိခဲ့သည်။ ၎င်းတို့အနက် အချို့မှာ ဆေးရုံနှင့် ဆေးကုသမှုဌာနများသို့ အချိန်မီရောက်ရှိပြီး ကုသမှုခံယူခဲ့ကြရာမှ ပြန်လည်ကျန်းမာလာသူများရှိသလို အသက်ဆုံးရှုံးသွားရသူများလည်း အများအပြားရှိခဲ့သည်။

အချို့သောနိုင်ငံများ၌မူ လူငယ်များ အချင်းချင်း ရေသောက်ပြိုင်ကြရာမှ မိမိအနိုင်ရရှိရေးအတွက် ရေကို အလွန်အကျွံသောက်မိသဖြင့် ခေါင်းအလွန်ကိုက်ကာ ထိုမှတစ်ဆင့် သတိလစ်မေ့မြောသွားပြီး အသက်ဆုံးရှုံးသွားခဲ့ရသောသာဓကမျိုးလည်း အများအပြားရှိခဲ့သည်။

ထိုသို့ဖြစ်ရခြင်းမှာ ခန္ဓာကိုယ်ထဲ၌ ရှိသင့်သော ရေပမာဏထက် အလွန်အကျွံပိုလျှံလာသည့်အခါ ခန္ဓာကိုယ်တွင်းရှိ ဆိုဒီယမ်ကဲ့သို့သောဓာတ်ဆားများ၏ ပါဝင်မှုအချိုးအစားသည် ပုံမှန်ရှိသင့်သောအတိုင်းအတာပမာဏအောက်သို့ များစွာလျော့နည်းကျဆင်းသွားပြီး ခန္ဓာကိုယ်အတွင်း၌ ပုံမှန်လှုပ်ရှားလည်ပတ်နေသော ဇီဝဓာတုဖြစ်စဉ်များကို ပျက်ယွင်းသွားစေသောကြောင့်ဖြစ်သည်။

ခန္ဓာကိုယ်တွင်းအင်္ဂါများ ပုံမှန်လှုပ်ရှားလည်ပတ်နေချိန်၌ သွေးထဲရှိရေနှင့် ဓာတ်ဆားများထဲမှ မလိုအပ်သည်များကို ဖယ်ရှားစစ်ထုတ်၍ ခန္ဓာကိုယ်ပြင်ပသို့ ကျင်ငယ်ရည်အဖြစ် စွန့်ထုတ်ပေးသည်။ ပိုလျှံနေသောရေများကြောင့် ဓာတ်ဆားအချိုးအစားများ ပြောင်းလဲသွားသည့်အခါ ကျောက်ကပ်၏ ပုံမှန်လုပ်ဆောင်ချက်များ ကစဉ့်ကလျားဖြစ်သွားခြင်းနှင့်အတူ အန္တရာယ်ရှိရေပိုများကိုလည်း ကျင်ငယ်အဖြစ်စွန့်ထုတ်နိုင်အောင် ကျောက်ကပ်က လုပ်ဆောင်ပေးနိုင်ခြင်းမရှိတော့ပေ။

တစ်ဖက်တွင်လည်း ပိုလျှံလွန်ကဲလာသောရေများနှင့် လိုက်လျောညီထွေဖြစ်အောင် ဦးနှောက်ဆဲလ်များက ဖောင်းပွမလာနိုင်တော့သည့်အတွက် သတိလစ်မေ့မြောကာ အသက်ဆုံးရှုံးသွားရခြင်းဖြစ်သည်။ ထို့ကြောင့် ရေကိုပမာဏများများဖြင့် အလွန်အကျွံသောက်သုံးခြင်းသည် အသက်အန္တရာယ်ရှိသောလုပ်ရပ်ဖြစ်သည့်အတွက် ထိုသို့သောလုပ်ရပ်မျိုးကို ရှောင်ရှားကြရမည်ဖြစ်သည်။

လူတို့၏ခန္ဓာကိုယ်နှင့် ရေသည် ခွဲခြား၍မရဘဲ အချိုးအစားညီညွတ်မျှတစွာ ဒွန်တွဲလျက် ရှင်သန်ရပ်တည်နေကြရသည်ဖြစ်ရာ ခန္ဓာကိုယ်အတွက်လိုအပ်သည့်ရေကို ပမာဏနည်းနည်းဖြင့် ပုံမှန်ဖြည့်ဆည်းသောက်သုံးခြင်း၊ ရေဓာတ်ပါဝင်သည့် အစားအစာများကို သင့်တင့်မျှတစွာ စားသုံးဖြည့်ဆည်းပေးခြင်း၊ ထိခိုက်ဒဏ်ရာရသည့်အခါ သွေးထွက်မလွန်စေရန် ဂရုစိုက်ခြင်း၊ ပူပြင်းသောရာသီကာလများတွင် ရေဓာတ်ဆုံးရှုံးမှုကိုဖြစ်စေသော ချွေးထွက်လွန်ခြင်းမျိုး မဖြစ်အောင်ဂရုပြုဆင်ခြင်ခြင်း၊ ရေကို အတိုင်းအဆမဲ့စွာ အလွန်အကျွံသောက်သုံးခြင်းမျိုးမှရှောင်ရှားခြင်း စသည်တို့ကို လိုက်နာလုပ်ဆောင်ကြခြင်းအားဖြင့် ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်ခွင့်ရရှိကြလိမ့်မည်ဖြစ်ပေသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်လေးခု ခွင့်ပြုပေးခဲ့

**မုံရွာ ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း လုပ်သား ၃၃၉ ဦးအတွက် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းသစ်များပေါ်ထွက်လာမည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်လေးခု ခွင့်ပြုပေးခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်လေးခုကို လုပ်ကိုင်ခွင့်ပြုခဲ့သဖြင့် အဆိုပါလုပ်ငန်းသစ်များမှ လုပ်သားအင်အား ၃၃၉ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မည်ဖြစ်ပြီး လုပ်ငန်းအမျိုးအစားများမှာ စက်မှုလုပ်ငန်းများဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်းမှာ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေနဲ့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလေးခုကို ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုကတော့ ငွေကျပ်သန်း ၈၂၄၀ ဖြစ်ပါတယ်။ လက်ရှိမှာ ကုမ္ပဏီ ၄၆ ခုကို ကွင်းဆင်းစစ်ဆေးပြီး စီးပွားဖြစ်စတင်နိုင်မှုမရှိသေးတဲ့ လုပ်ငန်းအခု ၂၀ ကို တည်ဆောက်ရေးကာလ သက်တမ်းတိုးမြှင့်ပေးနိုင်ခဲ့ပါတယ်"ဟု ဦးမင်းလွင်က ပြောပြသည်။

အဆိုပါကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များအပါအဝင် လည်ပတ်လျက်ရှိသည့် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ခြင်း၊ လုပ်သားအင်အားတိုးမြှင့်ခြင်းတို့ရှိခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလုပ်အကိုင် အခွင့်အလမ်းသစ်များဖန်တီးပေးနိုင်ရန် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လစဉ်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။ ASH



# ကြို့ပင်ကောက်မြို့နယ် ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ထားမှု စစ်ဆေး

**ကြို့ပင်ကောက် ဧပြီ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ထားရှိမှုများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးလွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ အတိုးအရင်းငွေများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ကြို့ပင်ကောက်မြို့နယ် ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပဥ္စမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သူ အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၅ သန်းကို ထုတ်ချေးထားကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးလွင်ထံမှ သိရသည်။

**ကိုညို**

# မျိုးဆက်သစ်တို့အားမာန်ချီ

\- ဝေဟင်လေထဲ ခုန်ပျံဝဲ၍
အမြဲသွက်လက် အားမာန်တက်၍
အဖျက်ရန်စွယ် တိုက်ထုတ်ဖယ်ပေး
အသက်သွေးချွေး စဉ်မနှေးဘဲ
ရဲသွေးနီခြွေ ပေးဆပ်သူတွေ
ပြည်သူချစ်သော တပ်မတော်(လေ)။

\- ကောင်းကင်တမွတ် ကြယ်ကိုဆွတ်လည်း
မလွတ်စတမ်း ရမြဲတမ်းဟု
မျှော်မှန်းမှတ်ရည် ဖွဲ့စိတ်တည်ပြီး
ရှေ့ဆီလှမ်းတက် ဝေဟင်ထက်မှ
ပျက်ကွက်မလပ် သတိချပ်လျက်
စောင့်ကြပ်ပေးနေ တပ်မတော်(လေ)။

\- အမိမြန်ပြည် သမိုင်းတည်ရှိ
ကမ္ဘာသိအောင် တို့လုပ်ဆောင်မည်
ဂုဏ်ရောင်ထွန်းလင်း မှီခိုကင်း၍
ကြွင်းမဲ့အာဏာ ဒို့မြန်မာပိုင်
သံပြိုင်ဟစ်ကြွေး ရှည်မြော်တွေးလို့
တို့သွေးတို့သက် ပေးဆပ်သူတွေ
ဝေဟင်ထက်မှ တပ်မတော်(လေ)။

\- ပျံသန်းရေးရာ နည်းပညာများ
စံထားတိုးတက် ဂုဏ်ရည်ထက်ဖို့
လင်းလက်အမွေ ပေးအပ်စေသည်
လေကြောင်းလူငယ် မျိုးဆက်ငယ်သို့
လမ်းကြောင်းပေးနေ တပ်မတော်(လေ)။

\- သိကြွယ်ပညာ မြင့်မားစွာဖြင့်
ရှည်ကြာတိုးတက် မြင့်ထက်မြင့်အောင်
စွမ်းဆောင်မပြတ် အားထုတ်လျက်ပါ
မျိုးဆက်သစ်တို့ အားမာန်ချီ။
အနာဂတ်ရဲ့ သားဇာနည်။
လေကြောင်းလူငယ် ခေတ်ဖြစ်သည်။ ။

**သွင်ညိုဆွေ(ထီလာမြေ)**

# မြစ်ကြီးနားမြို့၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မြစ်ကြီးနား ဧပြီ ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းဆွေက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ၊ လုပ်ငန်းအစီအမံများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ရုံးအဆောက်အအုံမြေနေရာများ၊ ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းဦးက ဌာနစိတ်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ခရိုင်နှင့်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှတာဝန်ခံများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူး (မြို့ပြ)က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်နိုင်**

# နိုင်ငံတကာ သတင်းများ

## တရုတ်နှင့် စင်ကာပူ ပူးတွဲစစ်ရေးလေ့ကျင့်မှု ယခုရက်သတ္တပတ်အတွင်း ပြုလုပ်မည်

**ပေကျင်း ဧပြီ ၂၄**

ယခု ရက်သတ္တပတ်အတွင်း နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ရန် တရုတ်နိုင်ငံနှင့်စင်ကာပူ နိုင်ငံတို့က စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှု သည် တရုတ်နှင့်စင်ကာပူနိုင်ငံတို့ အတွက် ၂၀၂၀ ခုနှစ်နောက်ပိုင်း ပထမဆုံး နှစ်နိုင်ငံပူးတွဲစစ်ရေး လေ့ကျင့်မှုဖြစ်လာမည်ဖြစ်သည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှု ၌ တရုတ်ရေတပ်မှ ယူလင်အမည်ရှိ ဒုံးကျည်တင်စစ်သင်္ဘောတစ်စီး နှင့် ချီပီအမည်ရှိ မိုင်းရှင်းသင်္ဘော တစ်စီးတို့ ပါဝင်မည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

စစ်ရေးလေ့ကျင့်မှုပြုလုပ်မည့် နေရာစတင်မည့်အချိန်အတိအကျ ကို တရုတ်ကာကွယ်ရေးဝန်ကြီးဌာန က ထုတ်ဖော်ပြောကြားခြင်းမရှိ ကြောင်း သိရသည်။

၂၀၂၀ ခုနှစ်အတွင်း တရုတ် နှင့် စင်ကာပူနိုင်ငံတို့သည် တောင် တရုတ်ပင်လယ်ဒေသတောင်ဘက် ပိုင်း၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ဖူးသည်။

တရုတ်နိုင်ငံသည် အရှေ့ တောင်အာရှ၌ အမေရိကန်နိုင်ငံ နှင့်အပြိုင် ဩဇာတည်ဆောက်ရေး အတွက် အရှေ့တောင်အာရှနိုင်ငံ များနှင့် စစ်ရေး၊ လုံခြုံရေးဆက်ဆံ မှုများမြှင့်တင်ရန် ကြိုးပမ်းလျက် ရှိကြောင်း သိရသည်။ KKO

## ဆူဒန်နိုင်ငံရှိ နိုင်ငံသားများကို ဆွစ်ဇာလန်ခေါ်ထုတ်၍ သံရုံးပိတ်သိမ်း



**ဂျိနီဗာ ဧပြီ ၂၄**

ဆွစ်ဇာလန်နိုင်ငံသည် ဆူဒန် နိုင်ငံ ခါတွမ်မြို့ရှိ ဆွစ်ဇာလန်သံရုံး ကို ပိတ်သိမ်း၍ သံတမန်များနှင့် မိသားစုဝင်များကို ဆူဒန်နိုင်ငံတွင်း မှ ခေါ်ထုတ်ခဲ့ကြောင်း ရိုက်တာ သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

ခါတွမ်မြို့သံရုံးမှ သံတမန်အမှု ထမ်းများနှင့် မိသားစုဝင်များကို ခေါ်ထုတ်၍ ဘေးကင်းရာသို့ ပို့ဆောင်ပေးထားပြီး ဖြစ်ကြောင်း ဆွစ်ဇာလန် နိုင်ငံခြားရေးဝန်ကြီး ဌာနက ယနေ့တွင် အတည်ပြု ကြေညာထားသည်။

ဆူဒန်နိုင်ငံ၏ လက်ရှိလုံခြုံရေး အခြေအနေအရ ဆွစ်ဇာလန်နိုင်ငံ က သံရုံးပိတ်သိမ်း၍ သံတမန်အမှု ထမ်းများနှင့် မိသားစုဝင်များအား ခေါ်ထုတ်ခဲ့ခြင်းဖြစ်သည်။

ဆူဒန်နိုင်ငံ၌ လက်ရှိအချိန်တွင် ဆူဒန်စစ်ဘက်နှင့် အာရ်အက်စ် အက်ဖ် ခေါ် ပြည်သူ့စစ်အုပ်စုတို့ ကြားတိုက်ပွဲများ ဖြစ်ပွားလျက် ရှိသည်။

ဧပြီ ၁၅ ရက်တွင် စတင်ခဲ့သော အဆိုပါတိုက်ပွဲများကြောင့် အမေ ရိကန်၊ ဂျာမနီ၊ ဗြိတိန်စသည့်နိုင်ငံ များကလည်း ၎င်းတို့၏နိုင်ငံသား များကို ဆူဒန်နိုင်ငံမှ အရေးပေါ် ခေါ်ထုတ်ခဲ့ကြသည်။

လက်ရှိအချိန်တွင် ဆွစ်ဇာလန် အစိုးရသည် ဆူဒန်နိုင်ငံတွင်း၌ ကျန်ရှိနေဆဲဖြစ်သည့် နိုင်ငံသား များကို ဆက်လက်ခေါ်ထုတ်ရေး အတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

KKO

## ရုရှားရေငုပ်သင်္ဘော ဂျပန်ပင်လယ်ဒေသ၌ စစ်ရေးလေ့ကျင့်မည်



**မော်စကို ဧပြီ ၂၄**

ရုရှားရေတပ်၏ ရေငုပ်သင်္ဘော ချေမှုန်းရေး ဖျက်သင်္ဘောဖြစ် သော အက်ဒ်မိုင်ရယ်ထရီဘတ်စ် စစ်သင်္ဘောသည် ဂျပန်ပင်လယ် ဒေသ၌ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ရိုက်တာ သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

အက်ဒ်မိုင်ရယ်ထရီဘတ်စ်၏ စစ်ရေးလေ့ကျင့်မှုအတွင်း ပစ်မှတ် တုများအသုံးပြုမည့် ရန်သူ့ရေငုပ် သင်္ဘောချေမှုန်းရေးလေ့ကျင့်မှုများ ပါဝင်မည်ဖြစ်ကြောင်း ရုရှား ပြည်တွင်းမီဒီယာများက ယနေ့ တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားရေတပ် ပစိဖိတ်ရေတပ် အုပ်စု စစ်ရေးလေ့ကျင့်မှုအစီအစဉ် အရ အက်ဒ်မိုင်ရယ်ထရီဘတ်စ် သည် ဂျပန်ပင်လယ်ဒေသ၌ ရေငုပ် သင်္ဘောချေမှုန်းရေးလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ရုရှား ပစိဖိတ်ရေတပ်အုပ်စု၏ သတင်း ထုတ်ပြန်ချက်အရ သိရသည်။

ယူကရိန်းပြဿနာကို အကြောင်း ပြု၍ ဂျပန်နှင့် ရုရှားနိုင်ငံတို့ကြား ဆက်ဆံရေး မကျေမလည်ဖြစ်နေ စဉ် အက်ဒ်မိုင်ရယ်ထရီဘတ်စ် စစ်သင်္ဘောက ဂျပန်ပင်လယ်၌ စစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် စီစဉ် ထားခြင်းဖြစ်သည်။

ယူကရိန်းပြဿနာကို အကြောင်း ပြု၍ ဂျပန်နိုင်ငံသည် အနောက် အုပ်စုနိုင်ငံများနှင့်လက်တွဲ၍ ရုရှား နိုင်ငံအပေါ် စီးပွားရေးအရ အရေး ယူပိတ်ဆို့မှုများ ချမှတ်ထားသည်။

၁၉၈၃ ခုနှစ်တွင် ရုရှားရေတပ် ၌ စတင်တပ်တော်ဝင်ခဲ့သောအက်ဒ် မိုင်ရယ်ထရီဘတ်စ်သည် ရုရှား ရေတပ် ပစိဖိတ်ရေတပ်အုပ်စု၏ အဓိကရေငုပ်သင်္ဘော ချေမှုန်းရေး စစ်သင်္ဘောတစ်စီးဖြစ်သည်။

ယင်းစစ်သင်္ဘော စစ်ရေး လေ့ကျင့်မှု ပြုလုပ်မည့်အချိန်ကို ရုရှားပစိဖိတ်ရေတပ်က ထုတ်ဖော် ကြေညာခြင်း မရှိသေးကြောင်း သိရသည်။ KKO

## တရုတ်(တိုင်ပေ)အရှေ့မြောက်ကမ်းလွန်၌ တရုတ်လေယာဉ်တင်သင်္ဘောရှိနေဆဲဖြစ်

**တိုင်ပေ ဧပြီ ၂၄**

ရှန်တောင်း လေယာဉ်တင် သင်္ဘောဦးဆောင်သည့် တရုတ် ရေတပ်သင်္ဘော အုပ်စုတစ်စုသည် တရုတ်(တိုင်ပေ)အရှေ့မြောက်ဘက် ရေမိုင် ၁၂၀ ခန့်အကွာသို့ ရောက်ရှိ နေကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါရေတပ် စစ်သင်္ဘော အုပ်စု၏လှုပ်ရှားမှုများကို မျက်ခြေ မပြတ် စောင့်ကြည့်နေကြောင်း တရုတ်(တိုင်ပေ) ကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန် ထားသည်။

ရှန်တောင်း လေယာဉ်တင် သင်္ဘောသည် တရုတ်နိုင်ငံက ယခုလအစောပိုင်းတွင် တရုတ် (တိုင်ပေ)ကျွန်း ပတ်ပတ်လည်၌ ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှု များ၌ ပါဝင်ခဲ့သော လေယာဉ်တင် သင်္ဘောဖြစ်သည်။

ရှန်တောင်း လေယာဉ်တင် သင်္ဘောသည် တရုတ်(တိုင်ပေ)နှင့် ဖိလစ်ပိုင်တို့ကို ပိုင်းခြားထား သည့် ဘာရှီရေလက်ကြားကိုဖြတ်၍ တရုတ်(တိုင်ပေ)ကျွန်း အရှေ့ မြောက်ဘက် အနောက်ပစိဖိတ် သမုဒ္ဒရာရေပြင်အတွင်း ရောက်ရှိ လာခြင်းဖြစ်သည်။

ရှန်တောင်း လေယာဉ်တင် သင်္ဘောနှင့် အခြံအရံစစ်သင်္ဘော များသည် တရုတ်(တိုင်ပေ)ကျွန်း အရှေ့မြောက်ဘက် ရေမိုင် ၁၂၀ ခန့်အကွာ၌ တည်ရှိနေဆဲဖြစ် ကြောင်းတရုတ်(တိုင်ပေ) ကာကွယ် ရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

ရှန်တောင်း လေယာဉ်တင် သင်္ဘောသည် ၂၀၁၉ ခုနှစ်တွင် စတင်တပ်တော်ဝင်ခဲ့သည့် ဒုတိယ မြောက် တရုတ်ရေတပ်လေယာဉ် တင်သင်္ဘော ဖြစ်ကြောင်း သိရသည်။

KKO

## ပြည်ပကျွမ်းကျင်အလုပ်သမားများ ကာလရှည်အလုပ်အကိုင်ဗီဇာရယူနိုင်မည့် လုပ်ငန်းနယ်ပယ်များကိုထပ်တိုးရန် ဂျပန်နိုင်ငံစီစဉ်

**တိုကျို ဧပြီ ၂၄**

ပြည်ပကျွမ်းကျင်အလုပ်သမား များ ကာလရှည်အလုပ်အကိုင်ဗီဇာ ရယူနိုင်မည့် လုပ်ငန်းနယ်ပယ် များကို ထပ်တိုးရန် ဂျပန်နိုင်ငံက စီစဉ်နေကြောင်း ရိုက်တာ သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

ပြည်ပကျွမ်းကျင်အလုပ်သမား များ ကာလရှည်အလုပ်အကိုင်ဗီဇာ ရယူနိုင်မည့် လုပ်ငန်းနယ်ပယ်များ ကို ထပ်တိုးရာတွင် ဂျပန်အစိုးရ အနေဖြင့် အစားအစာဝန်ဆောင်မှု လုပ်ငန်းကိုပါ ထည့်သွင်းပေးဖွယ် ရှိကြောင်း သိရသည်။

ဂျပန်အစိုးရသည် ပြည်ပ ကျွမ်းကျင်အလုပ်သမားများ နှစ်ရှည် ဗီဇာရယူနိုင်သည့်လုပ်ငန်းနယ်ပယ် များကို လက်ရှိတွင် သုံးမျိုးသာ သတ်မှတ်ထားသည်။



သို့သော်ဂျပန်အခြေစိုက်နစ်ကိုင်း အေးရှားသတင်းစာ၏ အဆိုအရ ဂျပန်အစိုးရသည် ပြည်ပကျွမ်းကျင် အလုပ်သမားများ ကာလရှည်ဗီဇာ ရယူနိုင်မည့် လုပ်ငန်းနယ်ပယ် အရေအတွက်ကို ၁၂ ခုထိ တိုးမြှင့် မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင်းရှိ ပြည်ပ ရွှေ့ပြောင်းအလုပ်သမား အများစု မှာ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်ကဲ့သို့ အရှေ့တောင်အာရှ နိုင်ငံများမှ နိုင်ငံသားများဖြစ် ကြသည်။

သက်ကြီးလူဦးရေ မြင့်တက် လာမှုကြောင့် အလုပ်သမားရှားပါး မှုပြဿနာနှင့် ရင်ဆိုင်နေရသော် လည်း ဂျပန်နိုင်ငံသည် ပြည်ပ ရွှေ့ပြောင်း အလုပ်သမားများကို ကျယ်ကျယ်ပြန့်ပြန့် နေရာပေးရန် တုံ့ဆိုင်းနေဆဲ ဖြစ်ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နာဆာက အားတီးမစ်မစ်ရှင်အသွင် လမျက်နှာပြင်ပေါ်၌ အခြေစိုက်စခန်း တစ်ခုထက်မက တည်ဆောက်နိုင်ဖွယ်ရှိ



**ဝါရှင်တန် မေ ၂၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် အားတီးမစ် မစ်ရှင်အသွင် လမျက်နှာပြင်ပေါ်၌ အခြေစိုက်စခန်းတစ်ခုထက်မက တည်ဆောက်နိုင်ဖွယ်ရှိကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၂၃ ရက်က ရေးသားတင်ပြထားသည်။

အားတီးမစ် မစ်ရှင်များအတွက် လမျက်နှာပြင်ပေါ်၌ အားတီးမစ်ဘေ့စ်ကမ့်အမည်ရှိ အခြေစိုက်စခန်းတစ်ခုသာ တည်ဆောက်မည်ဖြစ်ကြောင်း နာဆာအဖွဲ့က ၂၀၂၀ ပြည့်နှစ်အတွင်း ကြေညာထားသည်။

သို့ရာတွင် နာဆာအဖွဲ့အနေဖြင့် အားတီးမစ် မစ်ရှင် လကမ္ဘာအခြေစိုက်စခန်းများကို တစ်ခုထက်မက တည်ဆောက်နိုင်ဖွယ်ရှိကြောင်း နာဆာထိပ်တန်းတာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားထားသည်။

အားတီးမစ်ဘေ့စ်ကမ့်တစ်ခုတည်ထားမည့်အစား အခြေစိုက်စခန်းငယ်များ ခွဲထားခြင်းဖြင့် သိပ္ပံပညာ လေ့လာရေးလုပ်ငန်းများအတွက် ပို၍အထောက်အကူပေးနိုင်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

နာဆာအဖွဲ့သည် အားတီးမစ်ဘေ့စ်ကမ့်လအခြေစိုက်စခန်းကို လကမ္ဘာတောင်ဝင်ရိုးစွန်း ရှက်ကလက်တန်ဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ တည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

လအခြေစိုက်စခန်း တည်ဆောက်ရေးစီမံချက်ကို စွမ်းအင်ထုတ်လုပ်မှုစနစ်များ၊ ဖြာထွက်ရောင်ခြည်ကာကွယ်ရေးစနစ်များ၊ အမှိုက်သရိုက် အညစ်အကြေးစွန့်ပစ်မှုစနစ်များနှင့် အာကာသယာဉ်ဆင်းသက်ရေး ဇရိယာတို့ပါဝင်ကြောင်း သိရသည်။

KKO


## အင်္ဂလန်နိုင်ငံ ဒေသသုံးခုတို့၌ ရှာဖွေတွေ့ရှိထားသော ထူးဆန်းသည့် သွားကျောက်ဖြစ်ရုပ်ကြွင်းများက ဒိုင်နိုဆောတစ်ကောင်၏ သွားရုပ်ကြွင်းများဖြစ်နိုင်

**လန်ဒန် မေ ၂၄**

အင်္ဂလန်နိုင်ငံ ဒေသသုံးခုတို့၌ ရှာဖွေတွေ့ရှိထားသော ထူးဆန်းသည့် သွားကျောက်ဖြစ်ရုပ်ကြွင်းများသည် ကတ်ကြေးကဲ့သို့လက်သည်းများပိုင်ဆိုင်ထားသော ဒိုင်နိုဆောတစ်ကောင်၏ သွားရုပ်ကြွင်းများဖြစ်နိုင်ကြောင်း The Daily Mail သတင်းစာက မေ ၂၃ ရက်က ရေးသားတင်ပြထားသည်။

Therizinosaur ခေါ် အဆိုပါဒိုင်နိုဆောများသည် လွန်ခဲ့သောနှစ်ပေါင်း ၁၆၈ သန်းခန့်က ယနေ့ခေတ် ဗြိတိန်နိုင်ငံ၌ ရှင်သန်ကျက်စားခဲ့ကြကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

Therizinosaur ဒိုင်နိုဆောများ၏ သွားကျောက်ဖြစ်ရုပ်ကြွင်းများကို အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်ရှိုင်းယားဒေသ ဂလိုဆက်စတာရှိုင်းယားဒေသနှင့် ဒေါ်ဆက်ဒေသများ၌ တွေ့ရှိခဲ့ရခြင်းဖြစ်သည်။







Therizinosaur ဒိုင်နိုဆောများသည် ခရီတေးစီးယပ်စ်ဘူမိခေတ် ကမ္ဘာဦးသတ်ရှိများဖြစ်ကြပြီး အသီးအရွက်စား ဒိုင်နိုဆောအုပ်စုဝင်များဖြစ်ကြသည်။

အဆိုပါဒိုင်နိုဆောများသည် ကတ်ကြေးပုံသဏ္ဍာန် လက်သည်းများကြောင့် ပုံစံတမူထူးခြားသော ဒိုင်နိုဆောမျိုးစိတ်များထဲတွင်ပါဝင်ကြောင်း သိရသည်။

Therizinosaur ဒိုင်နိုဆောများသည် ယနေ့ခေတ်များ၏ ကမ္ဘာဦးဘိုးဘေးအဆက်အနွယ်များထဲတွင် ပါဝင်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

## ဆင်ဟွာဂြိုဟ်တုက အာကာသအမှိုက်စများကို တိကျစွာခြေရာခံစောင့်ကြည့်ရေးအတွက် အချက်အလက်များ စုဆောင်းပေးနေပြီဖြစ်

**ပေကျင်း မေ ၂၄**

တရုတ်နိုင်ငံ၏ ဆင်ဟွာအမည်ရှိ ဂြိုဟ်တုသည် အာကာသအမှိုက်စများကို တိကျစွာခြေရာခံစောင့်ကြည့်နိုင်ရေးအတွက် အချက်အလက်များစုဆောင်းပေးနေပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက မေ ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ဆင်ဟွာဂြိုဟ်တုကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချီကွမ်းအာကာသစခန်းမှတစ်ဆင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၆ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းဂြိုဟ်တုသည် လက်ရှိအချိန်တွင် အာကာသအမှိုက်များကို တိကျစွာခြေရာခံစောင့်ကြည့်ရေးအတွက် ပတ်လမ်းဆိုင်ရာသတင်း အချက်အလက်များကို ရယူပေးနေသည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အလေးချိန် ၂၁ ဒသမ ၂ ကီလိုဂရမ်သာရှိသော ဆင်ဟွာဂြိုဟ်တုသည် လက်ရှိအချိန်တွင် ကမ္ဘာမြေပြင်အထက် အမြင့် ကီလိုမီတာ ၅၀၀ အကွာရှိ ပတ်လမ်းပေါ်တွင် နေရာယူထားကြောင်း တရုတ်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ဆင်ဟွာဂြိုဟ်တုသည် ယခုနှစ်စပိုင်းအတွင်း အာကာသအမှိုက်တစ်စနှင့် ဝင်တိုက်မည့်အရေးမှ ကပ်လွတ်ခဲ့သော ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် အမှတ်(၄၉၈၆၃)ဟူ၍ အမည်ပေးထားသော အာကာသအမှိုက်စသည် ဆင်ဟွာဂြိုဟ်တုကို ၁၄ ဒသမ ၅ မီတာအကွာမှ ဖြတ်ကျော်ခဲ့ကြောင်း သိရသည်။

KKO

# HEALTH

## အမျိုးသမီးများ မျိုးဥအိမ်ဇီဝသက်တမ်းအိုမင်းမှု အသုံးများသည့်ကင်ဆာဆေးတစ်မျိုးက လျှော့ချနိုင်

**နယူးယောက် မေ ၂၄**

အသုံးအစွဲများသော ကင်ဆာရောဂါဆေးတစ်မျိုးသည် အမျိုးသမီးတို့၏ မျိုးဥအိမ်များ အိုမင်းလာမှုကိုလျှော့ချနိုင်ပြီး ရင်သွေးလွယ်နိုင်စွမ်းရှိသည့်ကာလကို ဆွဲဆန့်ပေးနိုင်ကြောင်း The Daily Mail သတင်းစာက မေ ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

Rapamycin အမည်ရှိအဆိုပါကင်ဆာဆေးသည် အမျိုးသမီးများ၏ မျိုးဥအိမ်များ ဇီဝသက်တမ်းအရ အိုမင်းမှုကိုတားဆီးလျှော့ချပေးနိုင်ပြီး မျိုးဆက်ပွားနိုင်စွမ်းရှိသည့်ကာလကိုလည်း ဆွဲဆန့်ပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

Rapamycin ဆေးသည် တစ်ပတ်တစ်ကြိမ်သုံးရန်လိုအပ်သည့်ဆေးတစ်မျိုးဖြစ်ပြီး ကင်ဆာရောဂါများကုသရေးနှင့် ကိုယ်တွင်းအင်္ဂါများ အစားထိုးကုသရာတွင် အင်္ဂါသစ်ကို လူ့ကိုယ်ခန္ဓာက ငြင်းဆန်မှုပြဿနာကို ကုသရာ၌အသုံးပြုကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဆေးကို ဇီဝသက်တမ်းအိုမင်းမှုကို လျှော့ချပေးနိုင်သည့်ဆေး (Geroprotector) အဖြစ်လည်း ဆေးပညာရှင်များက သတ်မှတ်ထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် Rapamycin ဆေး၏ ဇီဝသက်တမ်းအိုမင်းမှုလျှော့ချနိုင်စွမ်း အကျိုးကျေးဇူးမှာ အမျိုးသမီးများ၏မျိုးဥအိမ်အပေါ် အကျိုးသက်ရောက်မှုမရှိ၊မရှိ လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ Rapamycin ဆေးသည် အမျိုးသမီးများမွေတာရာသီကာလကိုလည်း ဆန့်ထုတ်ပေးနိုင်ကြောင်း သိရသည်။

KKO

## ကာလသားရောဂါ (Gonorrhoea) က နမ်းရှုပ်မှုမှ ကူးစက်နိုင်

**ဒေလီ မေ ၂၄**

ကာလသားရောဂါ (Gonorrhoea) သည် နမ်းရှုပ်မှုမှလည်း ကူးစက်နိုင်ကြောင်း ထိပ်တန်းသုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက မေ ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

ရှေးယခင်က ကာလသားရောဂါသည် ပွေ့ဖက်နမ်းရှုပ်မှုမှ ကူးစက်နိုင်မှုမရှိဘဲ အကာအကွယ်မဲ့ လိင်ဆက်ဆံချိန်မှသာ ကူးစက်တတ်သည်ဟု လက်ခံထားကြကြောင်း သိရသည်။

သို့ရာတွင် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းတက္ကသိုလ်မှ ထိပ်တန်းလိင်ကျန်းမာရေးသုတေသနပညာရှင်များ၏အဆိုအရ ကာလသားရောဂါသည် နမ်းရှုပ်မှုမှလည်း ကူးစက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ဩစတြေးလျသုတေသနပညာရှင်များသည် ကာလသားရောဂါနှင့် နမ်းရှုပ်မှုတို့ကြား ဆက်စပ်မှုရှိ၊မရှိကို ဖော်ထုတ်ရေးအတွက် ယခင်ပြုလုပ်ခဲ့သည့် လေ့လာချက်ပေါင်း ခြောက်ခုကို ပြန်လည်စိစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့် ရလဒ်များအရ ကာလသားရောဂါသည် နမ်းရှုပ်မှုမှလည်း ကူးစက်နိုင်ခြေရှိသည်ကိုတွေ့ရကြောင်း ဩစတြေးလျသုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ အထက်ပါလေ့လာတွေ့ရှိချက်အရ ကာလသားရောဂါကူးစက်မှုကာကွယ်ရေးလမ်းညွှန်ချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်ရနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘရိုက်တန်အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူပြီး မန်ယူအသင်း အက်ဖ်အေဖလား ဗိုလ်လုပွဲတက်ရောက်



**မန်ချက်စတာ မေ ၂၄**

အက်ဖ်အေဖလားဆီမီးဖိုင်နယ် ပွဲစဉ်အဖြစ် ဘရိုက်တန်အသင်းနှင့် မန်ယူအသင်းတို့ ကစားခဲ့ရာတွင် မန်ယူအသင်းက ပင်နယ်တီအဆုံး အဖြတ်တွင် ခုနစ်ဂိုး ခြောက်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်ကိုဘရိုက်တန် အသင်းက အိမ်ကွင်းတွင် ဧည့်ခံ ကစားရသဖြင့် ပွဲအစကတည်းက ဖိအားပေးမှုများ ပြုလုပ်၍ ဘရိုက်တန်အသင်းက ဘောလုံး ပိုင်ဆိုင်မှုအသာဖြင့် ထိန်းချုပ်ကစား နိုင်ခဲ့သဖြင့် မန်ယူအသင်း အခက် တွေ့ခဲ့ရပြီး ပွဲချိန်အတွင်း နှစ်သင်း စလုံး ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးသမား များ၏ လက်စွမ်းပြသနိုင်မှုကြောင့် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ရာ အချိန်ပိုဆက်လက်ကစားခဲ့ရကြောင်း သိရသည်။

အချိန်ပိုပွဲကစားချိန်တွင်လည်း မန်ယူအသင်းက လူစားလဲမှုများ ပြုလုပ်၍ တိုက်စစ်မြှင့်ခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သောကြောင့် ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရ ပြီး ပင်နယ်တီကန်သွင်းခဲ့ရာတွင် ဘရိုက်တန်အသင်းက စတင် ကန်သွင်းခွင့်ရခဲ့ကာ ခုနစ်ကြိမ် မြောက်၌ ဆိုလီမက်က ပင်နယ်တီ လွဲချော်ခဲ့သော်လည်း မန်ယူအသင်း မှ ကက်စ်မဲရိုး၊ ဒါလော့၊ ဆန်ချို ရက်ရှ်ဖို့ဒ်၊ ဆာဘစ်ဇာ၊ ဝက်ဟို့စ် နှင့် လင်ဒီလော့တို့က ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ပြီး ခုနစ်ဂိုး ခြောက်ဂိုး ဖြင့်အနိုင်ယူပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

မန်ယူအသင်းသည် ဗိုလ်လု ပွဲစဉ်တွင် ရှက်ဖီးလ်(U)အသင်းကို သုံးဂိုးပြတ်ဖြင့်အနိုင်ရခဲ့သည့် မြို့ခံ ပြိုင်ဘက် မန်စီးတီးအသင်းနှင့် ဇွန် ၃ ရက်တွင် ယှဉ်ပြိုင်ကစား ရမည်ဖြစ်ကြောင်း သိရသည်။

ML

# Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆုကို လီလီယာပူဆွတ်ခူး

**တက္ကဆက် မေ ၂၄**

အမေရိကန်နိုင်ငံ တက္ကဆက် ပြည်နယ် ဝုဒ်လန်းတွင်ကျင်းပခဲ့ သည့် Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်မယ် လီလီယာပူ က ဆွတ်ခူးနိုင်ခဲ့ကြောင်း LPGA က ယနေ့တွင် ဖော်ပြခဲ့သည်။

လီလီယာပူသည် နောက်ဆုံး နေ့အပြီးတွင် အမေရိကန်ဂေါက်သီး ရိုက်မယ် အိန်ဂျယ်ယင်နှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာအမှတ်ပေး ဇယားထိပ်တွင် ဦးဆောင်နိုင်ခဲ့သည့် အတွက် ချန်ပီယံဆုအဆုံးအဖြတ် အဖြစ် Play-off ဆက်လက် ယှဉ်ပြိုင်ခဲ့ရသည်။

Play-off တွင် လီလီယာပူက အနိုင်ရရှိခဲ့ပြီး တတိယနေ့နှင့် နောက်ဆုံးနေ့တွင် ရလဒ်ကောင်း များရရှိခဲ့သည့် အိန်ဂျယ်ယင် အနေဖြင့် ချန်ပီယံဖြစ်မည့်အရေး ဖြင့် လွဲချော်ခဲ့ရပြီး အိန်ဂျယ်ယင် သည် ဒုတိယနေရာဖြင့်သာကျေနပ် ခဲ့ရကာ ကမ္ဘာ့အဆင့်(၂) ဂေါက်သီး ရိုက်မယ် နယ်လီကော့ဒါက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက် လျော့ရိုက်၍ အမှတ်ပေးဇယား၏ တတိယနေရာ၌ရပ်တည်နိုင်ခဲ့သည်။

လီလီယာပူက "အခုချိန်အပျော် တွေ ပြည့်နေတဲ့အတွက် ပျော်ရွှင်မှု တွေကိုဘယ်လိုစကားလုံးနဲ့ဖော်ပြရ မလဲမသိပါဘူး။ ချန်ပီယံဖြစ်ဖို့ အခွင့်အရေး နည်းပါးခဲ့ပေမဲ့ နောက်ဆုံးနေ့မှာ ထင်မှတ်မထားတဲ့ ပုံစံနဲ့ကစားနိုင်ခဲ့လို့ အခုလိုချန်ပီယံ ဖြစ်ခွင့်ရခဲ့တာပါ။ ကျွန်မအနေနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေမှာ ရလဒ်ကောင်းရယူနိုင်ခဲ့တာ ရှားပါ တယ်။ ပြိုင်ပွဲဝင်တိုင်း ရလဒ်တွေ မဆိုးရွားပါစေနဲ့လို့ပဲ မျှော်လင့်နေ ခဲ့မိတယ်။ ကျွန်မနဲ့အတူ ပြိုင်ပွဲဝင် နေကြတဲ့ ပြိုင်ပွဲဝင်အများစုကို ကြည့်လိုက်တော့ အားလုံးကကိုယ်စီ အောင်မြင်မှုတွေနဲ့ပါ။တခြားပြိုင်ပွဲ ဝင်တွေနဲ့လဲ ကိုယ့်ကိုယ်ကိုယ်အမြဲ ယှဉ်ပြီးသုံးသပ်တယ်။ အဲ့လိုယှဉ်ပြီး သုံးသပ်လိုက်တိုင်းလဲ ဝမ်းနည်းရ တယ်။ နောက်ဆုံးကျွန်မသိလိုက်ရ တာကတော့ လူတိုင်းကကိုယ်လမ်း ကြောင်းနဲ့ကိုယ်သွားနေကြတာပါ။ ဒါကြောင့် တစ်ခြားသူနဲ့ကိုယ့်ဘဝ ကို သွားပြီးယှဉ်ကြည့်နေစရာမလို ဘူးဆိုတဲ့အသိနဲ့ ယှဉ်ပြိုင်ခဲ့ပါ တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# ကွင်းလယ်ဒိုင်ကို ပရိသတ်တစ်ဦးက ဘီယာဖြင့် ပက်ဖျန်းခဲ့သည့်အတွက် ဇဝ့်စ်ကာနှင့် အက်ဆန်အသင်းတို့ပွဲစဉ်ကို ရွှေ့ဆိုင်း

**ဘာလင် မေ ၂၄**

ပြီးခဲ့သည့် တနင်္ဂနွေနေ့က ကစားခဲ့သည့် ဂျာမန်တတိယတန်း ပွဲစဉ်အဖြစ် ဇဝ့်စ်ကာနှင့်အက်ဆန် အသင်းတို့ပွဲစဉ်တွင် ကွင်းလယ်ဒိုင် ဝင်းတားကို အိမ်ရှင်ပရိသတ် တစ်ဦးက ဘီယာဖြင့် မျက်နှာကို ပက်ဖျန်းခဲ့မှုကြောင့် ပြိုင်ပွဲကို ရွှေ့ဆိုင်းခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အိမ်ရှင် ဇဝ့်စ်ကာအသင်းသည် တန်းဆင်း ဇုန်တွင် ကျရောက်နေသဖြင့် ပွဲစကတည်းက ဖိအားပေးကစား ခဲ့ရာ ပွဲချိန် ၃၆ မိနစ်တွင်ဦးဆောင် ဂိုးရရှိနေသော်လည်း ပွဲချိန် ၄၁ မိနစ် တွင် ခံစစ်ကစားသမား ဘတ်ဇန်၏ ကစားပုံ ကြမ်းတမ်းခဲ့မှုကြောင့် ကွင်းလယ်ဒိုင် ဝင်းတားက အနီကတ် ပြထုတ်ပယ်ခဲ့သည့်အပြင် ပွဲချိန် ပထမပိုင်း နာကျင်အချိန်ပို၌ အက်ဆန်အသင်းကို ပင်နယ်တီ ပြစ်ဒဏ်သတ်မှတ်ပေးခဲ့မှုတို့ကြောင့် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ကွင်းလယ်ဒိုင်၏ ဆုံးဖြတ်ချက်ကို အိမ်ရှင်ပရိသတ်များက ဒေါသ ထွက်ခဲ့ကြသည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ရန် ကွင်းအတွင်းဝင်ရောက် လာချိန်တွင် အိမ်ရှင်အသင်းပရိသတ် တစ်ဦးက ကွင်းလယ်ဒိုင်ဝင်းတား၏ မျက်နှာကိုဘီယာဖြင့် ပက်ဖျန်းခဲ့ပြီး ၎င်းအနေဖြင့် ပြိုင်ပွဲကိုပြန်လည် စတင်ရန် ခေတ္တစောင့်ဆိုင်းခဲ့သော် လည်း အခြေအနေတည်ငြိမ်မှုမရှိ သောကြောင့် ဇဝ့်စ်ကာနှင့်အက်ဆန် အသင်းတို့ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့ရ ခြင်းဖြစ်သည်။

အလားတူ နယ်သာလန်ပထမ တန်းကလပ် အမှတ်ပေးပွဲစဉ်ဖြစ် သည့် ဂရိုနင်ဂျန်အသင်းနှင့် နီမီဂျန် အသင်းတို့ပွဲစဉ်တွင်လည်းစည်းကြပ် ဒိုင်ကိုပရိသတ်များကဘီယာဘူးဖြင့် ပစ်ပေါက်ခဲ့မှုကြောင့်ကွင်းလယ်ဒိုင် မားတန့်စ်က ပြိုင်ပွဲကို ရွှေ့ဆိုင်းခဲ့ ကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းတွင် ပျော်ရွှင်မှုမရှိတော့သည့် ခံစစ်ကစား သမား ကူလီဘာလေက ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ ကစားရန် နည်းပြအယ်လီဂရီနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ ကြောင်း သိရသည်။
- မန်စီးတီးအသင်းက ဘရန့်ဖို့ဒ်အသင်း ခံစစ်ပိုင်းတွင်ခြေစွမ်းပြ နေသည့် ဟစ်စကီးကိုစတာလင်ပေါင် သန်း ၃၀ ဖြင့်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- အာဆင်နယ်ခံစစ်ကစားသမား မိတ်လန်နိုင်းအနေဖြင့် လာမည့် နွေရာသီတွင် အသင်းမှအလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာ မည်ဖြစ်ကြောင်း သိရသည်။

ML

# ပေါ်တိုအသင်းက ဝါရင့်ခံစစ်ကစားသမား ပီပီကို ၂၀၂၄ ခုနှစ်ထိ တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆို

**လစ္စဘွန်း မေ ၂၄**

ပေါ်တူဂီကလပ် ပေါ်တိုအသင်း သည် လာမည့်နွေရာသီတွင်အသင်း နှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ခံစစ်ကစားသမား ပီပီကို ၂၀၂၄ ခုနှစ်ထိ တစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၀ နှစ်ရှိ ခံစစ်ကစား သမား ပီပီသည် ၂၀၁၉ ခုနှစ်က ဘက်ဆစ်တပ်အသင်းမှ ပေါ်တို အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး နောက် ပြိုင်ပွဲစုံ ပွဲပေါင်း ၁၆၀ ပါဝင်ကစားခဲ့ရာ ခြောက်ဂိုးထိ သွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့သည့် အပြင် ယခုနှစ်ဘောလုံးရာသီတွင် လည်း ပြိုင်ပွဲစုံ ၂၈ ပွဲတွင် အဓိက နေရာမှ ပါဝင်ခြေစွမ်းပြသနေသော ကြောင့် အသင်းတာဝန်ရှိသူများက သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ရာ ၎င်းအနေဖြင့် အနားယူရန်မဆုံး ဖြတ်သေးဘဲ တစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့သည်။

ခံစစ်ကစားသမား ပီပီက "အသင်းရဲ့သက်တမ်းတိုးစာချုပ်က ကျွန်တော့်ကို ပျော်ရွှင်မှုဖြစ်စေပြီး အဓိပ္ပာယ်အများကြီးရှိစေပါတယ်။ ကျွန်တော် အသက် ၄၀ ရှိနေပေမဲ့ အသင်းအတွက် အစွမ်းကုန်ပေးဆပ် ကစားနိုင်တယ်လို့ယုံကြည်ပါတယ်။ ဒါကြောင့် ကစားသမားဘဝမှ အနားယူဖို့အစီအစဉ်မရှိဘဲစာချုပ် သစ်ကိုလက်ခံခဲ့တာပါ"ဟုပြောကြား ခဲ့သည်။

ခံစစ်ကစားသမား ပီပီသည် ပေါ်တိုအသင်းနှင့်နှစ်ကြိမ်လက်တွဲ ခဲ့ရာတွင် ပရီးမီးယားလီဂါဖလား လေးကြိမ်အပါအဝင် ဆုဖလား ၁၂ ကြိမ်ထိရယူနိုင်ခဲ့ပြီး ရီးရဲလ် မက်ဒရစ်အသင်းတွင် ကစားခဲ့သည့် ၁၀နှစ်တာကာလအတွင်း ချန်ပီယံ လိဂ်ဆုဖလား သုံးကြိမ်အပါအဝင် အဓိကဆုဖလား ၁၅ ကြိမ်ဆွတ်ခူး နိုင်ခဲ့သကဲ့သို့ ပေါ်တူဂီအသင်းနှင့် လည်း ၂၀၁၆ ယူရိုချန်ပီယံဆုနှင့် ၂၀၁၈-၂၀၁၉ ယူအီးအက်ဖ်အေနေး ရှင်းလိဂ်ဆုဖလားတို့ ဆွတ်ခူးခဲ့ ကြောင်း သိရသည်။

ML



## အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ယူ-၁၅လိဂ်ပြိုင်ပွဲ အောက်မြန်မာပြည်ဇုန်(ရန်ကုန်တိုင်းဒေသကြီး)ခြေစစ်ပွဲစဉ်များ စတင်ယှဉ်ပြိုင်

**ရန်ကုန် ဧပြီ ၂၄**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မျိုးဆက်သစ်လူငယ်ကစားသမားများ ပေါ်ထွက်လာစေရန်၊ ကမ္ဘာ့အဆင့်၊ အာရှအဆင့်နှင့် အာဆီယံလူငယ်ပြိုင်ပွဲများ၌ မြန်မာလူငယ်အသင်းများ အောင်မြင်မှုရရှိစေရန် ရည်ရွယ်ကျင်းပမည့် ယူ-၁၅ လိဂ်ပြိုင်ပွဲ အောက်မြန်မာပြည်ဇုန်(ရန်ကုန်တိုင်းဒေသကြီး)ခြေစစ်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ရန်ကုန်မြို့ အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)တွင် ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါယူ-၁၅ ပြိုင်ပွဲကို ဇုန်အလိုက် ခွဲခြားကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို စုစုပေါင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၂၄ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီးဇုန်မှ သုံးသင်းသာပါဝင်ခွင့်ရရှိမည်ဖြစ်သော်လည်း ငါးသင်းစာရင်းပေးသွင်းထားသည့်အတွက် ခြေစစ်ပွဲစဉ်များကစားပြီးဝင်ခွင့်ရရှိမည်ဖြစ်သည်။

ရန်ကုန်တိုင်း ဒေသကြီးဇုန်တွင် Royal Yangon အသင်း၊ တောင်ဥက္ကလာပမြေအက်ဖ်စီအသင်း၊Prestige အသင်း၊ ရန်ကုန်လူငယ်(အား/ကာ) အသင်းနှင့် ရွှေပြည်သာအက်ဖ်စီအသင်းငါးသင်းတို့ ပါဝင်နေသည့်အတွက် အဆိုပါအသင်းငါးသင်းမှာ ခြေစစ်ပွဲစဉ်များကစားပြီးမှ သုံးသင်းကခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

ယနေ့နံနက်ပိုင်းက ခြေစစ်ပွဲစဉ်များအဖြစ် တောင်ဥက္ကလာပမြေအသင်းနှင့်ရွှေပြည်သာအသင်းတို့ကစားခဲ့ရာ တောင်ဥက္ကလာပမြေအသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်လူငယ်(အား/ကာ)အသင်းနှင့် Prestige အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ Prestige အသင်းက လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးဇုန် ခြေစစ်ပွဲစဉ်များကိုလည်း လာမည့်မေလ၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ STA

# ဘာစီလိုနာအိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို စပိန်ကစားသမား အယ်ကာရက်ဇ် ဆွတ်ခူး

**ဘာစီလိုနာ ဧပြီ ၂၄**

စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ကျင်းပခဲ့သည့် ဘာစီလိုနာအိုးပင်းတင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲအဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၃၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ဘာစီလိုနာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံအနေဖြင့်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည့်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

အယ်ကာရက်ဇ်က"ဘာစီလိုနာမှာ ယှဉ်ပြိုင်ကစားရပြီး စပိန်ပရိသတ်တွေ၊ ကျွန်တော့်မိသားစုဝင်တွေနဲ့ မိတ်ဆွေတွေရှေ့မှောက်မှာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့တာက ဂုဏ်ယူစရာပါပဲ။ ဒါ့အပြင် ကျွန်တော့်နည်းပြအဖွဲ့ရဲ့ မိသားစုဝင်တွေ၊ မိတ်ဆွေတွေလဲကွင်းထဲလာအားပေးခဲ့ကြပါတယ်။ ကျွန်တော့်ရဲ့အောင်မြင်မှုက ကျွန်တော့်နည်းပြအဖွဲ့တွေရဲ့အောင်မြင်မှုပါ။ သူတို့အားလုံးရှေ့မှာဆုဖလားကိုင်မြှောက်ခွင့်ရတာက ကျွန်တော့်ဘဝအတွက် ဂုဏ်ယူစရာအကောင်းဆုံး အခိုက်အတန့်ပါ"ဟု ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အယ်ကာရက်ဇ်သည် မေ ၂၈ ရက် မှ ဇွန် ၁၁ ရက်ထိ ပြင်သစ်နိုင်ငံတွင် ကျင်းပမည့် ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲ၌ ယှဉ်ပြိုင်ရန် ပြင်ဆင်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL




# လာမည့်ရက်သတ္တပတ်အတွင်း ချဲလ်ဆီးအသင်းက နည်းပြပိုချက်တီနိုကို နည်းပြသစ်အဖြစ် ခန့်အပ်နိုင်ရန်နီးစပ်နေ

**လန်ဒန် ဧပြီ ၂၄**

ချဲလ်ဆီးအသင်းက လာမည့်ရက်သတ္တပတ်အတွင်း ပီအက်စ်ဂျီအသင်းနှင့် စပါးအသင်းနည်းပြဟောင်း ပိုချက်တီနိုကို နည်းပြသစ်အဖြစ် ခန့်အပ်နိုင်ရန်နီးစပ်လျက်ရှိနေပြီဖြစ်ကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် နည်းပြအပြောင်းအလဲနှစ်ကြိမ်ပြုလုပ်ခဲ့ပြီး ရာသီအစပိုင်းက နည်းပြတူချယ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီး နည်းပြသစ်အဖြစ် ဘရိုက်တန်အသင်းနည်းပြ ပေါ်တာကို ခန့်အပ်ခဲ့သော်လည်း နည်းပြပေါ်တာအနေဖြင့် အသင်းကိုရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိသည့်အတွက် ထုတ်ပယ်ခံခဲ့ရပြီးနောက် ယာယီနည်းပြအဖြစ် ယခုနှစ် ဘောလုံးရာသီအကုန်ထိ နည်းပြဟောင်း တစ်ဦးဖြစ်သည့် လမ်းပတ်ကိုတာဝန်ပေးအပ်ခဲ့သည်။

အစောပိုင်းက ချဲလ်ဆီးအသင်းက ယာယီနည်းပြ လမ်းပတ်ကို ယခုနှစ်ဘောလုံးရာသီအကုန်ထိခန့်အပ်ရန်ကြေညာထားသော်လည်း နည်းပြလမ်းပတ်အနေဖြင့်လည်း အသင်းကို လေးပွဲတာဝန်ယူကိုင်တွယ်ခဲ့ရာတွင် လေးပွဲစလုံးရှုံးနိမ့်ထားသည့်အတွက် အသင်းပိုင်ရှင် တော့ဘိုလီက နည်းပြသစ်တစ်ဦးအမြန်ဆုံး ခန့်အပ်ရန် ကြိုးပမ်းလျက်ရှိနေပြီး ယခုအခါ နည်းပြပိုချက်တီနိုကို လာမည့်ရက်သတ္တပတ်တွင် ခန့်အပ်နိုင်ရန် နီးစပ်နေခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် အစောပိုင်းက စပိန်အသင်းနည်းပြဟောင်း အင်းနရစ်နှင့်ဘိုင်ယန်မြူးနစ်အသင်းနည်းပြဟောင်း နာဂျယ်စမန်းတို့ကို သာခန့်အပ်ရန် ဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း ငြင်းပယ်ခံခဲ့ရသည့်အတွက် ပိုချက်တီနိုကို ဖြီးခဲ့သည့်ရက်ပိုင်းအတွင်းက ခန့်အပ်ရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် သဘောတူညီမှုရရှိရန် နီးစပ်နေပြီဖြစ်သည်။

ချဲလ်ဆီးအသင်းပိုင်ရှင် တော့ဘိုလီကလည်း ပိုချက်တီနိုသည် စပါးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌အတွေ့အကြုံရှိသည့်အတွက် ခန့်အပ်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို စဝီယာတက်ခ် ဆွတ်ခူး

**စတုဂတ် ဧပြီ ၂၄**

ဂျာမနီနိုင်ငံ စတုဂတ်မြို့၌ကျင်းပခဲ့သည့် စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ် စဝီယာတက်ခ်နှင့် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က (၆-၃ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း Tennis Infinity သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ယခုနှစ်တင်းနစ်ရာသီတွင် လက်စွမ်းပိုင်းကျဆင်းလာသည်ဟု သုံးသပ်မှုများထွက်ပေါ်လာခဲ့သော်လည်း ၎င်းသည် စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အမျိုးသမီးတင်းနစ်လောက၏ အကောင်းဆုံး တင်းနစ်မယ်အဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်းပြသနိုင်ခဲ့သည်။

စဝီယာတက်ခ်က "အခုလိုအောင်မြင်မှုပြန်လည်ရယူနိုင်ခဲ့တာက ကျွန်မရဲ့နည်းပြအဖွဲ့တွေရဲ့ စွမ်းဆောင်ရည်ကြောင့်ပါ။ ရာသီအစပိုင်းမှာ ခက်ခဲတဲ့အခြေအနေတွေနဲ့ရင်ဆိုင်ခဲ့ရတယ်။ ဒီလိုခက်ခဲတဲ့ အခြေအနေတစ်ခုမှာအောင်မြင်မှုတွေ ပြန်လည်ရယူနိုင်ဖို့အတွက် ကျွန်မရဲ့နည်းပြတွေက အကောင်းဆုံး ကြိုးစားလေ့ကျင့်ပေးခဲ့ကြပါတယ်။ သူတို့ရဲ့လမ်းညွှန်မှုအကြံပေးမှုတွေကြောင့် အခုလိုအောင်မြင်မှုလမ်းကြောင်းပေါ်ပြန်ရောက်လာခဲ့တာပါ။ စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲက ကျွန်မနှစ်သက်တဲ့ပြိုင်ပွဲတွေထဲကတစ်ခုပါ။နောက်နှစ်တွေမှာလဲ ပါဝင်ယှဉ်ပြိုင်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

စဝီယာတက်ခ်သည် စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် ယခုနှစ်တင်းနစ်ရာသီတွင် ဒုတိယမြောက်ဆုဖလားကိုဆွတ်ခူးနိုင်ခဲ့သည်။

စဝီယာတက်ခ်သည် ယခုနှစ်တင်းနစ်ရာသီအစပိုင်းတွင် ဒဏ်ရာပြဿနာဖြင့်ရင်ဆိုင်ခဲ့ရသည့်အတွက် ပုံစံကောင်း ပျောက်ဆုံးခဲ့ရသော်လည်း ယခုအခါပုံစံကောင်းပြန်လည်ရရှိလာပြီဖြစ်ပြီး ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုကို ကာကွယ်ရန်ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။ AZL

# ယခုနှစ်ဘောလုံးရာသီ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံး နည်းပြဆုကို ဘန်လေအသင်းမှ ကွန်ပနီဆွတ်ခူး




**လန်ဒန် ဧပြီ ၂၄**

၂၀၂၂-၂၀၂၃ ဘောလုံးရာသီ အင်္ဂလန် ချန်ပီယံရှစ်ပြိုင်ပွဲ၏ တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကို ဘန်လေအသင်းနည်းပြ ကွန်ပနီက ဆွတ်ခူးနိုင်ခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၇ နှစ်ရှိ မန်စီးတီးအသင်းဂန္ဓဝင်ကစားသမားဟောင်းတစ်ဦးဖြစ်သည့် နည်းပြ ကွန်ပနီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ် နည်းပြဘဝကို ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်အသင်းနှင့်စတင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် အန်ဒါလက်ချ်အသင်းနှင့် လမ်းခွဲခဲ့ပြီး ဘန်လေအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။

နည်းပြ ကွန်ပနီသည် ဘန်လေအသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင်ပင်အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ဘန်လေအသင်းကို ကွာတားဖိုင်နယ်အဆင့်သို့ပို့ဆောင်နိုင်ခဲ့သကဲ့သို့ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင်လည်း ပြိုင်ပွဲမပြီးဆုံးမီကတည်းက ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ကွန်ပနီသည် လက်ကျန်ပွဲစဉ်များတွင် တစ်ပွဲသာအနိုင်ရရှိခဲ့ပါက အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်မည်ဖြစ်ကာ ချန်ပီယံအဖြစ် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

အလားတူ ယခုနှစ်ဘောလုံးရာသီ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကိုလည်း ဘန်လေအသင်းမှကစားသမားများကိုကျော်ဖြတ်ပြီး မစ်ဒယ်ဘရော့အသင်းမှ တိုက်စစ်မှူး အမ်ပွက်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ STA

# အင်ဒိုနီးရှား-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှုဆွေးနွေးပွဲ အလားအလာ



ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှားနိုင်ငံကြား ကုန်သွယ်မှု အထူးအခွင့်အရေးသဘောတူညီချက် အနေဖြင့်လည်း အခြားသောကုန်သွယ်မှု အထူးအခွင့်အရေးသဘောတူညီမှုများကဲ့သို့ပင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် အရေးကြီးသော စက်မှုလုပ်ငန်းများကို ကာကွယ်ရေးတို့ကြား ဟန်ချက်ထိန်းညှိမှုများ လုပ်ဆောင်ရလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ကုန်သွယ်မှု အထူးအခွင့်အရေးသဘောတူညီချက် (PTA) ကိုအချိန်တိုအတွင်း လက်မှတ်ရေးထိုးနိုင်မည်ဟုမျှော်မှန်းထားရှိခဲ့သည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်တွင် နှစ်နိုင်ငံသည် ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးကော်မတီ (TNC) ကို ဖွဲ့စည်းခဲ့သည်။ ၎င်းကော်မတီသည် စတင်ဖွဲ့စည်းပြီးနောက် အစည်းအဝေးသုံးကြိမ်ပြုလုပ်ခဲ့ပြီး စတုတ္ထမြောက်အစည်းအဝေးကို မေလအတွင်း အင်ဒိုနီးရှားနိုင်ငံ၌ ပြုလုပ်သွားရန်စီစဉ်ထားရှိသည်။ PTA ဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ အပြီးသတ်ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားသည့် နောက်ဆုံးဆွေးနွေးမှုကို လာမည့်အစည်းအဝေး၌ ပြုလုပ်သွားမည်ဖြစ်သည်။

PTA သည် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်၏ သင့်တင့်မျှတသောပုံစံပင်ဖြစ်ပြီး နှစ်နိုင်ငံနှင့် နိုင်ငံများစွာကြား အထူးကုန်စည်များအပေါ် စည်းကြပ်ခွန်များကို အကန့်အသတ်ဖြင့် လျှော့ချခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်းတို့ပင်ဖြစ်သည်။ သို့သော် PTA ဆိုင်ရာဆွေးနွေးညှိနှိုင်းမှုများသည် ပြည်တွင်းစက်မှုလုပ်ငန်းများကာကွယ်ခြင်းနှင့် ကုန်သွယ်မှုမြှင့်တင်ခြင်းတို့ကြား သိမ်မွေ့သောဟန်ချက်ထိန်းညှိမှုများပါဝင်လေ့ရှိသည်။ အင်ဒိုနီးရှားနှင့် ဘင်္ဂလားဒေ့ရှ်ကြား PTA ဆိုင်ရာဆွေးနွေးမှုများလုပ်ဆောင်နေစဉ် ပြည်တွင်းစက်မှုလုပ်ငန်းများ ကာကွယ်ခြင်းနှင့် ကုန်သွယ်မှုမြှင့်တင်ခြင်းတို့ကြား ဟန်ချက်ထိန်းညှိမှုများ လုပ်ဆောင်ရလျက်ရှိပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ပထမဆုံး TNC အစည်းအဝေး စတင်ပြုလုပ်ကတည်းက ဆွေးနွေးညှိနှိုင်းရလျက်ရှိသည်။

၂၀၁၉ ခုနှစ် ဇူလိုင်လတွင်ပြုလုပ်သော ဒုတိယအကြိမ်မြောက်အစည်းအဝေး၌ အင်ဒိုနီးရှားနိုင်ငံသည် စည်းကြပ်ခွန်လျှော့ချရေးအတွက် ထုတ်ကုန် ၃၀၉ မျိုးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပေးပို့ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့်လည်း အသင့်ချုပ်အဝတ်အထည်များ၊ သားရေထုတ်ကုန်များ၊ ဆေးဝါးများ၊ ကျောက်မျက်ထုတ်ကုန်များနှင့် အီလက်ထရွန်နစ်ပစ္စည်းများအပါအဝင် ထုတ်ကုန် ၃၀၁ မျိုးကို အင်ဒိုနီးရှားနိုင်ငံသို့ ပေးပို့ခဲ့သည်။

ထိုစဉ်က အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်ထိပြုလုပ်ခဲ့သော (၃၇)ကြိမ်မြောက် အင်ဒိုနီးရှားကုန်သွယ်မှုပြပွဲ၌ လက်မှတ်ရေးထိုးရန် အဆိုပြုခဲ့သည်။ သို့သော် ဘင်္ဂလားဒေ့ရှ်သည် အင်ဒိုနီးရှားမှ စည်းကြပ်ခွန်လျှော့ပေါ့ပေးမည့် ကုန်ပစ္စည်းစာရင်းတွင် အထည်အလိပ်များကိုလည်း ထည့်သွင်းပေးရန် တောင်းဆိုခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် မူလက အထည်အလိပ်များကို အခွန်လျှော့ပေါ့ပေးမည်စာရင်းတွင် ထည့်သွင်းထားခြင်းမရှိပေ။ ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံပြီးလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အထည်အလိပ်တင်ပို့မှု ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ၂၀၂၁ ခုနှစ်တွင် ပြည်ပသို့ အထည်အလိပ်တင်ပို့မှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၈ ဘီလီယံ ရရှိခဲ့သည်။

သို့သော် ဘင်္ဂလားဒေ့ရှ်အထည်အလိပ်များအပေါ် စည်းကြပ်ခွန်လျှော့ချရေးသည် အင်ဒိုနီးရှားအစိုးရအတွက် အကျပ်ရိုက်လျက်ရှိသည်။ အင်ဒိုနီးရှားသည် PTA မှတစ်ဆင့် လွတ်လပ်သောကုန်သွယ်မှု တိုးမြှင့်သွားရန် အခိုင်အမာဆုံးဖြတ်ထားသော်လည်း အဝတ်အထည်ထုတ်လုပ်မှုကဲ့သို့သော ပြည်တွင်းစက်မှုလုပ်ငန်းများကိုလည်း ကာကွယ်သွားရန် စိတ်အားထက်သန်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်အဝတ်အထည်များသည် အင်ဒိုနီးရှားဈေးကွက်တွင် ပြိုင်ဆိုင်မှုအားကောင်းပြီး ဝယ်လက်များကြိုက်နှစ်သက်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထုတ်လုပ်သော အထည်အလိပ်များကို အင်ဒိုနီးရှားက နှစ်စဉ်မှာယူတင်သွင်းခဲ့ရာ ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၆ သန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၂ သန်းထိရှိခဲ့သောကြောင့် ၁၉၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အထည်အလိပ်တင်သွင်းမှုစုစုပေါင်း၏ ၆၈ ရာခိုင်နှုန်းရှိခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အထည်အလိပ်များအပေါ် စည်းကြပ်ခွန် ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းထိ တိုးမြှင့်ထားသော်လည်း တင်သွင်းမှုမှာ ဆက်လက်မြင့်တက်ခဲ့သည်။

စင်စစ်အားဖြင့် အင်ဒိုနီးရှားနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နှင့် အထည်အလိပ်ကုန်သွယ်ရာတွင် လိုငွေပြလျက်ရှိပြီး ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇ သန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၆ သန်းထိရှိလာခဲ့သည်။ သို့သော် အင်ဒိုနီးရှားသည် အလားတူကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ချည်ထည်အပါအဝင် အခြားသော အဝတ်အထည်များ ကုန်သွယ်မှုပြုလုပ်ရာတွင် အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၁၈ သန်းမှ ၃၃၅ ဒသမ ၄၆ သန်းထိ အပိုဝင်ငွေရရှိခဲ့သည်။

ဘင်္ဂလားဒေ့ရှ်အဝတ်အထည်များအပေါ် စည်းကြပ်ခွန်လျှော့ချခြင်းသည် သွင်းကုန်ပိုမိုမြင့်တက်လာပြီး ကုန်သွယ်မှုမြှင့်တင်ရေးဆိုသော PTA ၏ ရည်မှန်းချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ အပြန်အလှန်အားဖြင့် ကုန်သွယ်မှုအချိုးအကွေ့ကို အပြောင်းအလဲဖြစ်ပေါ်စေပြီး စည်းကြပ်ခွန်လျှော့ချခြင်းသည် ပြည်တွင်းအဝတ်အထည်ထုတ်လုပ်သူများထံမှ ဝယ်ယူမှုကျဆင်းလာစေမည့်အပြင် အခြားနိုင်ငံများထံမှ ဝယ်ယူမှုပိုမိုမြင့်တက်လာစေနိုင်ပေသည်။ ဈေးနှုန်းသက်သာသောသွင်းကုန်များသည် ကုန်ဈေးနှုန်းကျဆင်းမှု ဖြစ်ပေါ်စေသောကြောင့် ပြည်တွင်းထုတ်လုပ်သူများအနေဖြင့် အကျိုးအမြတ်ရရှိမှုနည်းပါးလာပြီး စီးပွားရေးလုပ်ငန်းလည်ပတ်နေမှုကို ပင်လျှင် ရပ်ဆိုင်းရသည့်အနေအထားသို့ ရောက်ရှိသွားနိုင်ပေသည်။

ဘင်္ဂလားဒေ့ရှ်သွင်းကုန်များအပေါ် စည်းကြည်ခွန်ကောက်ခံမှုလျှော့ချခြင်းသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလကတည်းက ကျင့်သုံးခဲ့သော အကာအကွယ်ပေးသည့် ထပ်ဆောင်းစည်းကြပ်ခွန်များ ကောက်ခံခြင်းအားဖြင့် အထည်အလိပ်များတင်သွင်းမှုလျှော့ချသွားမည့် အင်ဒိုနီးရှားနိုင်ငံ၏ ကြိုးပမ်းမှုများနှင့်ဆန့်ကျင်ကွဲလွဲလျက်ရှိသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သည် ပြည်တွင်းစက်မှုလုပ်ငန်းများကို ထိခိုက်စေနိုင်သည့် ထုတ်ကုန်များတိုးမြှင့်တင်သွင်းခြင်းအပေါ် ကာကွယ်ရေးအတွက် အရေးပေါ်လုပ်ဆောင်မှုကို အကာအကွယ်ပေးသည့် ထပ်ဆောင်းစည်းကြပ်ခွန်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အဆိုပါ ထပ်ဆောင်းအခွန်များသည် ပြည်တွင်းစက်မှုလုပ်ငန်းကို ကာကွယ်ရန်နှင့် ယှဉ်ပြိုင်မှုမြှင့်တင်ရန်အတွက် မူလသတ်မှတ်ထားသော အခွန်အပေါ် ထပ်တိုးကောက်ခံသည့် အခွန်နှုန်းထားများပင်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် အထည်အလိပ် ၁၃၄ မျိုးအပေါ် ထပ်ဆောင်းအခွန် ကောက်ခံလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံ ၁၂၂ နိုင်ငံမှတင်သွင်းသော ဦးထုပ်နှင့်လည်စည်း ရှစ်မျိုးမှအပ ကျန်သွင်းကုန်အားလုံးအပေါ်တွင် ထပ်ဆောင်း

**❖ ဘင်္ဂလားဒေ့ရှ်နှင့်အင်ဒိုနီးရှားတို့သည် ၁၉၇၁ ခုနှစ်တွင် သံတမန်ဆက်ဆံရေးထူထောင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် သံတမန်ဆက်ဆံရေးထူထောင်မှု နှစ် (၅၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ၎င်းတို့အနေဖြင့် ကုလသမဂ္ဂ၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အိုအိုင်စီအဖွဲ့တို့တွင် မိတ်ဖက်နိုင်ငံများအဖြစ် ရပ်တည်လျက်ရှိသည်။ နှစ်နိုင်ငံကြား ကုန်သွယ်မှုတန်ဖိုးသည် နှစ်စဉ်တိုးတက်လျက်ရှိရာ ဘင်္ဂလားဒေ့ရှ်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ အထည်အလိပ်များကို အဓိကတင်ပို့လျက်ရှိသလို အင်ဒိုနီးရှားနိုင်ငံအနေဖြင့်လည်း ဆီအုန်းနှင့် သစ်အချောထည်များ တင်ပို့လျက်ရှိသည်။ ❖**

အခွန်များကောက်ခံလျက်ရှိသည်။ ၂၀၂၄ ခုနှစ်တွင် ထပ်ဆောင်းအခွန်ကောက်ခံမှုကာလ သတ်မှတ်ချက်ကျော်လွန်ပြီးမှသာလျှင် ဘင်္ဂလားဒေ့ရှ်၏ အထည်အလိပ်များအပေါ် စည်းကြပ်ခွန်ကောက်ခံမှုလျှော့ချသွားမည်ဖြစ်သည်။ သို့သော် WTO ၏ စည်းမျဉ်းစည်းကမ်းများအရ ပြည်တွင်းစက်မှုလုပ်ငန်းများအပေါ် ဆန်းစစ်အကဲဖြတ်ပြီးနောက် ထပ်ဆောင်းအခွန်ကောက်ခံမှုကာလကို တိုးချဲ့သွားဖွယ်ရာရှိနေသည်။

အခြားရွေးချယ်ရန်အခွင့်အလမ်းအနေဖြင့် PTA အရ ဘင်္ဂလားဒေ့ရှ်အထည်အလိပ်များအပေါ်အတိုင်းအတာတစ်ခုထိ အခွန်လျှော့ချပြီး အခြားတစ်ဖက်ကလည်း သတ်မှတ်ကာလထိ ထပ်ဆောင်းအခွန်များ တိုးမြှင့်ကောက်ခံသွားရန်ပင်ဖြစ်သည်။ PTA အကောင်အထည်ဖော်ပြီးချိန်တွင် အခွန်ထပ်မံလျှော့ချရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ထပ်မံလုပ်ဆောင်သွားနိုင်ပေသည်။

ထိုသို့ လုပ်ဆောင်သွားမည်ဆိုလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် PTA အပြန်အလှန် အကျိုးဖြစ်ထွန်းရေးအတွက် အင်ဒိုနီးရှားနိုင်ငံ၏ ခိုင်မာသောဆုံးဖြတ်ချက်ကိုထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ အဝတ်အစားများအပေါ် စည်းကြပ်ခွန်လျှော့ချကောက်ခံခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေသလို အပြန်အလှန်အားဖြင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အထည်အလိပ်တင်ပို့မှုမှ ကုန်သွယ်မှုပိုငွေရရှိလာစေမည်ဖြစ်သည်။

PTA လက်မှတ်ရေးထိုးခြင်းသည် စားအုန်းဆီ၊ ငါး၊ ဟင်းခတ်အမွှေးအကြိုင်များ၊ သစ်နှင့်သစ်ထုတ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ရထားကားများကဲ့သို့သော အင်ဒိုနီးရှားထုတ်ကုန်များကို ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အစိုးရသည် ပြည်တွင်းလုပ်ငန်းရှင်များကို PTA သည် အပြန်အလှန် ကုန်သွယ်မှုလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း စည်းရုံးသိမ်းသွင်းဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ အထည်အလိပ်ပို့ကုန်များနှင့်စပ်လျဉ်း၍ သောင်မတင်ရေမကျ ဖြစ်နေသော်လည်း အင်ဒိုနီးရှားနှင့် ဘင်္ဂလားဒေ့ရှ်တို့အနေဖြင့် အချိန်တိုကာလအတွင်း PTA ကျင့်သုံးနိုင်ရေးအတွက် နည်းလမ်းရှာကြံ ဆောင်ရွက်သွားသင့်ပေသည်။

ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှားတို့သည် ၁၉၇၁ ခုနှစ်တွင် သံတမန်ဆက်ဆံရေးထူထောင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၅၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ၎င်းတို့အနေဖြင့် ကုလသမဂ္ဂ၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အိုအိုင်စီအဖွဲ့တို့တွင် မိတ်ဖက်နိုင်ငံများအဖြစ် ရပ်တည်လျက်ရှိသည်။ နှစ်နိုင်ငံကြား ကုန်သွယ်မှုတန်ဖိုးသည် နှစ်စဉ်တိုးတက်လျက်ရှိရာ ဘင်္ဂလားဒေ့ရှ်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ အထည်အလိပ်များကို အဓိကတင်ပို့လျက်ရှိသလို အင်ဒိုနီးရှားနိုင်ငံအနေဖြင့်လည်း ဆီအုန်းနှင့်သစ်အချောထည်များ တင်ပို့လျက်ရှိသည်။ လက်ရှိအချိန်တွင် နှစ်နိုင်ငံကြား အထူးကုန်စည်များအပေါ် အခွန်စည်းကြပ်ကောက်ခံမှု လျှော့ချနိုင်ရေးအတွက် ဆွေးနွေးလျက်ရှိရာ ဘင်္ဂလားဒေ့ရှ်မှတင်သွင်းသည့် အထည်အလိပ်များအပေါ် အခွန်စည်းကြပ်မှု လျှော့ချသွားနိုင်မည်ဆိုလျှင် နှစ်နိုင်ငံကြား ကုန်သွယ်မှုတန်ဖိုး ပိုမိုမြင့်တက်လာဖွယ်ရာရှိပေသည်။

**ကိုးကား**

**The Garment Dilemma in Indonesia-Bangladesh Trade Talks by The Diplomat.**

ဝင်းငင်(သုတေသန)

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အစ္စရေးနိုင်ငံ Elbit ကုမ္ပဏီက နိုင်ငံတကာဖောက်သည်တစ်ဦးထံ အလိုအလျောက်ပစ်ခတ်နိုင်သည့် ဟောင်ဝစ်ဇာအမြောက်စနစ်ကိုပံ့ပိုးပေးရန် အမေရိကန်ဒေါ်လာ ၁၀၂ သန်းတန် စာချုပ်ကို လက်ခံရရှိ



အစ္စရေးနိုင်ငံ Elbit Systems သည် နိုင်ငံတကာဖောက်သည်တစ်ဦးထံ အလိုအလျောက်ပစ်ခတ်နိုင်သည့် ထရပ်ကားတင် ဟောင်ဝစ်ဇာအမြောက်စနစ် (ATMOS)ကို ပံ့ပိုးပေးရန်အတွက် အမေရိကန်ဒေါ်လာ ၁၀၂ သန်းတန်စာချုပ်ကိုလက်ခံရရှိခဲ့ကြောင်း ဧပြီ ၂၁ ရက်က The Defense Post တွင် ရေးသားဖော်ပြခဲ့သည်။

ကုမ္ပဏီ၏အဆိုအရ အဆိုပါစနစ်သည် 155mm၊ 52-Caliber ပြောင်းအချင်းရှိ အမြောက်စနစ်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာဖောက်သည်တစ်ဦးဟုသာ သုံးနှုန်းခဲ့ပြီး ဝယ်ယူသည့်နိုင်ငံကို ဖော်ပြထားခြင်းမရှိပေ။ အဆိုပါနိုင်ငံအနေဖြင့် အလိုအလျောက် ပစ်ခတ်နိုင်သည့်ယာဉ်တင် ဟောင်ဝစ်ဇာအမြောက်စနစ်များ လက်ခံရရှိပြီးပါက တိုက်ပွဲဝင်စွမ်းအား ပိုမိုမြင့်မားကောင်းမွန်လာနိုင်မည်ဟု မျှော်မှန်းထားကြောင်း www.thedefensepost.com ကာကွယ်ရေးသတင်းရင်းမြစ်က ရေးသားဖော်ပြထားသည်။

ဒုံးကျည်အကူအညီယူ အမြောက်ကျည်များကို တပ်ဆင်ပစ်လွှတ်မည်ဆိုပါက ၎င်းစနစ်သည် အကွာအဝေးကီလိုမီတာ ၄၀ (၂၄ ဒသမ ၈ မိုင်) သို့မဟုတ် ထို့ထက်ပို၍ ထိရောက်မှုရှိမည်ဖြစ်သည်။

Elbit Systems ထုတ် ပြီးပြည့်စုံသော ပေါင်းစည်းအမြောက်လက်နက်စနစ်များသည် ကမ္ဘာတစ်ဝန်းရှိ ကျွန်ုပ်တို့ဖောက်သည်များ၏ မြေပြင်တပ်ဖွဲ့များအတွက် အဖိုးတန်သော ယှဉ်ပြိုင်တိုက်ပွဲဝင်နိုင်စွမ်းကို ပိုင်ဆိုင်နိုင်စေမည်ဖြစ်ပါသည်ဟု ကုမ္ပဏီမှတာဝန်ရှိသူ Yehuda Vered က ပြောကြားခဲ့သည်။

ဤစာချုပ်သည် ကျွန်ုပ်တို့လုပ်ဆောင်ပေးနေကျ အဆင့်မြင့်သွယ်ဝိုက်တိုက်စွမ်းအားများအတွက် ယုံကြည်စိတ်ချရမှုအပေါ် ထောက်ခံမဲတစ်ခုလည်းဖြစ်သည်ဟု Yehuda Vered က ဆိုသည်။

Elbit Systems ကုမ္ပဏီ၏အဆိုအရ စာချုပ်သက်တမ်းသည် ရှစ်နှစ်ကြာ အကောင်အထည်ဖော် လုပ်ဆောင်သွားမည်လည်းဖြစ်ကြောင်း သိရသည်။

Elbit Systems ၏ ATMOS ဟောင်ဝစ်ဇာအမြောက်သည် ပိုမိုကောင်းမွန်သော ရွေ့လျားစစ်ကစားနိုင်မှုအတွက် 6 × 6 သို့မဟုတ် 8 × 8 ထရပ်ကားကိုယ်ထည်ပေါ်တွင် လိုက်လျောညီထွေတပ်ဆင်အသုံးပြုနိုင်စေရန် ဒီဇိုင်းထုတ်ထားသည်။

၎င်းတွင် တိကျသော လမ်းကြောင်းပြနိုင်မှု၊ အလိုအလျောက်လုပ်ဆောင်နိုင်မှု၊ တပ်ဖွဲ့ဝင်အရေအတွက် လျှော့ချနိုင်ခြင်းနှင့်တိုက်စွမ်းအားတိုးမြှင့်ကောင်းမွန်လာခြင်းတို့ဖြင့် အဆင့်မြင့် အီလက်ထရွန်နစ်စနစ် များစွာတပ်ဆင်အသုံးပြုထားသည်။

အမြောက်စနစ်တွင် တပ်ဖွဲ့ဝင်များ လုပ်ဆောင်မှုလိုအပ်ချက်ကို လျှော့ချရန်အတွက် အလိုအလျောက်အမြောက်နေရာချထားခြင်းနှင့် ကျည်ထိုး၊ ကျည်ထုတ်ခြင်းတို့ ပါရှိလာသည်။

တိုက်ပွဲဝင်ပစ်ခတ်ရာတွင် တစ်မိနစ်လျှင် ရှစ်တောင့်ထိပစ်ခတ်နိုင်ပြီး နေ့ရောညပါ ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ATMOS ဟောင်ဝစ်ဇာအမြောက်စနစ်တွင် ယာဉ်မောင်းတစ်ဦး၊ တပ်မှူး တစ်ဦးနှင့် တပ်ဖွဲ့ဝင်လေးဦးထိအပါအဝင် တပ်ဖွဲ့ဝင်နှစ်ဦးမှ ခြောက်ဦးထိ တာဝန်ပေးအပ်နိုင်မည်ဖြစ်သည်။

**Elbit to Supply Automated Howitzers to International Customer ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်နိုင်ငံက ကယ်လီဖိုးနီးယားတွင် Minuteman III ICBM ဝေဟင်ပစ်လွှတ်မှုထိန်းချုပ်ရေးစနစ်ကို စမ်းသပ်

အမေရိကန်လေတပ်နှင့် ရေတပ်တို့သည် လက်နက်မဲ့ Minuteman III ICBM တိုက်ချင်းပစ်ဒုံးကျည် ဝေဟင်ပစ်လွှတ်မှုထိန်းချုပ်ရေးစနစ်ကို ကယ်လီဖိုးနီးယားပြည်နယ် Vandenberg အာကာသတပ်ဖွဲ့အခြေစိုက်စခန်းတွင် စမ်းသပ်ခဲ့ကြကြောင်း ဧပြီ ၂၁ ရက်က The Defense Post တွင် ရေးသားဖော်ပြခဲ့သည်။

စမ်းသပ်မှုသည် ခေတ်မီခြိမ်းခြောက်မှုများအပေါ် ချူကလီးယားအဟန့်အတားများကို အကဲဖြတ်ဆန်းစစ်ရန် အချိန်အခါအလိုက် စမ်းသပ်မှုများပြုလုပ်ခြင်းတစ်စိတ်တစ်ပိုင်းဖြစ်ပြီး အစိုးရ၏ လက်ရှိလုပ်ဆောင်နိုင်စွမ်းများကို မဟာမိတ်များက စိတ်ချယုံကြည်စေရန် ရည်ရွယ်သည်။

မဟာဗျူဟာမြောက် ဟန့်တားခြင်းသည် ကျွန်ုပ်တို့၏လေတပ်တွင် အရေးကြီးဆုံးသောမစ်ရှင်ဖြစ်ပြီး အမေရိကန်ကာကွယ်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟု အမေရိကန်လေတပ် ကမ္ဘာလုံးဆိုင်ရာတိုက်ခိုက်မှု တပ်မှူး ဗိုလ်ချုပ်ကြီး Thomas Bussiere က ပြောကြားခဲ့သည်။

ကျွန်ုပ်တို့ ကြီးကြပ်ကွပ်ကဲအမိန့်ပေးမှုစနစ်၏ အခြေခံအုတ်မြစ်လည်းဖြစ်ပြီး ကျွန်ုပ်တို့မစ်ရှင်အပေါ် အောင်မြင်စွာလုပ်ဆောင်နိုင်မှုသည် တိုက်ခိုက်ရေး လေကြောင်း တပ်ဖွဲ့ဝင်များကြောင့် ဖြစ်သည်။ ၎င်းတို့၏စွမ်းရည်များအပေါ်တွင် ကျွန်ုပ်တို့ အပြည့်အဝယုံကြည်မှုရှိသည်ဟု Thomas Bussiere က ပြောကြားသည်။

ဤစမ်းသပ်ပစ်လွှတ်မှုသည် ကျွန်ုပ်တို့၏ မဟာမိတ်များနှင့် မိတ်ဖက်များသိထားပြီးဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာတိုက်ခိုက်မှုကိုလုပ်ဆောင်ရန် အချိန်မရွေး၊ နေရာမရွေး အဆင်သင့်ဖြစ်နေကာ အမေရိကန်နိုင်ငံကို ခုခံကာကွယ်ရန် အမြဲတမ်းအသင့်ရှိနေသည်ဟူသော အချက်ပေါ် ထပ်ဆောင်းအားဖြည့်ပေးနိုင်ပါလိမ့်မည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်စဉ်အတွင်း Nebraska အခြေစိုက်လေတပ်၏အမှတ် (၆၂၅)မဟာဗျူဟာမြောက် စစ်ဆင်ရေးအုပ်သည် အမေရိကန်ရေတပ်၏ E-6 Mercury လေယာဉ်နှင့်အတူ ICBM ပစ်လွှတ်မှုထိန်းချုပ်ရေးစနစ်၏ထိရောက်မှုကို ပြန်လည်သုံးသပ်ရန်အတွက် လိုက်ပါပျံသန်းခဲ့ကြောင်း သိရသည်။

တိုက်ချင်းပစ်ဒုံးကျည်လက်နက်၏ စမ်းသပ်မှုအတွင်း လေထုအတွင်းသို့ ပြန်လည်ဝင်ရောက်သည့်ယာဉ်သည် မာရှယ်ကျွန်းစုရှိ Kwajalein Atoll ကျွန်းသို့ မိုင် ၄၂၀၀ (၆၈၀၀ ကီလိုမီတာ) ခရီးနှင်ပျံသန်းခဲ့သည်။

"ကျွန်ုပ်တို့ အမျိုးသားလုံခြုံရေးနဲ့မဟာမိတ်တွေရဲ့လုံခြုံရေးအတွက် အရေးကြီးတယ်လို့ ကာကွယ်ရေးဦးစီးချုပ်ကယူဆရင် ဘယ်နေရာကိုမဆို အချိန်မရွေးပစ်မှတ်ကို တိုက်ခိုက်နိုင်တဲ့ထူးခြားတဲ့စွမ်းရည်ရှိပါတယ်"ဟု အမှတ် (၃၇၇) စမ်းသပ်တွက်ချက်ရေးအုပ်မှ တပ်မှူး ဗိုလ်မှူးကြီး Chris Cruise က ရှင်းပြခဲ့သည်။



ဝေဟင်ပစ်လွှတ်မှုထိန်းချုပ်ရေးစနစ်စမ်းသပ်မှုတစ်ခုသည် ထိုကဲ့သို့သော စွမ်းဆောင်ရည်ကို သက်သေပြခဲ့ခြင်းလည်းဖြစ်ပြီး ကျွန်ုပ်တို့၏လက်နက်စနစ်များတွင် အသုံးမဝင်သည့်အရာ၊ မလိုအပ်သည့်အရာမရှိကြောင်း သေချာစေကာ ကျွန်ုပ်တို့၏ ရေတပ်မိတ်ဖက်များနှင့် အပြန်အလှန်လုပ်ဆောင်နိုင်စွမ်းကို ပြသနိုင်ခြင်းဖြစ်သည်ဟု အမှတ် (၃၇၇) စမ်းသပ်တွက်ချက်ရေးအုပ်မှ တပ်မှူး ဗိုလ်မှူးကြီး Chris Cruise က ပြောကြားသည်။


ဖေဖော်ဝါရီလက မြောက်ကိုရီးယားသည် ၎င်း၏ပြည်တွင်းဖြစ် တိုက်ချင်းပစ် ICBM များကို ပြသပြီး တစ်ရက်အကြာတွင် အမေရိကန်သည် Minuteman III ကို အလားတူ အခြေစိုက်စခန်းမှပစ်လွှတ်ခဲ့ကြောင်း သိရသည်။

နောက်ဆုံးပေါ် ICBM ပစ်လွှတ်မှုသည် လက်ရှိ နိုင်ငံတကာဖြစ်ရပ်များကို တုံ့ပြန်မှုမဟုတ်ကြောင်း၊ ယခင်က ပြုလုပ်ခဲ့သည့် စမ်းသပ်မှု ၃၀၀ ကျော်နှင့်ဆင်တူကြောင်း အမေရိကန်ရေတပ်က အလေးပေးပြောကြားခဲ့သည်။

**US Tests Minuteman III ICBM Airborne Launch Control System in California ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Mr. Ban Ki-moon, Deputy Chair of The Elders and former Secretary-General of the United Nations



Chairman of SAC Prime Minister Senior General Min Aung Hlaing receives Deputy Chairman of The Elders Former U.N Secretary-General Mr. Ban Ki-Moon.


**Nay Pyi Taw April 23**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing received Mr. Ban Ki-moon, Deputy Chair of The Elders and former Secretary-General of the United Nations, at the Office of Chairman of State Administration Council in Nay Pyi Taw this morning.

At the meeting, they cordially and positively discussed the latest development of the situation in Myanmar and exchanged their views on it.

After the meeting, the Chairman of SAC Prime Minister and the Deputy Chair of The Elders exchanged souvenirs and had a record photo taken.

Together with the Chairman of SAC Prime Minister, the meeting was also attended by SAC Joint Secretary Lt-Gen Ye Win Oo, Deputy Prime Minister and Union Minister for Defence General Mya Tun Oo and Union Minister for Foreign Affairs U Than Swe and together with the Deputy Chair of The Elders and former Secretary-General of the United Nations, Mr. KIM Bong-Hyun, former Republic of Korea ambassador to Australia, and officials. 100



Senior General Min Aung Hlaing poses for documentary photo together with Mr. Ban Ki-Moon.

# Jerusalem: Five injured in Palestinian car ramming attack

**Jerusalem April 24**

Five people have been injured in a car-ramming attack by a Palestinian in central Jerusalem, Israeli police say.

The vehicle hit pedestrians near the busy Machane Yehuda market.

The attacker was shot and killed at the scene by a civilian. Police say the assailant was a 39-year-old man from occupied East Jerusalem.

It came as Israel began to mark Memorial Day for fallen soldiers and victims of attacks - one of the most solemn days in the national calendar.

Speaking at a Memorial Day event, Israeli Prime Minister Benjamin Netanyahu said the attack was "another attempt to murder Israeli citizens".

"These terrorist attacks come with the expectation that they will overcome us and will uproot us from here, and if they could, they would murder us all. But they will not overcome us; we will overcome them."

Footage from the scene just moments after the incident shows a dark-coloured Chevrolet hatchback, its front crumpled and windscreen cracked, at a standstill on a zebra crossing between Kiah Street and Agrippas Street.

A man in a dark blue T-shirt and black jeans is seen slumped over the bonnet, not moving, as police and civilians mill around.

Israel was on heightened alert ahead of Memorial Day, which commemorates soldiers and civilians who have been killed in conflict and attacks since 1860. BBC

# Sudan fighting: Civilians in untenable situation, Red Cross says

**Khartoum April 24**

People are making "desperate attempts" to flee Sudan after more than a week of fighting there, the Red Cross says.

The situation was now "untenable" for civilians left without food or water, and some hospitals had stopped working, spokeswoman Alyona Synenko said.

Convoys leaving the capital Khartoum had encountered robbery and looting, US Secretary of State Antony Blinken said.

People getting out of Khartoum spoke of corpses left lying on the street.

"We saw bodies everywhere - there's no security whatsoever so nobody dares go collect them - but there's utter destruction too. Everything is just devastated," Italian NGO boss Stefano Rebora told the BBC.

South African diplomat Clayson Monyela said all routes out of Khartoum - a city of six million people - were "risky and dangerous".

"The airport remains closed, the fighting continues," he told the BBC. He reiterated a call for a ceasefire to allow people to leave, and aid to enter.

Sudan was suffering an "internet blackout" with connectivity at 2% of ordinary levels, monitoring group NetBlocks said on Monday. In Khartoum, the internet has been down since Sunday night.

Meanwhile, water and electricity have been restored to some parts of the capital, but not all of them. BBC

# Young Cherry Valley and Khaki Campbell ducks being distributed at reasonable prices

**Nay Pyi Taw April 24**

Days-old Cherry Valley ducks and Khaki Campbell ducks are being distributed at reasonable prices, according to sources from the Ministry of Agriculture, Livestock and Irrigation released on 23 April.

The Livestock and Veterinary Department under the ministry is working hard for livestock breeding industry development with the aims such as the development of the meat and fish sector and rural areas, domestic food security and surpluses for export, breeding pedigree cattle, breeding livestock most suitable to their respective regions, providing assistance in manageable and commercial scale breeding, ensuring quality standards to catch up with the neighbouring countries, inviting investments and extending treatment and prevention of animal diseases and disease control.

Currently, days-old Cherry Valley ducks and Khaki Campbell ducks are being distributed at reasonable prices.

Therefore, farmers are invited to purchase those days-old ducks from the department at reasonable and affordable prices. For further information, dial 067-3408020, 09-43043152 or 09-796934195. 336

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets students of 5-year Education Degree Course No (5) of UDNR



Senior General Min Aung Hlaing meets students of 5-year Education Degree Course No (5) of UDNR.

**Nay Pyi Taw April 24**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met students of the 5-year Education Degree Course No (5) of University for the Development of the National Races (UDNR) at Ngu Shwewar Hall of his Office this afternoon.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, SAC Secretary Lt-Gen Aung Lin Dway, Joint Secretary Lt-Gen Ye Win Oo, SAC members Admiral Tin Aung San, Lt-Gen Moe Myint Tun, Lt-Gen Soe Htut, Lt-Gen Yar Pyae, U Wunna Maung Lwin, Daw Dwe Bu, Poe Reh Aung Thein, Mahn Nyein Maung, Dr Hmu Htan, U Maung Ko, Dr Aung Kyaw Min, Dr Kyaw Tun, Khun San Lwin, U Shwe Kyein and U Yan Kyaw, union ministers, the Nay Pyi Taw Council chairman, Chief of General Staff (Army, Navy and Air) General Maung Maung Aye, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, officials, the rector and faculty members of UDNR.

The Senior General said the nation opened Academy for Development of National Races on 20 October 1964 with the aim of bringing about good education staff who will pay attention to national unity and development of national races. It was upgraded to UDNR on 10 May 1991, and the government made arrangements for nationality youths of border areas to pursue higher education. The university was established with five goals.

UDNR has produced native junior ethnic leaders who will bring socio-economic development for people of border areas apart from the original goals. It has produced 14,058 such persons. Soon, students here will also complete their course and become reliable teachers for the nation. In this regard, required knowledge and dos and don'ts will be disseminated.

SAC is shouldering State duties in accord with the Constitution. It laid down the five-point Roadmap and 12 objectives in line with the prevailing conditions and is working for the country with added momentum. SAC has overcome all challenges, such as socio-economic hardships triggered by Covid-19 and disturbances caused by internal and external elements that are against national peace and stability. It is striving for all-round national development and peace and stability in line with the adopted roadmap and objectives. In accord with the motto "Keep Moving Forward to Achieve Our Goal", SAC will build a better nation and socio-economic life in the interest of the nation and people. In doing so, SAC is implementing the two adopted national tasks -- **"national prosperity and food sufficiency" and two adopted political programs – "to strengthen genuine and disciplined multiparty democracy and to build a Union based on democracy and federalism."**

As for the national prosperity, SAC will prioritize peace and stability and the rule of law and work towards greening the environment, public happiness and socio-economic development. In accord with the initial plan, it will strive for national progress through the effective use of natural resources. Production businesses based on the well-established farming industry will be upgraded till they can export basic social goods after fulfilling the local demand. The country will achieve sustainable development only if the environment is preserved in utilizing the natural resources.

Food security is the most basic and important for development of the nation and socioeconomic development of the people. If a country can sufficiently consume drinking water and easily and sufficiently buy healthy foods at fair prices, such a country can be recognized as a safe country. Myanmar in successive eras has been sufficient in foods and could export surplus from the agriculture and livestock sectors to neighbouring countries. Hence, it is necessary to maintain such a tradition with more efforts to export greater volume of products.

It is important to hold the free and fair election successfully for revitalizing the genuine, disciplined multiparty democratic system. You all know that current instabilities and terror acts in the nation were triggered by voting frauds in the 2020 election in which attempts were made to grasp the State power illegally. Election is a national duty concerned with the prestige of the State and it initiates election of the leaders for the future State. Only when the election is free and fair, will the people trust the multiparty democratic system. If so, the good political histor can be shaped and it will contribute to the enhance of prestige of the State in the international community.

The democratic system is an administrative mechanism which the people's representatives elected by the people take responsibilities for administration on behalf of the people. The federalism is a concept to share the powers with ethnic people from regions and states in the Union through gathering living and sharing entitlements. Hence, the Union system based on democracy and federalism can be defined as living of all ethnic people in the Union together and sharing the self-administration and powers in regions and states.

The Union Election Commission holds meetings with political parties to exercise the First Past The Post-FPTP system combined with the Proportional Representation (PR) system for enabling national brethren to have rights of official talks, discussions and wide representation at relevant Hluttaws. The election must be free from intimidation, threat, forcibly urging and bullying for freely exposing attitudes of individual citizens. The government is striving for holding the election in all parts of the nation and for all citizens to be free from unfair acts.

The students are to participate in the assigned duties in the process of successfully holding a free, fair and transparent election by understanding the essence of election.

As the students have to take responsibilities for teaching the students, they have to teach youths to understand forms of genuine, disciplined democratic system. It is necessary to teach the students to safeguard the national characters and culture of the nation. Moreover, they have to teach the nature of genuine, disciplined democratic system and good practices of democracy to the students.

It is necessary to restore peace and tranquility and perpetual peace across the nation for building the Union based on democracy and federalism the entire ethnic people aspire to. The State Administration Council and the Tatmadaw set 2022 as the year of peace and invited armed ethnic organizations to hold talks about peace process in order to end the internal armed conflicts and ensure durable and perpetual peace.

*See Page 14*



Senior General Min Aung Hlaing cordially converses with students of 5-year Education Degree Course No (5) of UDNR.

*From Page 13*

So far, seven NCS signatory ethnic armed organizations and three NCA non-signatory EAOs, totalling 10 have been holding peace talks with the government. It comes out good results to go on politically peaceful process. Everybody knows the door is always open for peace talks without any restrictions to other EAOs which have not reached the peace talks yet.

The Tatmadaw issued 22 ceasefire statements and has extended it until the end of 2023. Taking the NCA path in a peaceful manner by ending the armed struggle line and armed conflict will be able to build a Union based on democracy and federalism. You are therefore urged to cooperate with the government in the efforts for peace and stability and socio-economic development that the State requires.

Human resources are crucial for constant development of a country. The education sector must be promoted to advance human resources, and the State must be built with educated people. Since education is instrumental to national development, we have placed emphasis on education promotion while we assume State duties.

In accord with the changing age and technology, the SAC is trying to promote the education standard by ensuring that every school-age student completes KG+9. It is the ultimate aim of the government to ensure all schoolchildren have learning opportunities and pursue education until they finish KG+9, which is basic education. And they will be able to continue their vocational training schools. Over 70% of the population live in rural areas. So, subjects on agriculture, livestock and technological skills will be taught for Grade-10 and Grade-12 students at 51 basic education schools in 50 districts starting the coming academic year. Then, the plan will be extended in the remaining districts in the 2024-25 academic year.

The teacher role is important in implementing the State objectives for education promotion. The theme for World Teachers' Day 2022 **"The transformation of education begins with teachers"** reflects that. The future of the State is also in the hands of the younger generation. Education pursuance is a chance as well as a duty for children and the youth. Health and education top the children's rights adopted by the UN.

Rather than giving education, a school should be a place that provide knowledge and skills, way of thinking, the ability to distinguish right and wrong, ethics of a citizen and social ethics. Only then, can a country produce good citizens capable of serving their own, regional and national interests.

It is also necessary to train students from childhood to become fit and healthy. Good health and fitness and education promotion of every citizen are the best guarantee for the future of a country. This is why the SAC has inserted the point **"the enhancement of the longevity and health of the entire national people"** in its social objectives. A country can be judged whether it can progress by evaluating the health and education standards of its people. Disease outbreaks usually result from low living and health standards. So, students need to acquire health knowledge through school healthcare campaigns. Therefore, you need to train the new generation youths to become educated, be able to distinguish right and wrong and become physically and mentally strong.

As you will become teachers soon, you will have to work hard by living up to the good code of conduct for teachers such as **"train, discipline and protect their students"**.

Teachers are required to admonish their students not only to be outstanding in their studies but also to be polite and moral in accordance with the responsibilities of teachers stated in new Marga Deva verses, "True teachers are those who admonish their students by upholding compassion and sympathy and kindness and actually pointing out their mistakes to their benefit without reserve." Teachers are also urged to foster good citizens who are instilled with wisdom, knowledge, a strong desire for learning and goodwill and fulfill their responsibilities of students such as being united and active, following the advice of teachers, greeting and helping teachers and learning, analysing and reciting their lessons.

As Myanmar is a union resided by more than 130 national races, it is important to uphold the genuine union spirit. When the country struggled to regain independence, the unity of the entire union was proved by the Panglong Agreement. The union spirit is the foundation for building the future union based on democracy and federalism. The union spirit refers to the spirit of siblings among all national races who live on the same land and drink water from the same source, the spirit of siblings without discrimination between people who live in plains and mountains and the spirit of a family which endures hardship unitedly through thick and thin.

The union based on mutual friendship and respect and unity must be built for its perpetuation through the union spirit. In doing so, the most essential and important factor is our three main national causes such as non-disintegration of the union, non-disintegration of national unity and perpetuation of sovereignty. Therefore, graduate students, being offspring trusted and fostered by the state, are urged to be loyal to the state and to nurture students in respective areas assigned by the state so that they can are instilled with patriotism and love for the country, become moral and honest persons, respect laws and disciplines and serve the interests of the world by respecting cultures, traditions and religious beliefs of local national races. At the same time, all are urged to propagate the union spirit, which is the most indispensable for the country, among national races in respective areas.

I hope you to cooperate with the government for stability and socioeconomic development, which are vital for the country, to join hands with the government from respective roles in successfully implementing the two national objectives of **prosperity of the country and security of food, water and basic needs** and the two political objectives of **strengthening the genuine, disciplined multi-party democracy system and building a union based on democracy and federal system**, to instill the **union solidarity spirit and the union spirit in the people** by upholding our three main national causes for the perpetuation of the union, to foster students in respective schools to enable them to become competent and honest intellectuals who can be relied on by the state, to nurture them to become the new generation student youths instilled with patriotism and the love for the country who will shape the future of the country and strict followers of laws and disciplines and to perform duties out of responsibility and accountability for the development of the education sector, which is fundamental for the country, without engaging in party politics.

Then, on behalf of the graduate students of the five-year education degree course of the university, Rakhine national Maung Min Khant Hlaing from Thandwe Township in Rakhine State spoke words of thanks.

Afterwards, the Senior General accepted the commemorative gifts presented by two students.

Then, the Senior General and attendees and students posed for documentary photographs. Afterward, the Senior General cordially greeted the students individually. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# မြသလွန်စေတီတော်ကြီးတွင် ကဆုန်လပြည့်နေ့၌ သံဃာတော်အပါး ၁၀၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပမည်



**မကွေး ဧပြီ ၂၄**

မကွေးတိုင်းဒေသကြီးရှိ မြသလွန်စေတီတော်ကြီးတွင် ကဆုန်လပြည့်နေ့၌ သံဃာတော်အပါး ၁၀၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြသလွန်စေတီတော်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

မြသလွန်စေတီတော်ကြီးတွင် ကဆုန်လပြည့်နေ့၌ ကျင်းပမည့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မကွေးတိုင်းဒေသကြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရေးဦးစီးကော်မတီကကြီးမှူး၍ ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင်၊ အလှူရှင်များ ပူးပေါင်းကာ မေ ၃ ရက် (ကဆုန်လပြည့်နေ့) နံနက်ပိုင်းတွင် မကွေးမြို့ မြသလွန်ဘုရားပွဲတော်ကွင်းပြင်၌ လောင်းလှူသွားမည်ဖြစ်ကြောင်း၊ ညနေပိုင်းတွင် ကဆုန်ညောင်ရေသွန်းပွဲကို မကွေးမြသလွန်ရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြသလွန်စေတီတော်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောပြသည်။

"မြသလွန်စေတီတော်ကြီးမှာ ကဆုန်လပြည့်နေ့ နံနက်ပိုင်းမှာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပသွားမှာဖြစ်ပါတယ်။ မကွေးမြို့ပေါ်က ဘုန်းတော်ကြီးကျောင်းတွေနဲ့ စာသင်တိုက်အသီးသီးက သံဃာတော်အပါး ၁၀၀၀ ကျော်ကို ဆွမ်းဆန်စိမ်းလောင်းလှူမှာဖြစ်ပါတယ်။ ညနေပိုင်းမှာတော့ နှစ်စဉ် ရိုးရာမပျက် ကဆုန်ညောင်ရေသွန်းပွဲကို မြသလွန်စေတီတော်ရင်ပြင်တော်မှာ ကျင်းပသွားမှာဖြစ်ပါတယ်" ဟု အဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောပြသည်။

ASH

# မလှိုင်မြို့နယ် မြောက်ကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ သပြေပင်အုပ်စု မြောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဦးကျော်စိုးဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။



မြောက်ကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးအား ငွေကျပ် ၁၄ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးအား ငွေကျပ် ၁၈ ဒသမ ၉ သန်း စုစုပေါင်း ၉၂ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် ၃၃ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# မင်းကင်းမြို့နယ်တွင် နှမ်းပါးစိုက်ပျိုးမှု ရာနှုန်းပြည့်ပြီးစီး

**ကလေး ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးချိန်၌ နှမ်းပါးစိုက်ပျိုးမှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးချိန်၌ မင်းကင်းမြို့နယ်တွင် နှမ်းပါး ၃၅၆၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နှမ်းပါးဧကရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မင်းကင်းမြို့နယ်မှာ နှမ်းပါး ၃၅၆၃ ဧကစိုက်ပျိုးဖို့ လျာထားခဲ့တယ်။ အခုလက်ရှိ ရာနှုန်းပြည့်စိုက်ပျိုးပြီးပါပြီ။ နှမ်းပါးစိုက်ပျိုးမှုကတော့ ပုံမှန်ပဲ စိုက်နိုင်တဲ့အနေအထားမှာ ရှိပါတယ်။ နှမ်းပါးစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး အထွက်နှုန်းတိုးဖို့ စိုက်ပျိုးနည်းစနစ်တွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေရေးအတွက်လဲ ကာကွယ်နည်းလမ်းတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နွေသီးနှံစိုက်ပျိုးချိန်၌ မင်းကင်းမြို့နယ်တွင် ၃၅၆၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၈၅ ဒသမ ၅၃ တင်း ထွက်ရှိခဲ့ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

မင်းကင်းမြို့နယ်တွင် နှမ်းပါးစိုက်ပျိုးတောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် မိုးစပါးသီးနှံစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မိုးစပါးဧက ၃၃၃၁၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ


**၂၄-၄-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၃၈၀၀၀ |
| **(ရွှဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၁၀၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၉၅ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

**ရှေ့ဖုံးမှအဆက်**

ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြပြီး The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းနှင့် အတူ ဩစတြေးလျနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးဟောင်း H.E. Mr. KIM Bong-Hyun နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၁၇ မှအဆက်**

ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရည်မြင့်မားရေးသည် အဓိကအရေးပါသည့်အတွက် မိမိတို့တာဝန်ယူနေသည့်ကာလတွင် ပညာရေးမြှင့်တင်မှုများကို အဓိကအလေးထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြောင်းလဲလာသည့်ခေတ်အခြေအနေအရ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း KG+9 ပြီးသည်အထိ ပညာသင်ကြားနိုင်ဖို့ ပညာရေးကဏ္ဍကို မြှင့်တင်ပေးနေကြောင်း၊ ပညာသင်ယူရမည့် အရွယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရေးနှင့် အခြေခံပညာအလယ်တန်းအဆင့် KG+9 အထိ မသင်မနေရ ပညာရေးစနစ်သည် နိုင်ငံတော်အစိုးရ၏ ပညာရေးရည်မှန်းချက်ဖြစ်ကြောင်း၊ အနည်းဆုံး KG+9 အဆင့်ပြီးမြောက်မှသာ အခြေခံရသွားမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများကို ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်သည့်အတွက် ကျေးလက်စီးပွားရေးနှင့် MSME များတွင် အထောက်အကူရရှိနိုင်စေရန် လာမည့်ပညာသင်နှစ်ကစပြီး ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို Grade-10 မှ Grade-12 အထိ တွဲဖက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ကျန်သည့် ခရိုင်များ၌ ၂၀၂၄-၂၅ ပညာသင်နှစ်တွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်က ဦးတည်ချက်ထားပြီး ဆောင်ရွက်ရာတွင် ဆရာများ၏ အခန်းကဏ္ဍမှာ အရေးကြီးသည်ကို အမြဲသတိရှိကြရန်လိုကြောင်း၊ **"ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများကအစပြု"** ဆိုသည့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့၏ ဆောင်ပုဒ်မှာ ပညာရေးကဏ္ဍတွင် ဆရာများ၏ အရေးပါပုံကို မီးမောင်းထိုးပြနေ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကျောင်းသား၊ ကျောင်းသူနှစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်စဉ်။

သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အနာဂတ်သည်လည်း မျိုးဆက်သစ်လူငယ်များ၏ လက်ထဲမှာပင်ရှိသည့်အတွက် ပညာသင်ကြားခြင်းသည် ကလေးသူငယ်၊ လူငယ်လူရွယ်များအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သကဲ့သို့ တာဝန်လည်းဖြစ်ကြောင်း၊ ကုလသမဂ္ဂက ချမှတ်ထားသည့် ကလေးသူငယ်များဆိုင်ရာ အခွင့်အရေးတွင် ကျန်းမာရေးနှင့် ပညာသင်ကြားခွင့်သည် ထိပ်ဆုံးကပါကြောင်း။

**စာသင်ကျောင်းဆိုသည်မှာ စာပေသင်ကြားပေးသည့် နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန် ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးသည့် နေရာမျိုးဖြစ်ရန်လို**ကြောင်း၊ သို့မှသာ မိမိကိုယ်မိမိ အကျိုးပြုနိုင်သည့်၊ လူမှုပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သည့်၊ နိုင်ငံတော်ကို အကျိုးပြုနိုင်သည့် လူကောင်းလူတော် နိုင်ငံ့သားကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့တပည့် ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာကြံ့ခိုင်သည့် လူငယ်များဖြစ်လာစေရန် ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားပေးကြရန်လည်း လိုကြောင်း၊ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားခြင်းသည် နိုင်ငံ၏ အနာဂတ်အတွက် အကောင်းဆုံးအာမခံချက်ပင်ဖြစ်ကြောင်း၊ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် လူမှုရေးဦးတည်ချက်ထဲတွင် **"တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"** ဆိုသည့်အချက်ကို ထည့်သွင်းချမှတ်ထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ တိုးတက်ခြင်း၊ မတိုးတက်ခြင်းဆိုသည်ကို နိုင်ငံသားများ ကျန်းမာရေးနှင့် ပညာရေးအခြေအနေကိုကြည့်ပြီး အကဲဖြတ်နိုင်ကြောင်း၊ လူနေမှုအဆင့်အတန်းနိမ့်ကျမှုနှင့် ကျန်းမာရေးအသိ မပြည့်စုံမှုတို့သည် ရောဂါဖြစ်ပွားရခြင်း၏ အကြောင်းရင်းများပင် ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများမှတစ်ဆင့် ကျန်းမာရေးအသိပညာများ ပေးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ် လူငယ်များကို အရည်အချင်းရှိသည့် ပညာတတ်များဖြစ်လာအောင်၊ အမှားအမှန်များကို ခွဲခြားဆင်ခြင် တွေးခေါ်နိုင်စွမ်းရှိလာအောင် သင်ကြားပေးရန်လိုအပ်သကဲ့သို့ ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များဖြစ်လာအောင်လည်း ပြုစုပျိုးထောင်ပေးရန်လိုအပ်သည်ကို အထူးမှာကြားလိုကြောင်း။

မကြာခင်မှာ ကျောင်းသား၊ ကျောင်းသူများကို စာပေသင်ကြားပေးသည့် ဆရာ၊ ဆရာမများ ဖြစ်လာကြမည့် မောင်တို့၊ မယ်တို့အနေဖြင့် ပညာသင်ကြားရေးနယ်ပယ်တွင် **"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့"** ဆိုသည့် ဆရာ့ကျင့်ဝတ်များနှင့်အညီ အနာဂတ်သားကောင်းရတနာများ မွေးထုတ်ပေးနိုင်



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ် ပညာရေးဘွဲ့ငါးနှစ်သင်တန်း အမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကိုယ်စား ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ ရခိုင်တိုင်းရင်းသား မောင်မင်းခန့်လှိုင်က ဂါရဝပြုကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။

မည့် အာစရိယဂုဏ်မြောက် ပုံ့ကိုင်ရှင်များဖြစ်အောင် ကြိုးပမ်းသွားကြရန်လိုကြောင်း။

မယဒေဝလင်္ကာသစ်တွင် ပါသည့် **"ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့"** ဆိုသည့် ဆရာ့တာဝန်နှင့်အညီ စာတော်၊ စာတတ်ရုံသာမက ယဉ်ကျေးလိမ္မာပြီး အကျင့်စာရိတ္တကောင်းသည့် တပည့်များဖြစ်အောင် သွန်သင်ဆုံးမပေးကြရန်လည်း မှာကြားလိုကြောင်း၊ မိမိတို့၏ တပည့်၊ ကျောင်းသား၊ ကျောင်းသူများကိုလည်း **"ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်"** ဆိုသည့် လေ့လာသင်ယူစိတ်ပြင်းပြပြီး အသိပညာ၊ အတတ်ပညာပြည့်စုံကြွယ်ဝပြီး စိတ်ကောင်းစေတနာကောင်းရှိသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် အလေးထား ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် အတူယှဉ်တွဲနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သဖြင့် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိကြရန် အထူးအရေးကြီး**ကြောင်း၊ **လွတ်လပ်ရေးရယူခဲ့စဉ်ကလည်း ပင်လုံစာချုပ်ဖြင့် ပြည်ထောင်စုတစ်ခုလုံးကို စုစည်းမှုကိုသက်သေပြပြီး ရယူနိုင်ခဲ့ခြင်းဖြစ်**ကြောင်း၊ **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် အနာဂတ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင်လည်း ပြည်ထောင်စုစိတ်ဓာတ်က အခြေခံအုတ်မြစ်ပင်ဖြစ်**ကြောင်း၊ **ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးသည် တစ်မြေတည်းနေ တစ်ရေတည်းသောက် သွေးချင်းညီအစ်ကိုများဆိုသည့် စိတ်၊ တောင်ပေါ်မြေပြန့်မခွဲခြား သားချင်းများဆိုသည့်စိတ်၊ မရှိအတူရှိအတူ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသောမိသားစုများဆိုသည့် စိတ်ပင်ဖြစ်**ကြောင်း၊ အဆိုပါ ပြည်ထောင်စုစိတ်ဓာတ်နှင့်ပင် မိမိတို့ တိုင်းရင်းသား **စာမျက်နှာ ၁၉ သို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ညစာဖြင့် တည်ခင်းဧည့်ခံစဉ်။

**နေပြည်တော် ဧပြီ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Jasmine Hotel ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယမန်နေ့ညပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို Jasmine Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**စာမျက်နှာ ၁၈ မှအဆက်**

အချင်းချင်း အပြန်အလှန် ချစ်ခင်လေးစားယုံကြည်မှုနှင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်သွားကြရမည်ပင်ဖြစ်ကြောင်း၊ ထိုသို့တည်ဆောက်နိုင်ရန်အတွက် အလိုအပ်ဆုံးနှင့် အရေးအကြီးဆုံးအချက်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးပင်ဖြစ်ကြောင်း။

ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် နိုင်ငံတော်က မျှော်လင့်အားထားပြီး ပြုစုပျိုးထောင်ပေးထားသည့် သားသမီးများပီသစွာ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိပြီး မိမိတို့တာဝန်ကျရာဒေသများတွင်ရှိသည့် ကျောင်းသားလူငယ်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များရှိလာအောင်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများဖြစ်လာအောင်၊ ဥပဒေ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာသူများဖြစ်လာအောင်၊ ဒေသအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားအချင်းချင်း ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာတရားများကို အပြန်အလှန်လေးစားတန်ဖိုးထားပြီး လောကကောင်းကျိုးသယ်ပိုးလိုသူများဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးကြရန် မှာကြားလိုကြောင်း၊ တစ်ဖက်မှလည်း မိမိတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်နေသည့် ပြည်ထောင်စုစိတ်ဓာတ်ကို ဒေသအသီးသီးမှာရှိသည့် တိုင်းရင်းသားများအကြား ထွန်းကားပြန့်ပွားလာအောင် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်၊ အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်ဖြစ်သည့် **"တိုင်းပြည်သာယာ ဝပြောရေး"** နှင့် **"စားရေရိက္ခာဖူလုံရေး"**၊ နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်ဖြစ်သည့် **"စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး"** နှင့် **"ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"** တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့်အတူ ကျရာအခန်းကဏ္ဍမှ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန်၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများရရှိလာအောင် စည်းရုံးဦးဆောင်ပေးကြရန်၊ မိမိတို့သင်ကြားပေးရမည့် စာသင်ကျောင်းအသီးသီးရှိ ကျောင်းသား၊ ကျောင်းသူ လူငယ်များကို နိုင်ငံတော်က အားကိုးအားထားပြုနိုင်ရန်အတွက် အရည်အချင်းပြည့်ဝသည့် ပညာတတ် လူကောင်းလူတော်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်၊ အနာဂတ် နိုင်ငံတော်ကို ပုံဖော်ကြမည့် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူ လူငယ်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် တွေရှိလာအောင်၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာသူများ ဖြစ်လာအောင် ပြုစုပျိုးထောင် လေ့ကျင့်ပေးကြရန်၊ ပါတီနိုင်ငံရေးကင်းရှင်းပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားရန် တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုများနှင့် တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားပြီး ပညာတတ်သည့်မျိုးဆက်နှင့် တိုးတက်သည့် နိုင်ငံတော်ကို ထူထောင်နိုင်ရေးတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက်တာဝန်ထမ်းရွက်သည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ပါစေဟု ဆုတောင်းမေတ္တာ ပို့သကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ် (၅) ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ ရခိုင်တိုင်းရင်းသား မောင်မင်းခန့်လှိုင်က ဂါရဝပြုကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ကျောင်းသား၊ ကျောင်းသူ နှစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများ၊ ကျောင်းသား၊ ကျောင်းသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

---

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၃ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များအတွက် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ စတင်ဖွင့်လှစ်



**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများက အခြေခံရေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၃)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) အမှတ်စဉ် (၁/၂၀၂၃)မှ သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။**

**နေပြည်တော် မေ ၂၄**

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော် (ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း(အငယ်တန်းအဆင့်) ဖွင့်ပွဲများကို ယနေ့တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ကြသည်။

ပင်လယ်ရေကြောင်း ပညာများကို စိတ်ပါဝင်စားပြီး နိုင်ငံတော်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်၍ ကျန်းမာကြံ့ခိုင်သည့် ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန်၊ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ အရေးပါကြောင်း လူငယ်များသိရှိနားလည်စေရန်၊ လေ့လျှော်အားကစားနည်း၊ ရွက်တိုက်အားကစားနည်းများအတွက် ထူးချွန်သည့် အားကစားသမားများ မွေးထုတ်ပေးရန်စသည့် ရည်ရွယ်ချက်များဖြင့် တပ်မတော်(ရေ)က ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအတွက် ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၃)နှင့် ရေကြောင်းလူငယ် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၃)တို့ကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်းဖွင့်လှစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့၊ ရခိုင်ပြည်နယ်တွင် ကျောက်ဖြူမြို့နှင့် စစ်တွေမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်မြို့၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဟိန်းဇဲ၊ မြိတ်မြို့နှင့် ကျွန်းစုမြို့၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးမြို့နှင့် ရှမ်းပြည်နယ်တွင် ကျိုင်းတုံမြို့တို့ရှိ ရေကြောင်းလူငယ်စခန်းများ၌ စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၇၁၂ ဦးတို့ဖြင့် အသီးသီးဖွင့်လှစ်ကြပြီး အဆိုပါသင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများတက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

သက်ဆိုင်ရာ မြို့နယ်အသီးသီး၌ ရေကြောင်းလူငယ်သင်တန်းများဖွင့်လှစ်ပြီးနောက် ရန်ကုန်မြို့ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူများကို ရန်ကုန်မြို့မှ သန်လျင်မြို့သို့ တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်၍ ရေတပ်လေ့ကျင့်ရေးဌာနချုပ်အား သွားရောက်လေ့လာခြင်းနှင့် ရေတပ် Documentary အား ပြသခြင်းတို့ဖြင့်လည်းကောင်း၊ ကိုကိုးကျွန်းရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူများသည် စစ်ရေယာဉ်(တပင်ရွှေထီး)ပေါ်သို့သွားရောက်လေ့လာပြီး စစ်ရေယာဉ်ဖြင့် ကပ္ပလီပင်လယ်ပြင်အတွင်း စီးနင်းလိုက်ပါခြင်းဖြင့်လည်းကောင်း၊ အခြားမြို့နယ်အသီးသီးတွင်ဖွင့်လှစ်ခဲ့သော ရေကြောင်းလူငယ်စခန်းများမှ သင်တန်းသား၊ သင်တန်းသူများကို တာဝန်ရှိသူများက ဒေသန္တရဗဟုသုတဆိုင်ရာ လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးခြင်းဖြင့်လည်းကောင်း စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။



**ဧရာဝတီရေတပ်စခန်းဌာနချုပ်၌ ရေကြောင်းလူငယ်အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၃)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။**

ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများတွင် အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သား အချက်ပြဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းစခန်း ၁၁ ခုမှ သင်တန်းသား၊ သင်တန်းသူများကို သင်တန်းနောက်ဆုံးပတ်၌ ရန်ကုန်မြို့တွင်စုစည်း၍ စခန်းပေါင်းစုံတွေ့ဆုံပွဲ၊ ဘာသာရပ်ဆိုင်ရာ စွမ်းရည်ပြိုင်ပွဲများ၊ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာလေ့လာရေးနှင့် စစ်ရေယာဉ်(မုတ္တမ)ဖြင့် ပင်လယ်ဝသို့ ရေလမ်းကြောင်း လေ့လာရေးခရီးစဉ် ပို့ဆောင်ခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ လေကြောင်းပညာသမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှုတိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သောပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှုကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှုအလေ့အကျင့်ရရှိစေရန်၊ လူငယ်များ၏ ဝါသနာပါရာ လေ့ကျင့်မှုအနေဖြင့် မြှင့်တင်ပေးရန်၊ မျိုးဆက်သစ် လူငယ်မောင်မယ်များကို ယုံကြည်ချက်၊ ခံယူချက် မြင့်မားမှန်ကန်စေပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် လူစွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် တပ်မတော်(လေ)က ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအတွက် ဖွင့်လှစ်သည့် အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) အမှတ်စဉ်(၁/၂၀၂၃) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်)အမှတ်စဉ်(၁/၂၀၂၃) ကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နှင့် မိတ္ထီလာမြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နှင့် နမ့်စန်မြို့၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နှင့် မင်္ဂလာဒုံမြို့၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တို့ရှိ သင်တန်းစခန်း ၁၇ ခု၌ စုစုပေါင်းသင်တန်းသား၊ သင်တန်းသူအင်အား ဦးရေ ၆၈၀ဖြင့် အသီးသီးဖွင့်လှစ်ကြပြီး ဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ လေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများတက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

အခြေခံလေကြောင်း လူငယ်သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူများကို လေကြောင်းပညာသမိုင်း၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား၊ လေယာဉ်တည်ဆောက်မှု အခြေခံသဘောတရား၊ လေယာဉ်စက်အုံတည်ဆောက်မှု အခြေခံများ၊ **စာမျက်နှာ ၂၁ သို့**



**ရေကြောင်းလူငယ်အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၃)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၃)မှ သင်တန်းသား၊ သင်တန်းသူများအား တာဝန်ရှိသူများက သင်တန်းပို့ချပေးစဉ်။**

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ တောင်ညို ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဧပြီ ၂၄**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ တောင်ညို ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက ရခိုင်ပြည်နယ် ကျောက်ဖြူတပ်နယ်နှင့် စစ်တောတပ်နယ်တို့ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

---

**စာမျက်နှာ ၂၀ မှအဆက်**

လေယာဉ်ပုံစံငယ် တည်ဆောက်မှုအခြေခံများ၊ RC Simulartor မောင်းနှင်ခြင်း၊ RC လေယာဉ်၊ ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ အခြေခံစစ်ပညာ (လက်နက်မဲ့)စသည့် ဘာသာရပ်များပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည် သင်တန်းကာလတတိယပတ်တွင် မိတ္ထီလာမြို့၌သင်တန်းသားများစုဖွဲ့၍ စခန်းသွင်းလေ့ကျင့်ခြင်း၊တပ်မတော်(လေ)၏နေ့စဉ်လုပ်ငန်းဆောင်တာများအား လက်တွေ့ကွင်းဆင်းလေ့လာခြင်း၊ သင်တန်းစခန်းအသီးသီးမှ ထူးချွန်သင်တန်းသားများကို Grob-120၊ Y-12 လေယာဉ်နှင့် H-120 ရဟတ်ယာဉ်များတွင် လိုက်ပါပျံသန်းခြင်းများနှင့် ပြိုင်ပွဲများကျင်းပခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ၾငင်းပြင် လေ့လာရေးခရီးစဉ်များအဖြစ် မိတ္ထီလာမြို့၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ တပ်မတော်(လေ) သင်တန်းကျောင်းများ၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ ချုကာလီးယားနည်းပညာ သတင်းအချက်အလက်စင်တာနှင့် အထင်ကရနေရာများသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းကို မေ ၁၉ ရက်ထိ လည်းကောင်း၊ အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်)သင်တန်းကို မေ ၂၃ ရက်ထိ လည်းကောင်း သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းများကို ၂၀၁၄ ခုနှစ် မှစတင်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ဧပြီ ၂၃ ရက်မှ မေ ၃၀ ရက်ထိ ရက်သတ္တ ခြောက်ပတ်ဖြင့်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ဧပြီ ၂၇ ရက်မှ မေ ၂၂ ရက်ထိ ရက်သတ္တ လေးပတ်ဖြင့်လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ဧပြီ ၂၅ ရက်မှ မေ ၂၀ ရက်ထိ ရက်သတ္တ လေးပတ်ဖြင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ဧပြီ ၂၄ ရက်မှ မေ ၁၉ ရက်ထိ ရက်သတ္တ လေးပတ်ဖြင့်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ဧပြီ ၂၃ ရက်မှ မေ ၁၇ ရက်ထိ လေးပတ်ဖြင့်လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် ဧပြီ ၂၂ ရက်မှ မေ ၁၇ ရက်ထိ လေးပတ်ဖြင့်လည်းကောင်း ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်က အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) အမှတ်စဉ်(၁/၂၀၂၃) သင်တန်းဖွင့်ပွဲတွင် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၃) သင်တန်းတွင် သင်ထောက်ကူပြခန်းအား လိုက်လံကြည့်ရှုစဉ်။

---

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တို့၌ နွေရာသီသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၂၄**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာနားလည်စေရန်နှင့် ယဉ်ကျေးလိမ္မာလာစေရန်ရည်ရွယ်၍ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စကားပြောသင်တန်းများကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ဖွင့်လှစ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဝံသာနုသီတဂူဓမ္မစကူးဌာနမှ သင်တန်းနည်းပြဆရာနှင့် ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြရာ ဒုတိယတိုင်းမှူးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့မှ YMBA အသင်းဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ရာ ဓမ္မစကူးကျောင်းသူလေးများက လက်ခံရယူကြသည်။

အလားတူ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းနှင့် ဘင်ခရာသင်တန်းများကို ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ဖွင့်လှစ်ရာ တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းများအတွက် ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ တြိဂံဒေသတိုင်းစစ်ဌာနချုပ်အနေဖြင့် အဆိုပါသင်တန်းများကို တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊တပ်ဖွဲ့များမှ သင်တန်းသား၊ သင်တန်းသူ ၂၇၇၄ ဦးဖြင့် သင်တန်းကာလလေးပတ်ကြာ ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ နွေရာသီသင်တန်းများ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

# မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၂၄-၄-၂၀၂၃

| စဉ် | မြို့အမည် | | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညွန့်မထ | ငစိန် | ပဲဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၄၉၀၀ | ၁၉၀၀ | ၁၄၀၀ | ၁၄၈၀၀ | ၂၀၀၀၀ | ၁၀၀၀-၁၁၀၀ | ၃၃၀၀-၃၅၀၀ | ၃၄၀၀ | ၁၁၀၀၀ | ၁၄၉၀၀-၁၆၀၀၀ | ၇၈၀၀-၈၀၀၀ | ၁၄၀၀၀-၁၈၀၀၀ | ၂၅၀-၃၀၀ | ၃၀၀-၃၅၀ |
| ၂ | ရန်ကုန် | ၄၅၀၀ | ၂၆၀၀ | ၁၈၀၀ | ၁၃၅၀၀ | ၁၅၀၀၀-၂၀၀၀၀ | ၁၂၅၀-၂၀၀၀ | ၃၂၀၀-၅၀၀၀ | ၂၅၀၀-၂၇၀၀ | ၉၅၀၀-၁၀၀၀၀ | ၁၀၀၀၀-၁၂၀၀၀ | ၉၀၀၀-၁၀၀၀၀ | ၂၂၀၀၀-၂၅၀၀၀ | ၂၀၀-၂၅၀ | ၂၅၀-၃၂၀ |
| ၃ | မန္တလေး | ၄၂၀၀ | ၂၈၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၂၅၀၀ | ၂၄၀၀ | ၅၅၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | - | ၁၃၀၀၀ | ၂၅၀ | ၃၀၀ |
| ၄ | မြစ်ကြီးနား | ၅၀၀၀ | ၂၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၂၃၀၀ | ၄၅၀၀-၅၅၀၀ | ၂၅၀၀-၃၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၈၅၀၀ | - | ၃၀၀ | ၃၅၀-၄၀၀ |
| ၅ | အမ်း | ၃၅၀၀ | ၂၅၀၀ | ၂၄၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၃၀၀-၂၀၀၀ | ၅၀၀၀-၅၅၀၀ | ၂၀၀၀-၂၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၂၀၀၀၀ | ၇၀၀၀-၈၀၀၀ | ၂၀၀၀၀-၂၇၀၀၀ | ၂၅၀-၃၀၀ | ၃၅၀-၃၈၀ |
| ၆ | ကျိုင်းတုံ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၃၀၀၀-၁၈၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၂၁၅၀-၃၀၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | - | ၂၁၀၀၀ | ၂၅၀-၂၈၀ | ၃၀၀-၃၅၀ |
| ၇ | တောင်ငူ | ၃၇၅၀ | ၂၅၀၀ | ၂၄၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀-၁၅၀၀ | ၄၂၀၀-၅၀၀၀ | ၂၄၀၀ | ၉၀၀၀ | ၁၇၀၀၀-၂၀၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၂၅၀ | ၃၀၀ |

**မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၄ - ၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၃၂၇၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၃၆၂၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၁၉၇၅ ကျပ် | ၂၀၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၅၅ ကျပ် | ၂၁၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၅၅ ကျပ် | ၂၁၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၄၅ ကျပ် | ၂၁၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၃၁၃ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၇၃ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၁ . ၀၆၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၆၃ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၃ . ၂၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၄ . ၆၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၆၃၉ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## နမ့်စန်မြို့နှင့် ဖျာပုံမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ




**အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နမ့်စန်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်စဉ်။**

**နေပြည်တော် ဧပြီ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက ဖျာပုံမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ယူနီဖောင်းများကိုလည်းကောင်းပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးရာ ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများကသွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



# The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ



**နေပြည်တော် ဧပြီ ၂၄**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသော The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်နေမှုအခြေအနေများကို လှည့်လည်လေ့လာကြည့်ရှုပြီး ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသည်။

အဆိုပါ The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေ ကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၇/၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

## မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး ထောက်ကြန့်မြို့ ရန်ကုန်-ပဲခူးလမ်းမကြီး အမှတ်(၈၃)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ**(MPD)ကို ၂၀၂၃ ခုနှစ် ဧပြီ ၂၄ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ**(MPD)၏ မှတ်ပုံတင်အမှတ်မှာ (၂) ဖြစ်ပါသည်။

# ဧပြီ ၂၄ ရက်ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၁ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၄၀၀ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၆၉၅ ဦး |

**နေပြည်တော် ဧပြီ ၂၄**

ဧပြီ ၂၃ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၈၉၉၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၁ ဦးတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ဓနိကိုင်းမြို့နယ်အတွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ရေကစားနေသည့် ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကလေးသူငယ်များ သေဆုံးထိခိုက်ဒဏ်ရာရရှိမှု"** ခေါင်းစဉ်ဖြင့် ၂၆-၄-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီ တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ထားဝယ်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ရိုးသွားမော်တော်ယာဉ်ကို လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူအမျိုးသမီးတစ်ဦး သေဆုံးမှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။


ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင်ဖြစ်မှုနှင့် သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် လဲကျေးရွာနေ ပိုင်မင်းဦးသည် ၎င်းအသုံးပြုသည့် "Paing Min Oo" Facebook အကောင့်၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အောင်သာယာရပ်ကွက်နေ နိုနိုဇင်သည် ၎င်းအသုံးပြုသည့် "Noe Noe Zin" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁၄)ရပ်ကွက်နေ ဇာဇာအောင် (ခ) ဇာဇာသိန်းမြင့်သည် ၎င်းအသုံးပြုသည့် "Zar Zar Aung" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရေငယ်ကျေးရွာနေ ချိုမာအောင်နှင့် လဲ့လဲ့ဝင်းတို့သည် ၎င်းတို့အသုံးပြုသည့် "Cho Mar Aung" Facebook အကောင့်နှင့် "Lae Lae Win" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် ဖျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သျှစ်သောင်းပုထိုးတော်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို မေ ၂ ရက်မှ ၆ ရက်ထိ ကျင်းပသွားမည်



၂၀၁၇ ခုနှစ်က သျှစ်သောင်းပုထိုးတော်ကြီးဗုဒ္ဓပူဇနီယပွဲတော်ကိုတွေ့ရစဉ်။

**မြောက်ဦး ဧပြီ ၂၄**

ရခိုင်ပြည်နယ် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သျှစ်သောင်းပုထိုးတော်ကြီးဗုဒ္ဓပူဇနီယပွဲတော်ကို လာမည့် မေ ၂ ရက်မှ မေ ၆ ရက်ထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သျှစ်သောင်းပုထိုးတော်ကြီးဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစောရွှေမောင်က ပြောပြ၍ သိရသည်။

ရခိုင်ပြည်နယ် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သျှစ်သောင်း၊ ထုက္ကန်သိမ်၊ အံတော်သိမ်၊ လေးမျက်နှာဘုရားတို့၏ ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အစဉ်အလာအတိုင်း ရခိုင်ရိုးရာလောင်းလှေပြိုင်ပွဲများ၊ ရခိုင်ရိုးရာကျင်ပွဲများနှင့် ရခိုင်ရိုးရာယဉ်ကျေးမှုပြပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဗုဒ္ဓပူဇနိယပွဲတော်ကြီးမှာတော့ ရိုးရာအစဉ်အလာအတိုင်း ရခိုင်ရိုးရာလောင်းလှေပြိုင်ပွဲ၊ ရခိုင်ရိုးရာကျင်ပွဲ၊ ရခိုင်ယဉ်ကျေးမှုပြပွဲတွေကို ထည့်ထားပါတယ်။ ဘောလုံးပြိုင်ပွဲတွေအပြင် ညပိုင်းမှာ စတိတ်ရှိုးပွဲကိုလဲ ထည့်သွင်းထားပါတယ်။ နှစ်စဉ် ကျင်းပနေကျဖြစ်တဲ့အတွက် အစဉ်အလာမပျက်စေဖို့နဲ့ လူငယ်မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းပေးလိုတဲ့အတွက် ကျင်းပရတာဖြစ်ပါတယ်"ဟု ဦးစောရွှေမောင်က ပြောပြသည်။

သျှစ်သောင်းပုထိုးတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကာလအတွင်း မြောက်ဦးချောင်း၌ ရခိုင်ရိုးရာလောင်းလှေပြိုင်ပွဲများ ကျင်းပနေချိန်တွင် ပွဲတော်လာပရိသတ်များကလည်း ချောင်းအတွင်း ပျော်ရွှင်စွာ ရေပက်ကစားလေ့ရှိကြောင်း သိရသည်။

ASH

# ကွယ်လွန်သူ မြန်မာသံအဆိုတော် တွံတေးစိုးအောင်၏ ပုံတူကြေးရုပ်တုကို တွံတေးမြို့နယ် ရွှေဆံတော်ဘုရားအနီးတွင် ထားရှိမည်ဖြစ်

**တွံတေး ဧပြီ ၂၄**

ကွယ်လွန်သူ မြန်မာသံအဆိုတော် တွံတေးစိုးအောင်၏ ပုံတူကြေးရုပ်တုကို တွံတေးမြို့နယ် ရွှေဆံတော်ဘုရားအနီးတွင် ထားရှိမည်ဖြစ်ကြောင်း အဆိုပါ ပုံတူကြေးရုပ်တုဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဓမ္မလင်္ကာရပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တရေဝတ၏ မြွက်ကြားချက်အရ သိရသည်။

ကွယ်လွန်သူ မြန်မာသံအဆိုတော် တွံတေးစိုးအောင်၏ ပုံတူကြေးရုပ်တုဖြစ်မြောက်ရေးအတွက် ဓမ္မလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တရေဝတ ဦးဆောင်၍ စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ဧပြီ ၂၂ ရက်မှစတင်က ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"တွံတေးမြို့အတွက် ဂုဏ်ဆောင်ပေးသွားတဲ့ မြန်မာသံ အနုပညာရှင်တစ်ယောက်ဖြစ်လို့ တွံတေးမြို့ကလဲ သူ့ကို ပြန်ပြီး ချီးမြှောက်သင့်တယ်လို့ ယူဆတဲ့အတွက် ဆရာတော်ကိုယ်တိုင် မတည်ပြီးတော့ ကော်မတီလေးဖွဲ့ပြီး ဆောင်ရွက်နေပါတယ်။ ကြေးရုပ်တုကတော့ မယ်ဒလင်လေးလဲပါမယ်။ ကိုယ်တစ်ပိုင်းပုံပါ။ အမြင့်ကတော့ လေးပေလောက်ဖြစ်မှာပါ။ ကြေးသွန်းဆိုတော့ မန္တလေး တမွတဝီပဲ အပ်မှာပါ။ ပြီးသွားရင်တော့ တွံတေးမြို့ဂုဏ်ဆောင်မြန်မာသံဂန္ထဝင်အဆိုတော်ကြီး တွံတေးသိန်းတန်ရဲ့ ကြေးရုပ်တုဘေးမှာ ထားမှာပါ။ တွံတေးစိုးအောင် ကြေးရုပ်တုကိုတော့ အောက်ခံခုံတုံးကို လေးပေလောက်တော့ထားပါမယ်။ ကုန်ကျစရိတ်ကတော့ ခန့်မှန်းခြေ ငွေကျပ်သိန်း ၃၀၀ လောက်ဖြစ်ပါလိမ့်မယ်"ဟု ဆရာတော် ဘဒ္ဒန္တရေဝတက မြွက်ကြားသည်။




ကွယ်လွန်သူ မြန်မာသံအဆိုတော် တွံတေးစိုးအောင်၏ ပုံတူကြေးရုပ်တုသည် မယ်ဒလင်ကိုင်လျက် ကိုယ်တစ်ပိုင်းပုံ အမြင့်လေးပေခန့်ရှိပြီး လေးပေခန့်မြင့်သည့် အုတ်ခုံပေါ်တွင် စိုက်ထူမည်ဖြစ်ကာ အုတ်ခုံတွင် တွံ့တေးစိုးအောင်၏အတ္ထုပ္ပတ္တိ ရေးထိုးထားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ကျောက်ဖြူမြို့တွင် မရမာကြီးလူမျိုးတို့၏ အမျိုးသားနေ့ ကျင်းပမည်

**ကျောက်ဖြူ ဧပြီ ၂၄**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင် မရမာကြီးလူမျိုးတို့၏ အမျိုးသားနေ့ကို မေ ၃ ရက်တွင် ကျောက်ဖြူမြို့ အရာရှိရပ်ကွက် အဝေးပြေးကားဂိတ်အနီးရှိ မရမာကြီးရတနာ့ဗိမာန်ကျောင်းတိုက်တွင် ရှစ်ကြိမ်မြောက်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း မရမာကြီးစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးမောင်နုက ပြောပြ၍ သိရသည်။

အဆိုပါ မရမာကြီးအမျိုးသားနေ့အခမ်းအနားတွင် ကလေးစာပေပြိုင်ပွဲ၊ အကပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ဝတ်စားဆင်ယင်မှုပြခန်းများပါ ပါဝင်မည်ဖြစ်ကြောင်း၊ အဆိုပါ အခမ်းအနားသို့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင်များဖြစ်သော သက်၊ ခမီ၊ မြို၊ ဒိုင်းနက် ခေါ် သက္ကမ၊ ကမန်လူမျိုးများနှင့် ချင်းတိုင်းရင်းသားများ တက်ရောက်အားပေးချီးမြှင့်ကြမည်ဖြစ်ကြောင်း သိရသည်။

"နောက်လာမဲ့ မျိုးဆက်သစ်တွေကို မြေတောင်မြှောက်ပေးဖို့လဲ လိုအပ်တာလဲပါတယ်။ မရမာကြီးအမျိုးသားနေ့က ကျင်းပဖို့လဲလိုအပ်တယ်။ လူမျိုးက ပျောက်ကွယ်လုနီးပါးဖြစ်နေပြီ။ အဲဒါကြောင့် မရမာကြီးလူမျိုးတွေနဲ့ ဆရာတော်၊ သံဃာတော်တွေနဲ့ ဆွေးနွေးပြီး ကျင်းပဖို့ စီစဉ်ကြတာပါ"ဟု ဦးမောင်နုက ပြောပြသည်။

မရမာကြီးအမျိုးသားနေ့အခမ်းအနားကို ၂၀၁၅ ခုနှစ်မှ စတင်ကာ ပထမအကြိမ်အဖြစ် ကျောက်ဖြူမြို့တွင် ကျင်းပခဲ့ပြီး စစ်တွေမြို့၊ မင်းပြားမြို့တို့တွင် ဆက်လက်ကျင်းပခဲ့ပြီး ယခု ရှစ်ကြိမ်မြောက်ကို ကျောက်ဖြူမြို့တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မရမာကြီးလူမျိုးများသည် ရခိုင်ပြည်နယ် မင်းပြား၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ကျောက်ဖြူနှင့် မောင်တောမြို့နယ်တို့အပြင် ရန်ကုန်၊ မန္တလေးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း နေထိုင်ကြပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုလျှင် လူဦးရေ ၁၅၀၀၀ ခန့်ရှိကြောင်း သိရသည်။

ASH

# Guardians of the Galaxy: Vol-3 ဇာတ်ကား ရုံမတင်မီ အထူးပွဲပြသမည်

**နယူးယောက် ဧပြီ ၂၄**

Guardians of the Galaxy: Vol-3 ဇာတ်ကားကို ကမ္ဘာတစ်ဝန်း ရုပ်ရှင်ဈေးကွက်များ၌ ရုံမတင်မီ အထူးပွဲများ ပြသမည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဧပြီ ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားကို အမေရိကန်နှင့် ကနေဒါမြို့ကြီးပေါင်း ၂၅ မြို့တို့၌ ဧပြီ ၂၈ ရက်တွင် အထူးပွဲများပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားသည်။

ကမ္ဘာတစ်ဝန်း ရုပ်ရှင်ဈေးကွက်၌ ရုံတင်ပြသမှုမပြုလုပ်မီ သီတင်းတစ်ပတ်အလိုတွင် ပြသမည့် Guardians of the Galaxy: Vol-3 အထူးပွဲများကို ပရိသတ်အရေအတွက် အကန့်အသတ်ဖြင့် ကြည့်ခွင့်ရမည်ဖြစ်သည်။

Guardians of the Galaxy: Vol-3 ဇာတ်ကားကို လာမည့် မေ ၅ ရက်တွင် ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားသည်။

Guardians of the Galaxy ဇာတ်ကားတွဲ၏ နောက်ဆုံးဇာတ်ကားဖြစ်သည့် အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းဂန်းက တာဝန်ယူရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

KKO




# Evil Dead Rise ဇာတ်ကား ပြည်တွင်းဝင်ငွေ ကန်ဒေါ်လာ ၂၃ သန်းကျော်ရှိ

**နယူးယောက် ဧပြီ ၂၄**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Evil Dead Rise ဇာတ်ကား၏ ရုံတင်ပြီး ပထမသီတင်းပတ်ကုန် ပြည်တွင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၃ သန်းကျော်ရှိလာကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဧပြီ ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီသည် Evil Dead Rise ဇာတ်ကားကို ဧပြီ ၂၁ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

ရုံတင်ပြီး ဧပြီ ၂၃ ရက်တွင် အဆိုပါဇာတ်ကား၏ ပြည်တွင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၅ သန်းထိရှိခဲ့ပြီး ကမ္ဘာတစ်ဝန်းဝင်ငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာသန်း ၄၀ ကျော်ထိရှိကြောင်း သိရသည်။

ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီသည် Evil Dead Rise ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၁၉ သန်းသာ သုံးစွဲခဲ့ရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ လီခရိုးနင်းက တာဝန်ယူရိုက်ကူးပေးထားပြီး မင်းသမီး လီလီဆူလီဗန်၊ အယ်လီဆာဆူသာလန်းနှင့် ဂါဘရီဟယ်ဟက်ခ်ိုးတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO



# ငါးသုံးကောင်

**ဇော်လေး**

**အိမ်ထောင်ပြု**

လွန်ခဲ့တဲ့ရာစုနှစ်ထဲမှာ ကျေးလက်တောရွာက လူပျိုအပျိုတွေဟာ များသောအားဖြင့် အသက် ၁၆ နှစ်နဲ့ ၂၅ နှစ်အတွင်းမှာ အိမ်ထောင်ပြုလေ့ရှိကြပါတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျကြတော့ သားသမီးရကြတာလည်း စောတာပေါ့။ တောရွာသဘာဝ သားသမီးဦးရေလည်း ကန့်သတ်တားမြစ်မထားတတ်ပါ။ မိခင်တစ်ဦးဟာ ကလေးငါးယောက်၊ ခြောက်ယောက် မွေးကြတာထုံးစံပါပဲ။ အရွယ်ကလည်း မွေးနိုင်တဲ့အရွယ်ကာလရှိနေသေးတာကိုး။ တချို့ဆို သားသမီး ရှစ်ယောက်၊ ကိုးယောက်မွေးပါတယ်။

ကျွန်တော့်အမေဟာ သားသမီးရှစ်ယောက်မွေးဖွားခဲ့ပါတယ်။ တောရွာသဘာဝ ဆေးဝါးနဲ့ အစာအာဟာရ မလုံလောက်တာလည်းပါတယ်။ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးရစခေတ်ကာလတွေမှာ မိသားစု ဆင်းဆင်းရဲရဲ ရုန်းကန်ခဲ့ကြရတဲ့ ဘဝပင်ပန်းမှုဒဏ်တွေကြောင့်လည်းပါမယ်။ ကျွန်တော်ရယ်၊ ခုနစ်နှစ်စီခြားတဲ့ ညီနှစ်ယောက်ရယ်။ အဖေနဲ့အမေတို့မှာ အိုမင်းတဲ့ထိ သားသုံးယောက်ပဲ အသက်ရှည်အောင် ကျွေးမွေးပျိုးထောင်နိုင်ခဲ့တယ်။ လူဖြစ်အောင်မွေးခဲ့၊ ကျွေးခဲ့တဲ့ ကျေးဇူးရှင်မိဘနှစ်ပါးရဲ့ ကျေးဇူးတရားဟာ ဆပ်လို့မကုန်နိုင်အောင်ကြီးမားပါတယ်။ မိမိအထက်က အစ်ကိုနှစ်ယောက်နဲ့ အစ်မတစ်ယောက်ကတော့ သုံး၊ လေး၊ ငါးနှစ်အရွယ်တွေမှာတင် ကွယ်လွန်ကြတယ်။ မိမိအောက်က ညီလေးတစ်ယောက်နဲ့ ညီမလေးတစ်ယောက်ကတော့ နှစ်နှစ်သမီး၊ သုံးနှစ်သားအရွယ်တွေမှာ ဆုံးပါးခဲ့ကြတယ်။ ကလေးသေဆုံးနှုန်းဟာ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း ၇၀၊ ၈၀ အတိတ်ကာလမှာ အတော်များခဲ့ကြတယ်။ မနုဿတ္တဘာဝေါ ဒုလ္လဘော။ လူ့ဘဝဆိုတာ အင်မတန်ရခဲလှတယ်။ ရပြန်ရင်လည်း လူတစ်လုံးသူတစ်လုံးဖြစ်မြောက်အောင် ပြုစုပျိုးထောင်ဖို့ရာ မလွယ်ကူလှပါဘူး။ လူ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ မိဘနဲ့ဆရာသမား၊ ဆွေမျိုးမိတ်သင်္ဂဟတွေရဲ့ ဝိုင်းဝန်းစောင့်ရှောက်မှုနဲ့ ဘဝတစ်ခု လူတန်းစေ့အောင် နေနိုင်လာခဲ့ရတယ်။

စာရေးသူတို့ကတော့ အသက် ၃၀ ကျော်စမှ အိမ်ထောင်ကျ။ သားသမီးလည်း သုံးယောက်လောက်မွေးပြီး ရပ်ထားရပြီ။ (ဇနီးကို သားကြောဖြတ်ရတာပေါ့ကွယ်) သားတွေ၊ သမီးတွေကျလည်း အသက် ၃၀ ကျော်မှအိမ်ထောင်ပြုကြတာပါပဲ။ သားသမီးနှစ်ယောက်လောက်ရကြရင် ရပ်ထားကြရပြီ။ မြို့ပြဘဝ ရုန်းကန်ရတာ လင်ကောမယားပါ နှစ်ဦးစလုံး လစာဝင်ငွေရအောင် အလုပ်လုပ်ပြီး ရှာဖွေကြရတာဆိုတော့ သားသမီးဦးရေ အများကြီးမမွေးနိုင်ကြတော့ပါ။ တွေ့ကြုံနေကြရတဲ့ ခေတ်ကာလအခြေအနေနဲ့ လိုက်လျောညီထွေ လိုက်နာကြရတဲ့သဘောပဲပေါ့။

**ဂျပန်မှာ**

ဂျပန်နိုင်ငံမှာ စက်မှုထွန်းကားပြီး လူနေမှုဘဝလည်းမြင့်မားကြပါတယ်။ လူတိုင်းလူတိုင်းလည်း အလုပ်ကို တော်တော်ကြိုးစားလုပ်ကိုင်ကြပါတယ်။

> ❖ ဆန္ဒစောလွန်းပြီး အချိန်မတိုင်မီ၊ အခြေအနေမပေးသေးမီ ဖျပ်ဖျပ်လူး (မထိရောက်ဘဲ၊ အရာမထင်လောက်ဘဲ) လုံ့လဝီရိယလွန်ကဲစွာ ကြိုးစားပေမဲ့လည်း အောင်မြင်မှာမဟုတ်ပါဘူး။ အခြေအနေကို အမှန်အတိုင်း သုံးသပ်သိမြင်တတ်တဲ့ အသိဉာဏ်က ဘဝမှာအဆုံးအဖြတ်ပေးတယ်။ "ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်"ဆိုတဲ့ မြန်မာဆိုရိုးစကားရှိထားတယ်။ ဥစ္စာပစ္စည်းရှာဖွေတဲ့နေရာမှာ ဥဋ္ဌာနသမ္ပဒါဆိုတဲ့ လုံ့လဝီရိယနဲ့ ကိုယ်တိုင်ကြိုးစားလုပ်ကိုင်ဖို့ဟာ အဓိကကျပါတယ်။ ❖

အိမ်ထောင်မပြုဘဲ အပျိုကြီး၊ လူပျိုကြီးတွေများနေတာရယ်။ နှစ်ယောက်စလုံးအလုပ်လုပ်လေ့ရှိကြလို့ သားသမီးမယူတာ။ တစ်ယောက်တလေပဲယူတာ စသဖြင့် အလေ့အထဖြစ်နေကြတော့ ၂၁ ရာစုကာလထဲ အနှစ် ၂၀ ရောက်လာတဲ့အချိန်မှာ ဂျပန်နိုင်ငံရဲ့ ရှေ့အလားအလာ အကျပ်အတည်းက သက်ကြီးရွယ်အို အဘိုးအို၊ အဘွားအိုဦးရေ အချိုးအစားက အလွန်အမင်းများပြားနေတယ်။ လူငယ်ဦးရေနည်းပါးလွန်းနေတယ်။ ကလေးမွေးဖွားနှုန်း ကြောက်လန့်စရာကောင်းအောင် နည်းပါးလွန်းနေပြီ။ ဂျပန်လူမျိုးဟာ လူဦးရေမတိုးပွားတဲ့အပြင် လူငယ်လူရွယ်မျိုးဆက်သစ် ခန်းခြောက်လျော့နည်းသွားတဲ့အန္တရာယ်ဟာ ရှေ့မှာမြင်နေရပြီ။ ဒုက္ခော။ သူများဆီကဒုက္ခ။

ရေချင်း၊ မြေချင်း၊ အခြေအနေချင်းက တစ်နိုင်ငံနဲ့တစ်နိုင်ငံ လူမျိုးရဲ့ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံ၊ စီးပွားရေးဖွံ့ဖြိုးမှု၊ လူတွေရဲ့အတတ်ပညာနဲ့ အမြော်အမြင် (လူသားအရင်းအမြစ်)အခြေအနေ စသဖြင့် မတူညီကြလေတော့ အဖြေပုံသေနည်းမပြောတတ်ပါ။

**ဂျင်ဓိုးတရှို**

ကိုယ့်ဆီမှာတော့ အနှစ် ၂၀၊ ၃၀ ကြားလောက် အနောက်နိုင်ငံ နယ်ချဲ့ကိုလိုနီလက်သစ်ရဲ့ သူကြွယ်ဇာခံလက်ဝေခံရပ်သေးနိုင်ငံဖြစ်အောင် အဆက်မပြတ်ဖိနှိပ်ပိတ်ဆို့ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်များ သေးသိမ်ပျောက်ကွယ်သွားအောင် ဖျက်ဆီးချေမှုန်းခံနေရလို့ အသက် ၂၀ ကျော်လူငယ်တချို့မှာ အနောက်နိုင်ငံကို အထင်ကြီးကြောက်ရွံ့စိတ်၊ မိမိနိုင်ငံနဲ့ မိမိလူမျိုးရဲ့ အစဉ်အလာနဲ့ ရာဇဝင်တန်ဖိုးကို မသိမမြင်နိုင်ကြဘဲ (အထင်အမြင်လွဲ၊ အထင်သေး) မနှစ်သက်တဲ့သဘောထားအမြင်တချို့ သွတ်သွင်းခံခဲ့ရတော့တယ်။

ဘာသာသာသနာရဲ့ အစဉ်အလာယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံတွေကိုလည်း ပစ်ပယ်ချင်လာကြတာ အချို့နေရာမှာ တွေ့မြင်လာရတယ်။ အမြင်ကျယ်ကျယ်နဲ့ မှုမှုတတတွေးခေါ်တတ်အောင် သတိပြုကြရမယ်။

စာရေးသူတို့အိမ်ထောင်စုမှာ မိမိတို့ဇနီးမောင်နှံက အသက် ၇၀ ကျော်။ အသက်အပိုင်းအခြားအရ မျိုးဆက်ဟောင်းလူသား။

သမီးတို့၊ သားတို့၊ သမက်နဲ့ချွေးမက အသက် ၃၀ နဲ့ ၄၀ ကြား။ လူလတ်လူငယ်မျိုးဆက်သစ်အုပ်စု။

သူတို့ကမွေးဖွားလာကြတဲ့ မြေးလေးယောက်က အသက် ခုနစ်နှစ်၊ ကိုးနှစ်၊ ၁၃ နှစ်၊ ၁၅ နှစ်။ ဆယ်ကျော်သက်လူပျိုပေါက်၊ အပျိုပေါက် ကျောင်းသား၊ ကျောင်းသူလေးတွေ။ အဘိုးနဲ့အဘွားမှာ မြေးလေးတွေနဲ့ စကားပြောရတဲ့အချိန်ဟာ အရာရာကိုမေ့ပြီး ကြည်လင်ပျော်မွေ့နေတဲ့အချိန်ပေါ့။

**ပုံပြင်ပြော**

သူတို့လေးတွေက ကျောင်းမှာတွေ့ကြုံခဲ့ရတဲ့ ပျော်စရာ၊ ရယ်စရာ၊ ဝမ်းသာစရာ၊ စိတ်ပျက်စရာ၊ စိတ်ညစ်စရာတွေ အဘိုး၊ အဘွားကိုပြန်ပြော။ ဘိုးဘိုးက အိပ်ရာဝင်ပုံပြင်တွေ၊ ဘာသာရေးအဆုံးအမနဲ့ ယဉ်ကျေးမှုပုံပြင်တွေပြန်ပြော။ နားထောင်တတ်တဲ့ အလေ့အကျင့်ရဖို့က အရေးကြီးတယ်ကွယ်။ နားထောင်တတ်တဲ့လူဟာ သင်ယူမှုဖွံ့ဖြိုးလာတာပဲ။

မိမိရှစ်တန်းကျောင်းသားအရွယ်က ဆရာတော်အရှင် ဇနကာဘိဝံသရေးသားတော်မူတဲ့ စာအုပ်ထဲက ငါးသုံးကောင်အကြောင်း မှတ်မိသမျှ မြေးလေးတွေကို ပုံပြင်အနေနဲ့ ပြန်ပြောပြခဲ့တယ်။ တံငါတစ်ယောက်ဟာ သူမိလာခဲ့တဲ့ ငါးသုံးကောင်ကို လှေဝမ်းထဲမှာ ထည့်ထားပြီး ချောင်းရိုးမှ နေအိမ်ရှိရာ ရွာဆီသို့ လှေလှော်ပြီးပြန်လာတယ်။

**ရှန်ဆွရှန်ဆွ**

လုံ့လဝီရိယရှိရင်အောင်မြင်မှာပဲလို့ ယူဆတဲ့ငါးတစ်ကောင်ဟာ လှေအတွင်းကနေ လှေနံကိုကျော်ပြီး ချောင်းရေထဲ ပြန်ဆင်းနိုင်အောင် တဖျပ်ဖျပ်ခုန်နေတယ်။ အခါခါခုန်ဖို့ ကြိုးစားနေတာကို တံငါလုလင် သတိထားမိသွားတော့ အဲဒီငါးရဲ့ဦးခေါင်းကို လှော်တက်နဲ့ရိုက်သတ်လိုက်တယ်။

ဉာဏ်ကိုယုံကြည်တဲ့ငါးကတော့ အားမွေးပြီး အချိန်အခါကောင်းကိုစောင့်တယ်။ ချောင်းအကွေ့တစ်နေရာ ရေစီးလည်းသန်ပုံရလို့ လှေနံတစ်ဖက် သိသိသာသာနိမ့်ဆင်းပြီး စောင်းတဲ့ဘက်ကို ရှုတ်တရက်အားကုန်သုံးပြီး ခုန်ဆင်းလိုက်တာ လှေနံပေါ်ကျော်ကာ ရေပြင်ထဲကျသွားပါရော။ တံငါသမားလည်း ဘာမှမတတ်နိုင်တော့ဘူး။ လှေမမှောက်အောင်ဘဲ သတိပြုထိန်းနေရတယ်။

**အေးဆေး**

နောက်တစ်ကောင်ကတော့ ကံကိုပဲယုံတဲ့ငါးဖြစ်တယ်။ တွေ့ကြုံလာသမျှ ကံအတိုင်းသာပဲလို့ သူက မှတ်ယူထားတယ်။ တံငါက ဒီငါးလည်း ရှေ့ကငါးလို ထပ်ပြီး ခုန်ထွက်သွားရင် ခက်တယ်ဆိုပြီး လှေလှော်တက်နဲ့ ရိုက်ချလိုက်တယ်။

ဘဝတစ်ခုမှာ ကံရယ်၊ ဉာဏ်ရယ်၊ ဝီရိယရယ် အကြောင်းသုံးခုပြည့်စုံအောင်လုပ်ဆောင်မှ အောင်မြင်ရတယ်။ ဝီရိယတစ်ခုတည်းနဲ့ အခြေအနေအချိန်အခါကို အကဲခတ်သုံးသပ်ရွေးချယ်တတ်ခြင်းမရှိဘဲ တဖျပ်ဖျပ်ခုန်နေပေမဲ့လည်း မအောင်မြင်။ ဉာဏ်မပါလျှင် အရာမရောက်ဘူးလေ။

**ဉာဏ်ပညာ**

ပြောင်းလဲနေတဲ့အခြေအနေကို မျက်ခြည်မပြတ်သုံးသပ်အကဲခတ်နေရပြီး ပေါ်ပေါက်လာတဲ့ လျှပ်တစ်ပြက်အခွင့်အရေးကို မိမိအတွက် အခွင့်အလမ်းဖြစ်အောင် ရွေးချယ်အသုံးချတတ်ရပါမယ်။

ကြိုးစားမှုလည်းမရှိ။ လုံ့လလည်းမပြု။

ဉာဏ်နဲ့ယှဉ်ပြီး နှိုးကြားဆင်ခြင်၊ သတိနဲ့စောင့်ကြည့်ပြင်ဆင်ထားခြင်းလည်းမရှိ။ အခြေအနေတိုင်း နေရမှာပဲဆိုတာမျိုး သက်သာခိုတဲ့ ကံအတိုင်းပါပဲလေဆိုတဲ့ ကံကိုယုံတဲ့ငါးဟာ ဟင်းအိုးထဲရောက်သွားရတာပဲ။ ကံကိုယုံပြီး ဆူးပုံမနင်းရာဆိုတဲ့ စကားရှိရဲ့။ ကံအတိုင်းပေါ့လို့ အားမလျှော့ရဘူး။

ဆန္ဒစောလွန်းပြီး အချိန်မတိုင်မီ၊ အခြေအနေမပေးသေးမီ ဖျပ်ဖျပ်လူး (မထိရောက်ဘဲ၊ အရာမထင်လောက်ဘဲ) လုံ့လဝီရိယလွန်ကဲစွာ ကြိုးစားပေမဲ့လည်း အောင်မြင်မှာမဟုတ်ပါဘူး။

အခြေအနေကို အမှန်အတိုင်း သုံးသပ်သိမြင်တတ်တဲ့ အသိဉာဏ်က ဘဝမှာအဆုံးအဖြတ်ပေးတယ်။ "ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်"ဆိုတဲ့ မြန်မာဆိုရိုးစကားရှိထားတယ်။

ဥစ္စာပစ္စည်းရှာဖွေတဲ့နေရာမှာ ဥဋ္ဌာနသမ္ပဒါဆိုတဲ့ လုံ့လဝီရိယနဲ့ ကိုယ်တိုင်ကြိုးစားလုပ်ကိုင်ဖို့ဟာ အဓိကကျပါတယ်။ သို့ပေမဲ့ မိမိမမြင်နိုင်တဲ့ (Unknown Factors) အခြင်းအရာတွေလည်း ရုတ်တရက် အနှောင့်အယှက်ရှိတတ်တာမို့ ကံပါက ဥစ္စာရှာရအဆင်ပြေတယ်။

**ဆင်ခြင်ပါ**

လူတစ်ယောက်ရဲ့ဘဝမှာ အရေးအကြီးဆုံး စောင့်ရှောက်ရတဲ့ မိမိအသက်တစ်ချောင်းကတော့ "**ဆင်ခြင်တုံတရားဉာဏ်ပညာ**"ဦးစီးမှသာ အသက်ရှင်သန်ပါတယ်။ အသက်ရှည်နိုင်ပါတယ်။ ဉာဏ်ကိုအသုံးချမှ ဖြစ်ပါတယ်။

ဉာဏ်နည်းသူတွေ ကိုယ့်မိုင်းနဲ့ကိုယ်ကွဲပြီး သေခဲ့ကြတာ မနည်းလှတော့ပေ။ မြေးလေးတွေကို ပြောဖြစ်တဲ့ ငါးသုံးကောင်ပုံပြင်လေ။

# မြေပုံမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

မြေပုံ မေ ၂၄

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကံသာကျေးရွာမြေသားရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်း နှင့် ချောင်းရှည်ကျေးရွာမြေသားရေကန်တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မေ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေကော်မတီဝင်များနှင့်အတူ ကံသာကျေးရွာမြေသားရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ချောင်းရှည်ကျေးရွာ မြေသားရေကန်တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြေပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းရန်မှာကြားခဲ့ကြောင်း သိရသည်။

မြေပုံမြို့နယ် ကံသာကျေးရွာ၌ အလျား ပေ ၁၅၀၊ အနံ ပေ ၁၅၀၊ အနက် သုံးပေ မြေသားရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းကို ပြည်ထောင်စု (မွမ်းမံ) ရန်ပုံငွေ ၇ ဒသမ ၀၆ သန်းဖြင့် Sein Mya ကုမ္ပဏီကလည်းကောင်း၊ ချောင်းရှည်ကျေးရွာ၌ အရှည် ပေ ၆၀၀၊ အမြင့် သုံးပေ မြေသားရေကန်တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းကို ပြည်ထောင်စု(မွမ်းမံ) ရန်ပုံငွေ ၁ ဒသမ ၀၆၄ သန်းဖြင့် စိမ်းမြသရီ ကုမ္ပဏီကလည်းကောင်း တာဝန်ယူ၍ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြေပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုသန်း

# ကရင်ပြည်နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တံတားအစင်း ၄၀ ကျော်နှင့် လမ်း ၄၅ မိုင်ကျော် ဖောက်လုပ်ပေးနိုင်ခဲ့



**ဘားအံ ဧပြီ ၂၄**

ကရင်ပြည်နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တံတားအစင်း ၄၀ ကျော်နှင့် လမ်း ၄၅ မိုင်ကျော် ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ဧပြီ ၂၃ ရက်သတင်းများအရ သိရသည်။

ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင် ဘဏ္ဍာနှစ်အလိုက် ရရှိလာသည့် ရန်ပုံငွေအပေါ်မူတည်၍ လမ်း၊ တံတားလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးရာ၌ လမ်းလုပ်ငန်းကဏ္ဍတွင် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေသားလမ်းနှင့် ဂဝံလမ်းများကို ဖောက်လုပ်ပေးခဲ့ပြီး တံတားလုပ်ငန်းကဏ္ဍတွင် မြစ်ကူး၊ ချောင်းကူးတံတားများ၊ Box Culvert များ၊ ကျေးရွာချင်းဆက်၊ မြို့နယ်ချင်းဆက်လမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

အဆိုပါဆောင်ရွက်ပေးနေမှုများအရ ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တံတား ၄၂ စင်း အသစ်တည်ဆောက်ပေးနိုင်ခဲ့ပြီး ကွန်ကရစ်လမ်း ၂၀ မိုင် တစ်ဖာလုံ၊ ကတ္တရာလမ်း ၁၇ မိုင် ငါးဖာလုံ၊ ကျောက်လမ်း ခြောက်မိုင် နှစ်ဖာလုံ၊ မြေသားလမ်း တစ်မိုင် လေးဖာလုံနှင့် ဂဝံလမ်း သုည ဒသမ ၃၆ ဖာလုံတို့ကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်တည်ဆောက်ခဲ့သည့် လှာကာ-ဖားဖု-ကျုံပိုက်-ခဲတောက်-မုတ္တဒီလမ်းပေါ်ရှိ ပေ ၁၀၀ သံကူကွန်ကရစ်တံတားသစ်ကိုလည်း ယခုနှစ် ဧပြီ ၂၂ ရက်က ဖွင့်လှစ်ပေးခဲ့ကြောင်း၊ အဆိုပါတံတားသည် အရှည် ပေ ၁၀၀၊ အကျယ် ပေ ၂၀ ရှိသံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ကရင်ပြည်နယ် အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၃၉၃ ဒသမ ၇ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းချမ်း**

# ဖျာပုံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ဖျာပုံ ဧပြီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကမာပိုကျေးရွာနှင့် ကံဆိပ်ကျေးရွာတို့အတွက် စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကမာပိုကျေးရွာနှင့် ကံဆိပ်ကျေးရွာတို့အတွက် ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ စီကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဦး**

# ဟိုင်းကြီးကျွန်းမြို့အနီး ငွေတောင်ကမ်းခြေသို့ တစ်ရက်လျှင် ခရီးသွားဦးရေ ၄၀၀ ကျော်ထိ လာရောက်လည်ပတ်

**ငပုတော ဧပြီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့အနီး ငွေတောင်ကမ်းခြေသို့ ဧပြီလအတွင်း တစ်ရက်လျှင် ခရီးသွားဦးရေ ၄၀၀ ကျော်ထိ လာရောက်လည်ပတ်နေကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ ခရီးသွားလုပ်ငန်းတာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။



ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ ဧပြီလအတွင်း တစ်ရက်လျှင် ခရီးသွားဦးရေ ၄၀၀ ကျော်ထိ လာရောက်လည်ပတ်နေကြောင်း၊ အဆိုပါကမ်းခြေသို့ ပြီးခဲ့သည့်မတ်လအတွင်းက တစ်ရက်လျှင် ခရီးသွားဦးရေ ၁၀၀ ကျော်သာ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

“နွေရာသီကျောင်းပိတ်ရက်လဲ ဖြစ်ပြီး အပူချိန်တွေက ပြင်းလွန်းတာကြောင့် ဧပြီလအတွင်း ခရီးသွားတွေ များပြားနေပါတယ်။ တစ်ရက်ကို ခရီးသွားအယောက် ၄၀၀ ကျော်ထိ လာရောက်လည်ပတ်နေပါတယ်။ စနေနဲ့ တနင်္ဂနွေရက်တွေဆို ပိုများပါတယ်”ဟု ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ ခရီးသွားလုပ်ငန်းတာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငွေတောင်ကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားများအနက် ရန်ကုန်တိုင်းဒေသကြီးမှ အများဆုံးလာရောက်လည်ပတ်ကြကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားများ အဆင်ပြေစေရန် ကမ်းရိုးတန်းရေယာဉ်များ၊ Express မော်တော်ယာဉ်များ၊ ခေါက်တိုသုံးဘီးယာဉ်များ၊စင်းလုံးငှားမော်တော်ယာဉ်များ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းဖြတ်မြို့နယ် နန့်ယွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းဖြတ် ဧပြီ ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ နန့်ယွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဧပြီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများက နန့်ယွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့်လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံ ပြည့်စုံမှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နန့်ယွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ငြိမ်းမာ**



# ချောက်မြို့နယ် ထိန်စမ်းကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**ချောက် ဧပြီ ၂၄**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရယူသုံးစွဲနိုင်စေရန် ရည်ရွယ်၍ ထိန်စမ်းကျေးရွာအုပ်စု ထိန်စမ်းကျေးရွာ၌ အိမ်တိုင်ရာရောက် ရေမီတာသုံးရေ ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်နှင့် ဝန်ထမ်းများက ရေရရှိရေးကော်မတီဝင်များနှင့်အတူ ထိန်စမ်းကျေးရွာ၌ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ရေရရှိရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများကို သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထိန်စမ်းကျေးရွာ၌ အရှည် ၂၉၀၇၆ ပေရှိ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ UNICEF ၏ ရေပိုက်များပံ့ပိုးပေးမှု၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ လုပ်အားပူးပေါင်းပါဝင်မှုဖြင့် ယခုနှစ်မတ်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ထိန်စမ်းကျေးရွာရှိ အိမ်ခြေ ၂၉၈ အိမ်၊ လူ ၉၈၄ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေ အလွယ်တကူရရှိနိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

# ကလေးငယ်များကို သင်ကြားပေးသင့်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာရေး

မေဇင်ထွန်း

ယနေ့ခေတ်တွင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သောပညာရေးသည် ကလေးများအတွက် အလွန်အရေးကြီးလှသည်။ ထို့ကြောင့် ကလေးငယ်များကို သဘာဝပတ်ဝန်းကျင်ပညာပေးအကြောင်းများကို ကျောင်းတွင်သာမက အိမ်တွင်ပါသင်ကြားပေးသင့်ပြီး ကလေးငယ်များတွင် သဘာဝပတ်ဝန်းကျင်၏အရေးကြီးပုံနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် သင်ပေးရန်က အလွန်အရေးကြီးလှသည်။

သဘာဝပတ်ဝန်းကျင်ပညာရေးသည် ၁၉ ရာစုကတည်းက အများသူငါ သိထားသင့်သောပညာပေးပညာရေးတစ်ခုဖြစ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သော ပညာရေးကို သိပ္ပံပညာအစား နိုင်ငံရေးစိတ်ဝင်စားမှု၊ စီးပွားရေးနှင့် ဆက်စပ်နေသည့်ခေါင်းစဉ်တစ်ခုအဖြစ် သတ်မှတ်ခဲ့ကြသည်။ ထို့ကြောင့် ကျောင်းတွင်သာမက အိမ်တွင်ပါ သဘာဝပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုအကြောင်း ကလေးများကို သင်ကြားပေးရန် ယခင်ကထက် ပိုအရေးကြီးလာသည်။ ထိုသို့သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးခြင်း၊ သင်ကြားရှင်းပြပေးခြင်းများမရှိပါက ကမ္ဘာဂြိုဟ်သည် ကပ်ဘေးပေါင်းများစွာ သဘာဝဘေးဒဏ်၊ ရာသီဥတုဆိုးရွားမှုများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုခံစားလာကြရကာ ဘေးဒုက္ခများနှင့် ရင်ဆိုင်ရပေမည်။ ထို့ကြောင့် အနာဂတ်မျိုးဆက်သစ်များဖြစ်သော ကလေးငယ်များကို သင်ကြားပေးရန် လိုအပ်လာခြင်းဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ပညာရေးသည် အထူးသဖြင့် ကလေးငယ်များအတွက် အလွန်အရေးပါသောကိစ္စရပ်ဖြစ်ပြီး အဖိုးတန်သော သဘာဝအရင်းအမြစ်များကို အမွေဆက်ခံသူများဖြစ်သည့်ကလေးငယ်များအတွက် လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့် စိန်ခေါ်မှုများလည်းဖြစ်သည်။

**အရေးကြီးသည့်အခန်းကဏ္ဍမှပါနေသော သဘာဝပတ်ဝန်းကျင်ပညာရေး**

ကျွန်ုပ်တို့၏ ငယ်စဉ်ကလေးဘဝသို့ပြန်ကြည့်သောအခါ ယနေ့ ကျွန်ုပ်တို့ မည်ကဲ့သို့ဖြစ်လာသည်ကို လွယ်ကူစွာမြင်နိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ကလေးများကို သဘာဝပတ်ဝန်းကျင်အကြောင်းကို အထူးသဖြင့် ငယ်ရွယ်စဉ်ကတည်းက သင်ကြားပေးရန်မှာ အရေးကြီးသည်။ မိဘဆရာများ၏သွန်သင်ချက်များဖြင့် ကလေးငယ်များသည် ပတ်ဝန်းကျင်အတွက် ကောင်းခြင်း၊ ဆိုးခြင်းများကို သိမြင်လာပြီး ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို ဖန်တီးပုံဖော်လာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်မျိုးဆက်များအားလုံးသည် ၎င်းတို့သင်ယူခဲ့ရသည့် ပတ်ဝန်းကျင်အလေ့အထများ၊ ၎င်းတို့မြင်တွေ့နေရသည့် ပတ်ဝန်းကျင်ကျန်းမာရေးအသိ၊ သတိရှိသော စားသုံးမှုရွေးချယ်ခြင်းများနှင့် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတန်ဖိုးထားတတ်စေရေးသင်ကြားပေးရန်မှာ အရွယ်ရောက်ပြီးသူအားလုံး၏တာဝန်ပင်ဖြစ်သည်။

ကလေးငယ်များ၏ မိဘများတွင်သာ တာဝန်ရှိခြင်းမျိုးမဟုတ်ဘဲ လူသားတိုင်းပူးပေါင်းလုပ်ဆောင်ရမည့်တာဝန်ဖြစ်သည့်အတွက် အရွယ်ရောက်ပြီးသူအားလုံးကို အသိပညာဖြင့်ပြည့်စုံပြီးသူဟု သတ်မှတ်ကာ လူကြီးများဟု ခေါ်ကြခြင်းဖြစ်သည်။ ငယ်စဉ်အခါက ဆွေမျိုးများ၊ အိမ်နီးနားချင်းများက အလွယ်တကူ ကြမ်းပြင်ပေါ်၊ လမ်းပေါ် အမှိုက်ပစ်ခြင်းကိုမြင်ဖူးထားသောကလေးသည် ထိုအကျင့်ကို လိုက်အတုယူမည်ဖြစ်သည်။ ထိုသို့မဖြစ်စေရန် လူကြီးများကအစ စည်းကမ်းရှိအောင်နေထိုင်ကာ အကျင့်ကောင်းများကို လိုက်နာသင်ပြပေးရမည်ဖြစ်သည်။ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်လျှင် အနာဂတ်တွင် မည်သို့ဖြစ်တတ်သည်ကို သိရှိစေပြီး ထိုသို့သိရှိနားလည်ခြင်းက ၎င်းတို့၏အနာဂတ်ကို ပုံဖော်ပေးမည်ဖြစ်သည်။ လူသားတစ်ဦးစီတိုင်းသည် ကမ္ဘာဂြိုဟ်ကိုဂရုစိုက်ရန်လိုအပ်ပြီး ထိုသို့ဂရုစိုက်တတ်အောင် သွန်သင်ဆုံးမခြင်းခံခဲ့ရရန်လည်းလိုသည်။ ကျွန်ုပ်တို့အများစုသည် ငယ်စဉ်က ထိုသို့သော အကြောင်းအရာများကို မတွေးခဲ့ကြပေ။

ယခင်က မိဘများသည် သဘာဝပတ်ဝန်းကျင် ပျက်စီးရခြင်း အကြောင်းတရားများနှင့်ပတ်သက်ပြီး ဗဟုသုတမရှိကြသဖြင့် ၎င်းတို့၏ကလေးငယ်များအပေါ် ပတ်ဝန်းကျင်ပညာရေးကို သင်ကြားပေးမှုပိုင်းတွင် အားနည်းကြသည်။ ထို့ပြင် ထိုအချိန်က ရုပ်မြင်သံကြားအစီအစဉ်များနှင့် မှတ်တမ်းရုပ်ရှင်များကိုသာ ပြသခဲ့ကြပြီး အခြားသောအကြောင်းအရာများနှင့် မသက်ဆိုင်သည့်အရာများပြသခြင်းကို ဖော်ပြခြင်း မပြုခဲ့ကြချေ။ ထို့ကြောင့် ယနေ့ခေတ်တွင် ပလတ်စတစ်နှင့် အခြားသောစွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုခြင်းအကြောင်းများကို မီဒီယာများ၊ ကျောင်းများတွင် အသိပညာပေးအစီအစဉ်များအဖြစ် ဖော်ပြလာသည်ကို တွေ့ရသည်။ ယခင်က ကျွန်ုပ်တို့အများစုသည် တာဝန်သိစားသုံးသူများဖြစ်ရန်နှင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရန်၊ မိမိတို့၏မဆင်မခြင်လုပ်ရပ်များက ပတ်ဝန်းကျင်ကို မည်သို့အကျိုးသက်ရောက်ပုံတို့ကို အမှန်တကယ် မလေ့လာခဲ့ကြပေ။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို အလေးထားသော စားသုံးသူတစ်ဦးဖြစ်လာစေရန်အတွက် မကြာသေးမီနှစ်များအတွင်း စတင်အာရုံစိုက်ကာ အသိပညာပေးခြင်းများ၊ လိုက်နာကျင့်သုံးခြင်းများသည် အမှန်တကယ်လိုအပ်သော အရာများဖြစ်လာခဲ့သည်။

ယနေ့ခေတ်တွင် သတင်းအချက်အလက်များသည် နေရာတိုင်း၌ရှိနေသည်။ ထို့ကြောင့် ကလေးများကို အလွယ်တကူ သင်ကြားပေးနိုင်သည်။ ထိုသည်မှာ နည်းပညာ၏ ဆင့်ကဲပြောင်းလဲမှုကြောင့်ဖြစ်ပြီး အဆင့်မြင့်လာသောနည်းပညာများသည် ကလေးငယ်များ သင်ကြားရေးအတွက် အပြည့်အဝပံ့ပိုးမှုရှိသည်ကို တွေ့ရသည်။ ထို့ပြင် မှန်ကန်သော သုတေသနပြုခြင်း၊ မှန်ကန်သောကိရိယာများကိုအသုံးပြုခြင်းဖြင့် ရရှိလာသော သတင်းအချက်အလက်များသည် ကလေးများစိတ်ထဲတွင် သဘာဝပတ်ဝန်းကျင်အကြောင်းကို စဉ်ဆက်မပြတ် လေ့လာသိရှိထားနိုင်မည်ဖြစ်သည်။ ထို့ပြင် ပြန်လည်အသုံးပြုသည့်ပစ္စည်းများသည် ဂေဟစနစ်များကို ကာကွယ်ရာတွင်သော်လည်းကောင်း၊ ရေရှည်တည်တံ့သောရင်းမြစ်အစားအစာများ ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင်အရေးဆောင်ရွက်ရန်ဆန္ဒရှိသော ခေါင်းဆောင်များကိုမဲပေးခြင်း၊ စွမ်းအင်အသုံးပြုမှု သက်သာသောပစ္စည်းများကို ရှာဖွေခြင်း၊ သဘာဝအတိုင်း အလိုလိုပျက်စီးစေသော သန့်ရှင်းရေးပစ္စည်းများကို အသုံးပြုခြင်းတို့ကို ပြုလုပ်နိုင်သည်။ ကလေးများသည် အရာအားလုံးကိုဦးနှောက်အတွင်းစုပ်ယူပြီး အတုယူကာ လိုက်လုပ်ကြလေ့ရှိသည်။ ထို့ကြောင့် ကလေးများသည် ရေရှည်တည်တံ့သော ရွေးချယ်မှုတချို့ကို သင်ယူကြခြင်းဖြင့် ၎င်းတို့တွင် ကြီးမားသော အကျိုးသက်ရောက်မှုကို ရရှိနေပြီဖြစ်သည်။ ထို့ကြောင့် အရွယ်ရောက်ပြီးသူ လူကြီးများအနေဖြင့် မိမိတို့၏အဖိုးတန်သော ကလေးငယ်များကို လမ်းပြပေးရန် တာဝန်ရှိသည်။

ထိုသို့သင်ကြားရာတွင် လက်ဦးဆရာဖြစ်သော မိဘများကစပြီး ကလေးငယ်များကို ငယ်စဉ်ကပင် သင်ကြားပေးလျှင် ပိုကောင်းသည်။ လူမှုရေးဆိုင်ရာ၊ စိတ်ခံစားမှုဆိုင်ရာအကြောင်းအရာများကို ကလေးငယ်များအနေဖြင့် ၎င်းတို့၏သင်ယူမှုအပေါ် အာရုံစိုက်ခြင်းသည် ကလေးများကို အသိစိတ်ရှိရှိ တွေးခေါ်မှုကို ချမှတ်နိုင်စေခြင်း သော့ချက်ဖြစ်သည်။ ကလေးငယ်များနှင့်ပတ်သက်ပြီး ကျွမ်းကျင်သူများက ကလေးများ၏ဦးနှောက်ဖွံ့ဖြိုးမှုအများစုသည် မွေးကင်းစမှ



အသက်သုံးနှစ်ကြားအချိန်က အကောင်းဆုံးဖြစ်သည်ဟုဆိုထားသည်။ ထိုအချိန်အတွင်း အပြုသဘောဆောင်သော လူမှုဆက်ဆံရေး စိတ်ပိုင်းဆိုင်ရာစွမ်းရည်များကို ကလေးများတွင် တည်ဆောက်ပေးခြင်းသည် အကောင်းဆုံးဖြစ်သည်။ ဤဖွံ့ဖြိုးတိုးတက်မှုနှစ်များတစ်လျှောက် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ လူသားအချင်းချင်း အပြန်အလှန်တုံ့ပြန်မှုနှင့် တီထွင်ဖန်တီးနိုင်မှုတို့အတွက် လိုအပ်သော အခြေခံအရည်အချင်းများကို အာရုံစိုက်သင်ကြားပေးမှသာ ၎င်းတို့ကြီးပြင်းလာသည်နှင့်အမျှ ဤကျွမ်းကျင်မှုများသည် ပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်မှုများကိုဆန်းစစ်ရန်၊ ထိုအကြံဉာဏ်များကို ဆက်သွယ်ပြောဆိုရန်နှင့်နောက်ဆုံးတွင် သင့်လျော်သောအဖြေများကိုရှာဖွေရန် ၎င်းတို့တွင် ယုံကြည်မှုရှိမည်ဖြစ်သည်။

ထို့ကြောင့် ကလေးများကို သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍ ဘယ်လိုဂရုစိုက်၊ ကာကွယ်၊ ပြန်လည်ထူထောင်ရမလဲဆိုသည်ကို သင်ကြားပေးရန် နည်းလမ်းများစွာရှိပြီး သင်ကြားမှုစတင်ရာတွင် ရိုးရှင်းသောနည်းလမ်းများဖြင့် စတင်သင်ကြားပေးကာ သဘာဝတရားကိုချစ်တတ်အောင် သင်ကြားပေးရမည်ဖြစ်သည်။

သဘာဝတရားကြီးကို ချစ်တတ်သောစိတ်၊ စိတ်ဝင်စားမှုကို အားပေးရာရောက်သည့် အပြုအမူများဖြစ်သော လမ်းလျှောက်ခြင်း၊ တောင်တက်ခြင်း၊ ရေကန်၊ မြစ် သို့မဟုတ် သမုဒ္ဒရာများသို့ ခေါ်ဆောင်သွားကာ သန့်ရှင်းသောလေကိုရှူရှိုက်ရင်း ကလေးငယ်များ၏ အနာဂတ်ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို စိတ်ဝင်စားစေရန် ကူညီပေးနိုင်သည်။ ထို့ပြင် သစ်ပင်ပေါ်တက်ကာ သစ်ပင်များတွင်နေထိုင်သော အင်းဆက်ပိုးမွှားများကို ကြည့်ရှုစေခြင်း၊ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝတရားကြီးကို သဘောကျစေခြင်းဖြင့် ၎င်းတို့၏စိတ်ဝင်စားမှုကို မြှင့်တင်ပေးနိုင်သည်။ ကလေးငယ်များကို သဘာဝတရား အတွေ့အကြုံများပိုမိုပေးအပ်ခြင်းဖြင့် ၎င်းတို့၏ပတ်ဝန်းကျင်ကို စူးစမ်းချင်စိတ်နှင့် ပျော်ရွှင်မှုတို့ပေါင်းစပ်ကာ သဘာဝတရားကြီးကို မြတ်နိုးတတ်လာမည်ဖြစ်သည်။

ဆေးပညာနှင့် ဂေဟဗေဒဆိုင်ရာကျွမ်းကျင်သူများက ထုတ်ဝေသည့် Science Advances ဂျာနယ်၌ ဖော်ပြထားသော လေ့လာမှုတစ်ခုတွင် ကလေးငယ်များကို စိမ်းလန်းသောနေရာများ၌ ကစားခွင့်ပေးခြင်းသည် ၎င်းတို့၏ ခုခံအားစနစ်ကို တိုးမြင့်စေကြောင်း ပြသခဲ့သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များကို ပတ်ဝန်းကျင်နှင့်ထိတွေ့ဆက်စပ်ပေးခြင်းသည် ကမ္ဘာကြီးအတွက် အကျိုးရှိသည်ကို တွေ့ရသည်။

ကလေးများသည် စွန့်ပစ်ပစ္စည်းများကို အမျိုးအစားခွဲစွန့်ပစ်ခြင်းကို လျင်မြန်စွာသင်ယူနိုင်ပြီး ၎င်းတို့မှန်ကန်စွာ စနစ်တကျစွန့်ပစ်နိုင်ရန်အတွက် မှန်ကန်သော အမှိုက်ပုံးများထားရှိပေးထားရမည်။ လျှော့ချ၊ ပြန်သုံး၊ ပြန်လည်အသုံးပြုဟူသော "R" သုံးလုံး စည်းမျဉ်းသုံးခုကိုလိုက်နာခြင်းသည် အလွန်ရိုးရှင်းသော်လည်း အထိရောက်ဆုံးဖြစ်သည်ကို တွေ့ရှိရသည်။ ဥပမာ-ပလတ်စတစ်များကိုပြန်လည်အသုံးပြုခြင်းသည် ပလတ်စတစ်ပြဿနာအတွက် အဖြေမဟုတ်ကြောင်း နားလည်ရန် အရေးကြီးသည်။ တစ်နည်းဆိုရသော် ကလေးငယ်များကို မလိုအပ်ဘဲ ပလတ်စတစ်အသုံးပြုမှုနည်းအောင် အစပထမတွင် သင်ကြားပေးရမည်ဖြစ်သည်။

ထို့ပြင် အမှိုက်များကိုသန့်ရှင်းကာ ဆွေးမြည့်အောင်ထားပြီး ရရှိလာသောအရာများကို ပြန်သုံးနိုင်ကြောင်း ကလေးများကိုရှင်းပြရန်လိုအပ်သည်။ မြေဆွေးပြုလုပ်ရန် နည်းလမ်းများစွာရှိပြီး ထိုနည်းလမ်းများသည် ထင်ထားသည်ထက် ပိုမိုလွယ်ကူသည်။ မြေဆွေးပြုလုပ်ရာတွင် အကောင်းဆုံးသောအရာမှာ ပိုလျှံသဖြင့် စွန့်ပစ်လိုက်သော အစာအကြွင်းအကျန်အမှိုက်များနှင့် အိမ်သုံးအော်ဂဲနစ်ပစ္စည်းများဖြစ်သည်။ ၎င်းတို့ကို အမှိုက်ပုံသို့ပို့မည့်အစား မြေဩဇာအဖြစ် ပြောင်းလဲပေးသင့်သည်။

ထို့ပြင် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော သယ်ယူပို့ဆောင်ရေးနည်းလမ်းများကို အသုံးပြုတတ်အောင် သင်ကြားပေးခြင်း၊ ဖြစ်နိုင်ပါက ပတ်ဝန်းကျင်ကို အနှောင့်အယှက်အနည်းဆုံးဖြစ်စေသော သယ်ယူပို့ဆောင်ရေးမျိုးကိုသာ ရွေးချယ်ရန်ကြိုးစားသင့်ခြင်း၊ အများသူငါ သယ်ယူပို့ဆောင်ရေးကိုရွေးချယ်ရန် ကလေးကိုသင်ကြားပေးခြင်းသည် အနာဂတ်တွင် ကလေး၏စိတ်နေသဘောထားကို ပုံဖော်ပေးမည်ဖြစ်သည်။ ထို့ပြင် ဓာတ်ဆီအတွက် သုံးလေ့ရှိသောငွေကို သင်ချွေတာနိုင်လိမ့်မည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးခြင်းကဲ့သို့ စုပေါင်းစိုက်ပျိုးခြင်းများစသော စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုများမှာ ကလေးငယ်များနှင့် ၎င်းတို့၏မိသားစုလိုက် ပါဝင်ခြင်းက အနာဂတ်မျိုးဆက်များအတွက် ဂေဟစနစ်နှင့် လိုက်ဖက်သော လူ့အဖွဲ့အစည်းတစ်ခုကိုဖြစ်စေသည်။ အထူးသဖြင့် လှုပ်ရှားမှုများက ပျော်စရာကောင်းသည့်အခါ ကလေးငယ်များ၏ ဦးနှောက်က ကောင်းမွန်သောအချက်အလက်များကို မြန်မြန်စုပ်ယူပြီး ၎င်းဘဝတစ်လျှောက်လုံး လိုက်ပါဆောင်ရွက်သွားမည်ဖြစ်သည်။

ကလေးများသည် အနာဂတ်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ပညာရေးသည် ကျွန်ုပ်တို့၏လက်ထဲတွင်ရှိပြီး တတ်နိုင်သမျှ အကောင်းဆုံးသင်ကြားပေးခြင်းဖြင့် မှန်ကန်သော အသိပညာများရရှိသွားမည်ဖြစ်သည်။ ရေရှည်တည်တံ့ပြီး ဂေဟစနစ်သဟဇာတဖြစ်မည့် လူနေမှုပုံစံကို မည်ကဲ့သို့ဦးဆောင်ရမည်ကို သင်ကြားပေးခြင်းသည် ၎င်းတို့၏လုပ်ဆောင်ချက်များအတွက် တာဝန်ယူမှုနှင့် ပိုမိုကျန်းမာသောကမ္ဘာမြေကြီးကို ထိန်းသိမ်းနိုင်စေမည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

– **Why is Environmental Education so Important to Children**

# အမျိုးသမီးများ၏ အခွင့်အရေးနှင့်ဂုဏ်သိက္ခာ ကာကွယ်ပေးသည့်ဥပဒေများ(၁)

လူတိုင်းလူတိုင်းသည် မိမိတို့၏ရပိုင်ခွင့် အခွင့်အရေးများရှိသည်။ ထို့အတူ လုပ်ပိုင်ခွင့်အခွင့်အရေးများ၊ လိုက်နာရမည်များ၊ ရှောင်ကြဉ်ရမည်များရှိသည်။ ဂုဏ်သိက္ခာရှိသည်။ လူတစ်ဦးတစ်ယောက်၏ အခွင့်အရေးနှင့်ဂုဏ်သိက္ခာများကို မထိပါး မစော်ကားရန် လူတိုင်းလိုက်နာရမည့် လူ့ကျင့်ဝတ်များဖြစ်သည်။ လူဆိုသည်မှာ ကျား(ယောကျ်ား)၊ မ(မိန်းမ)၊ အမျိုးသား၊ အမျိုးသမီးဟူ၍လည်း ခွဲခြားထားသည်။ အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ မွေးရာပါအခွင့်အရေးများရှိသည်။ ဂုဏ်သိက္ခာရှိသည်။ အမျိုးသမီးများ၏ မွေးရာပါအခွင့်အရေးများနှင့်ဂုဏ်သိက္ခာကို မထိပါး မစော်ကားသင့်ပေ။ အမျိုးသမီးများ၏အခွင့်အရေးနှင့်ဂုဏ်သိက္ခာထိပါးစော်ကားခြင်းမှ ကာကွယ်ရန်အတွက် ပြဋ္ဌာန်းထားသည့်ဥပဒေများရှိသည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကိုးကွယ်သည့်နိုင်ငံဖြစ်သည်။ ယောကျ်ားနှင့်မိန်းမ တန်းတူအခွင့်အရေးရှိကြသည်။ ဗုဒ္ဓဘာသာကိုးကွယ်သည့် အမျိုးသမီးများသည် လယ်ယာစိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်း စသည့်လုပ်ငန်းကိစ္စအဝဝတွင် ခင်ပွန်းလင်ယောကျ်ားများနှင့် တန်းတူရင်ပေါင်တန်း၍ လုပ်ကိုင်ဆောင်ရွက်ကြသည်။ ထို့ပြင် လင်နှင့်မယားတို့သည် ပစ္စည်းဥစ္စာများနှင့်ပတ်သက်၍ အတူပိုင်ဆိုင်ကြသူများဖြစ်သည်။ ပူးတွဲပိုင်ဆိုင်သူများမဟုတ်ချေ။ လင်နှင့်မယားပေါင်းသင်းနေထိုင်စဉ် ဖြစ်ထွန်းလာသောပစ္စည်းဥစ္စာများသည် လင်သီးခြားပိုင်ဆိုင်ခွင့်မရှိပေ။ လင်နှင့်မယားအတူ ပိုင်ဆိုင်ကြသူများဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက် ဗုဒ္ဓဘာသာကိုးကွယ်သည့် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရှိကြသည်။ အခွင့်အရေးခွဲခြားခြင်းမရှိချေ။ အမျိုးသမီးများအခွင့်အရေးအပြည့်အဝရရှိကြသည်။

မြန်မာနိုင်ငံသည် ဗြိတိသျှနယ်ချဲ့တို့၏ ကျူးကျော်ခြင်းကို သုံးကြိမ်ခံရပြီးနောက် ဗြိတိသျှတို့၏ကိုလိုနီကျွန်ဘဝကျရောက်ခဲ့သည်။ ဗြိတိသျှနယ်ချဲ့တို့က အောက်မြန်မာပြည်တွင် လယ်ယာစိုက်ပျိုးရေးတိုးချဲ့လုပ်ကိုင်ရာတွင် အိန္ဒိယမှအလုပ်သမားအမြောက်အမြားခေါ်ယူပို့ဆောင်ပေးခဲ့သည်။ ထိုအချိန်မှစ၍ အိန္ဒိယလူမျိုးများသည် မြန်မာနိုင်ငံအတွင်းသို့ တံခါးမရှိ၊ ဓားမရှိ အချိန်မရွေးဝင်ထွက်သွားလာနိုင်သဖြင့် စီးပွားရှာရန်အတွက် နှစ်စဉ်အမြောက်အမြားဝင်ရောက်လာကြသည်။

မြန်မာနိုင်ငံအတွင်းရှိ အုပ်ချုပ်ရေးလုပ်ငန်းများနှင့် တကွ ကုန်ထုတ်လုပ်ငန်း၊ သတ္တုထုတ်လုပ်ရေးလုပ်ငန်း စသည်များတွင် နိုင်ငံခြားသားများဝင်ရောက်လုပ်ကိုင်ကြသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း နိုင်ငံခြားသား အိန္ဒိယနိုင်ငံသားများက စိုက်ပျိုးလုပ်ကိုင်ပြီး လယ်ယာမြေများစွာပိုင်ဆိုင်လာကြသည်။ အိန္ဒိယနိုင်ငံသားများသည် ကူလီလုပ်ငန်းမှ အစအားလုံးသောလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြသဖြင့် မြန်မာလူမျိုးများသည် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးလာပြီး အလုပ်လက်မဲ့ဘဝရောက်ရပေသည်။ မြန်မာလူမျိုးများသည် စားဝတ်နေရေးခက်ခဲလာသည်။ နိုင်ငံခြားသားများသည် စားဝတ်နေရေးခက်ခဲပြီး စီးပွားရေးအဆင်မပြေသည့် မြန်မာအမျိုးသမီးများနှင့် လက်ထပ်အိမ်ထောင်ပြုကြသည်။ တရုတ်လူမျိုး၊ အိန္ဒိယလူမျိုးတို့နှင့်လက်ထပ်အိမ်ထောင်ပြုကြသည်။ နိုင်ငံခြားသားများနှင့်လက်ထပ်ကြသော မြန်မာအမျိုးသမီးများ ဦးရေသည် တစ်နေ့တခြား တိုးပွားများပြားလာသည်။ ထိုသို့ နိုင်ငံခြားသားများနှင့်အိမ်ထောင်ပြုကြသော မြန်မာအမျိုးသမီးများ များပြားလာမှုကြောင်း **"အမျိုးပျောက်မှာစိုးကြောက်လှသည်"**ဟု တေးသီချင်းစပ်ဆိုသတိပေးရသည်ထိဖြစ်လာသည်။ မြန်မာမင်းမှုထမ်းဟောင်း ဒီပဲရင်းဝန်ထောက် ဦးမြက **"မြေမျို၍ လူမျိုးမပြုတ်၊ လူမျိုးမှ လူမျိုးပြုတ်မည်"** ဟု ပြောကြားခဲ့သည်။

မြန်မာအမျိုးသမီးများသည် တရုတ်လူမျိုးများနှင့် လက်ထပ်သည်မှာ ပြဿနာအထူးမပေါ်ပေါက်သော်လည်း အိန္ဒိယလူမျိုးများနှင့်လက်ထပ်သော အမျိုးသမီးများသည် **ဘာသာတူတရားဝင်ဇနီးမယားဖြစ်အောင် ဗုဒ္ဓဘာသာကိုစွန့်ပယ်ကြရသည်။** လင်ယောကျ်ားကိုးကွယ်ရာဘာသာသို့ ကူးပြောင်းဝင်ကြရသည်။ နိုင်ငံခြားသားများသည် ၎င်းတို့နိုင်ငံတွင် မယားကြီးရှိထားသဖြင့် မြန်မာအမျိုးသမီးများမှာ မယားအငယ်အနှောင်းဘဝဖြင့် နေထိုင်ကြရသည်။ လင်ယောကျ်ားသေဆုံးသည့်အခါဖြစ်စေ၊ လင်မယားကွဲသောအခါဖြစ်စေ၊ လင်က ၎င်းနိုင်ငံသို့ပြန်သွားသည့်အခါဖြစ်စေ မြန်မာအမျိုးသမီးများမှာ မယားအခွင့်အရေးအပြည့်အဝမရကြဘဲ လင်ပေးသမျှသာ ရရှိခွင့်ရှိသည်။

ဤသို့ နိုင်ငံခြားသားများနှင့်အိမ်ထောင်ပြုကြသော မြန်မာအမျိုးသမီးများသည် အတူပေါင်းသင်းနေထိုင်စဉ် ဖြစ်ထွန်းသောပစ္စည်းဥစ္စာများတွင် အတူပိုင်ဆိုင်ခွင့်မရရှိဘဲ အမျိုးသမီးများ၏အခွင့်အရေးများဆုံးရှုံးနစ်နာနေသည်။ မြန်မာအမျိုးသမီးများ အခွင့်အရေးဆုံးရှုံးနစ်နာမှုများကို ဥပဒေဖြင့် အကာကွယ်ပေးရန် အစိုးရထံအကြိမ်ကြိမ်တောင်းဆိုသော်လည်း အစိုးရ(ဗြိတိသျှ)က မည်သို့မျှဆောင်ရွက်ပေးခြင်းမရှိဘဲ လျစ်လျူရှုနေကြသည်။

ထို့ကြောင့် မြန်မာလူမျိုးအမတ် ဦးဘအုန်းနှင့် အိန္ဒိယလူမျိုးအမတ် ကေစီဘိုစ်တို့က ၁၉၃၇ ခုနှစ် ဩဂုတ်လတွင်ကျင်းပပြုလုပ်သော ဥပဒေပြုကောင်စီ အစည်းအဝေးတွင် ဗုဒ္ဓဘာသာဝင်မြန်မာအမျိုးသမီးများ လက်ထပ်ထိမ်းမြားရေးနှင့် အမွေဆက်ခံရေး ဥပဒေကြမ်းကို တင်သွင်းသည်။ ဥပဒေပြုကောင်စီ အစည်းအဝေးတွင် အပြန်အလှန်ဝေဖန်ဆွေးနွေးကြပြီး ထောက်ခံကြသဖြင့် **"ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ"**(၁၉၃၉ ခုနှစ် မြန်မာနိုင်ငံဥပဒေအမှတ်-၂၄ )ဖြင့် အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။

**"ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ"**အရ နိုင်ငံခြားသားများနှင့် လက်ထပ်ကြသော ဗုဒ္ဓဘာသာဝင်မြန်မာတိုင်းရင်းသား အမျိုးသမီးများသည် လက်ထပ်ခြင်း၊ ကွာရှင်းပြတ်စဲခြင်း၊ အမွေဆက်ခံပိုင်ခြင်းစသောအခွင့်အကျိုးခံစားခွင့် အမျိုးသမီးများအခွင့်အရေးအပြည့်အဝခံစားရရှိသော်လည်း လင်ယောကျ်ားကိုးကွယ်ရာဘာသာသို့ ကူးပြောင်းသွားခြင်းကြောင့် လက်တွေ့လိုက်နာကျင့်သုံးမှုမရှိ အားနည်းနေသည်။

ထို့ကြောင့် ၁၉၅၄ ခုနှစ် အက်ဥပဒေအမှတ်-၃၂ ဖြင့် **"ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ"**ကို ပြဋ္ဌာန်းခဲ့သည်။ ၎င်းဥပဒေပုဒ်မ-၃၁ တွင် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ (၁၉၃၉ ခုနှစ် မြန်မာနိုင်ငံအက်ဥပဒေအမှတ်-၂၄) ကိုဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်ဟု ပြဋ္ဌာန်းထားသည်။ ၁၉၃၉ ခုနှစ် မြန်မာနိုင်ငံအက်ဥပဒေအမှတ်-၂၄ ကို ၁၉၅၄ ခုနှစ် အက်ဥပဒေအမှတ်-၃၂ ဖြင့် ရုပ်သိမ်းလိုက်သည်။

**❖ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေအရ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးနှင့် လက်ထပ်ထိမ်းမြားသော ဗုဒ္ဓဘာသာဝင်မိန်းမ၏ ရပိုင်ခွင့်အခွင့်အရေးသည် ဗုဒ္ဓဘာသာဝင်မြန်မာ့ဓလေ့ထုံးတမ်း(မိသားစု)ဥပဒေအခွင့်အရေးများ အပြည့်အဝရရှိပေမည်။ ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေသည် ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများ၏ အခွင့်အရေးနှင့်ဂုဏ်သိက္ခာကို အပြည့်အဝ ကာကွယ်ပေးသော ဥပဒေဖြစ်ပေသည်။ ❖**

၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေပုဒ်မ-၂၂ တွင် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားက ဗုဒ္ဓဘာသာဝင်မိန်းမကို ထိမ်းမြားရန်ကတိပြုလျှင် ဤဥပဒေအရထိမ်းမြားရန် ကတိပြုသည်ဟု မှတ်ယူရမည်။

ပုဒ်မ -၂၃ တွင် ဟိန္ဒူဘာသာ၊ ဆိ(ခ်)ဘာသာ၊ ဂျိန်းဘာသာတစ်ရပ်ရပ်ကို ကိုးကွယ်သော ပစ္စည်းမခွဲဝေရသေးသည့် အိမ်ထောင်စုဝင်တစ်ဦးတစ်ယောက်သည် ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဤအက်ဥပဒေအရ ထိမ်းမြားလျှင် သို့တည်းမဟုတ် ထိမ်းမြားခဲ့သည်ဟုမှတ်ယူခြင်းခံရလျှင် ထိုသူသည် ထိုအိမ်ထောင်မှခွဲခွာပြီဟု မှတ်ယူရမည်။ ထို့ပြင် ပစ္စည်းခွဲဝေခြင်းမပြုမီ ထိုသူသေဆုံးလျှင် ထိုသူ၏ မယားနှင့်သား၊ သမီးများသို့ သက်ရောက်ရမည်။

ပုဒ်မ-၂၄ (၁)တွင် ဤအက်ဥပဒေအရ ထိမ်းမြားသူတို့၏ သို့တည်းမဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရသူတို့၏ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်းသောကိစ္စအားလုံးကို ထိုသူတို့နှင့်ထိုသူတို့၏မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ ဗုဒ္ဓဘာသာဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့်အမွေဆက်ခံမှု အက်ဥပဒေအရ ဗုဒ္ဓဘာသာဝင်မြန်မာတိုင်းရင်းသား အမျိုးသမီးတစ်ဦးသည် နိုင်ငံခြားသားနှင့် လက်ထပ်ထိမ်းမြားပါက တရားဝင်ဇနီးမယားဖြစ်ရန်အတွက် ဗုဒ္ဓဘာသာကိုစွန့်ပယ်၍ လင်ယောကျ်ားကိုးကွယ်ရာဘာသာကို ကူးပြောင်းကိုးကွယ်ရန် မလိုအပ်တော့ချေ။ လက်ထပ်ထိမ်းမြားရာတွင် နည်းလမ်းတကျထိမ်းမြားမှုမှတ်ပုံတင်အရာရှိထံ လက်ထပ်ထိမ်းမြားရန်သာလိုအပ်သည်။

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိဆိုသည်မှာ ရွာသူကြီးများကိုခန့်အပ်ထားသည်။ ယနေ့ခေတ်တွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေအရ ထိမ်းမြားမှုမှတ်ပုံတင်အရာရှိများဖြစ်ပေသည်။ မှတ်ပုံတင်အရာရှိများကို အကြောင်းကြားစာပုံစံများနှင့်ထိမ်းမြားမှု သက်သေခံမှတ်ပုံတင်စာအုပ်များကို ပေးအပ်ထားသည်။

ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦး ထိမ်းမြားရန်ကြံရွယ်သည့်အခါ ၁၄ ရက်ထက်မနည်းနေထိုင်လျက်ရှိသည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိထံ ပြဋ္ဌာန်းထားသည့်ပုံစံဖြင့် အကြောင်းကြားစာပေးပို့ရမည်။ အကြောင်းကြားစာပုံစံကို မှတ်ပုံတင်အရာရှိထံတောင်းယူလျှင်ရနိုင်သည်။ မှတ်ပုံတင်အရာရှိသည် သတ်မှတ်ချက်များဖြင့်ပြည့်စုံပြီး ကန့်ကွက်သူမရှိလျှင် သက်ဆိုင်သူနှစ်ဦးကို ထိမ်းမြားပေးနိုင်သည်။ ထိုသို့ ထိမ်းမြားမှုမှတ်ပုံတင်အရာရှိထံ ထိမ်းမြားလက်ထပ်လျှင် ဗုဒ္ဓဘာသာကိုစွန့်ပယ်ရန်မလို၊ လင်ယောကျ်ားကိုးကွယ်ရာဘာသာကိုလည်း ကူးပြောင်းရန်မလိုအပ်ဘဲ တရားဝင်ဇနီးမယားဖြစ်သည်။

ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေအရ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးနှင့်လက်ထပ်ထိမ်းမြားသော ဗုဒ္ဓဘာသာဝင်မိန်းမ၏ ရပိုင်ခွင့်အခွင့်အရေးသည် ဗုဒ္ဓဘာသာဝင် မြန်မာ့ဓလေ့ထုံးတမ်း(မိသားစု)ဥပဒေအခွင့်အရေးများအပြည့်အဝရရှိပေမည်။ ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေသည် ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများ၏ အခွင့်အရေးနှင့်ဂုဏ်သိက္ခာကို အပြည့်အဝကာကွယ်ပေးသော ဥပဒေဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးနှင့် လက်ထပ်သောဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးသည် ဘာသာတူတရားဝင်ဇနီးမယားဖြစ်အောင် ဗုဒ္ဓဘာသာကိုစွန့်ပယ်ပြီး လင်ယောကျ်ားကိုးကွယ်ရာဘာသာသို့ ကူးပြောင်းသွားသည့် ဗုဒ္ဓဘာသာဝင်မိန်းမ၏ ရပိုင်ခွင့်အခွင့်အရေးသည်မြန်မာ့ဓလေ့ထုံးတမ်း(မိသားစု) ဥပဒေပါအခွင့်အရေးများမရရှိပေ။ လင်ယောကျ်ားကိုးကွယ်ရာဘာသာတရားဥပဒေအရသာလျှင် အခွင့်အရေးသာရရှိမည်ဖြစ်သည်။ ရရှိသည့်အခွင့်အရေးများ မတူညီပေ။

ဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးသည် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားတစ်ဦးနှင့် ထိမ်းမြားလက်ထပ်ရာ တရားဝင်ဇနီးမယားဖြစ်အောင် ဗုဒ္ဓဘာသာကိုစွန့်ပယ်၍ လင်ယောကျ်ားကိုးကွယ်ရာဘာသာသို့ ကူးပြောင်းခြင်းဖြင့် ဗုဒ္ဓဘာသာဝင် ဇနီး၊ မယားတစ်ဦး၏ ရပိုင်ခွင့်အခွင့်အရေးများ များစွာဆုံးရှုံးနစ်နာရလေသည်။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးနှင့်ထိမ်းမြားလက်ထပ်မည့် ဗုဒ္ဓဘာသာဝင်အမျိုးသမီးတစ်ဦးသည် မိမိ၏ရပိုင်ခွင့် အခွင့်အရေးပြည့်ပြည့်ဝဝရရှိခံစားနိုင်စေရန် ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့်အမွေဆက်ခံမှုအက်ဥပဒေအရ ထိမ်းမြားမှုမှတ်ပုံတင်အရာရှိထံတွင် ဥပဒေနည်းလမ်းများနှင့်အညီ ထိမ်းမြားသင့်ပါကြောင်း အကြံပြုရေးသားတင်ပြအပ်ပါသည်။

**ရွှေနေ-ဦးဝင်းကြည်(စဥ္စကိုင်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး:**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး:**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး:**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ အောင်မြင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဖြစ်ရန်အတွက် ထုတ်လုပ်သည့် ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရန်နှင့်ထုပ်ပိုးမှုများ အဆင့်မီအောင် ဆောင်ရွက်၍ သုံးစွဲသူများ စိတ်ပါဝင်စားမှုရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်...

❖ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရန်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းအရည်အသွေးပိုမိုကောင်းမွန်ရန်လိုအပ်မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်မှသာ မိမိတို့၏ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ပြုလုပ်သော မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြား



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ငါးနှစ်သင်တန်း၊ အမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။**

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ငါးနှစ် သင်တန်း အမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ငုရွှေဝါခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

ဇမ္ဗူလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ဥသြစ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် — နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ဟသိင်္ဂ



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု